

စကြည့်တိုက် ကာဒိုသခင်
(ယဲ့ရှောင်)
ဘာသာပြန် စာရေးဆရာ - ဆည်းဆာမှင်တံ

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၁ သူ့ရှေ့မှာဆို အံ့ဖွယ်ဂိုဏ်းတောင်ကြောက်ရတယ်။

" လျိုချန်စွင်းလား။ သူက သိပ်အစွမ်းထက်လား "

လီလျိုဆွေ့က မျက်ခုံး အနည်းငယ် ပင့်မိသွား၏။ သူက လုချင်ရှန်းနှင့် မတူညီပေ။ လုချင်ရှန်းက ကိစ္စရပ်အသစ်များကို အနည်းငယ် နားလည်သဘောပေါက်ပေ၏။ တစ်ဖက်တွင် သူက သိုင်းရူးစစ်စစ် ဖြစ်သည်။ ကျင့်ကြံခြင်းမှအပ

ဤလောကကြီးရှိ ကျန်သည့်အရာများကို နားလည်သဘောပေါက်ခြင်း မရှိပေ။

ဖာ့ကျန်းက အနည်းငယ် တိတ်ဆိတ်သွားလေ၏။ အကြောင်းမှာ သူ မည်ကဲ့သို့ ရှင်းပြရမည်မှန်း မသိသောကြောင့် ဖြစ်သည်။

လျိုချန်စွင်းက အမှန်တကယ် အလွန်သန်မာပြီး သူ့ထက် ပိုသန်မာ၏။ သို့သော်ငြား လီလျိုဆွေ့ရှေ့တွင်မူ သူက ဘာမှမဟုတ်တော့ဟု ထင်ရသည်။ ယခုအချိန်၌ သူ့ကို ဖော်ပြရန် မည်သည့် စကားလုံး သုံးရမည်မှန်း မသိတော့ပေ။

သူ့ဘေးရှိ အိန္ဒိယ ဗုဒ္ဓသားတော် အာရုန်က ရှင်းပြလိုက်၏။

" လတ်တလော နောက်ပိုင်းနှစ်တွေမှာ နာမည်ကြီးလာတဲ့ လျှိုချန်စွင်းက ဟန်နိုင်ငံရဲ့ ကျော်ကြားတဲ့ ခါးသူတော်စင်တစ်ယောက်ပဲ။ သူက ရှန်းထျန်းအဌမအဆင့် အံ့ဖွယ်ချီရှန်းတစ်ယောက်။ သူက ကမ္ဘာ့နဂါးစာရင်းမှာ အရင်တုန်းက အဆင့် ၄၉ ရထားတယ်။ ဒါပေမဲ့ အခု အဆင့် ၅၀ ရောက်သွားပြီ "

" အဲ့ဒါက သူက စီနီယာ ခါးမော့ခါးဝိဇ္ဇာကို ရှုံးနိမ့်ခဲ့တာကြောင့်ပဲ။  စီနီယာ ခါးမော့ခါးဝိဇ္ဇာက ပေါ်တောင် ပေါ်လာမခဲ့ဘူး။ သူ့ရဲ့ခါးဆန္ဒကို ပန်းတစ်ပွင့်ထဲမှာ ဝှက်ထားလိုက်ပြီး အလွယ်တကူ အနိုင်ယူသွားတာ "

" အော် "

လီလိုျဆွေ့က အော်ဟုသာ ပြောလျက် ငှင်းကိုအလေးမထားပေ။

လိုျချန်စွင်းက ရှန်းထျန်းနဝမအဆင့်တွင် ရှိလျှင် သူက အလေးထားလောက်သည်။

သူသည် ရှန်းထျန်းနဝမအဆင့်တောင် မရောက်တာ နှမြောစရာကောင်းလှပေ၏။ ထိုသို့ဆိုလျှင် သူ့အတွက် ဘာမှ ဂရုစိုက်စရာ ရှိတော့ပုံ မရပေ။

ရှန်းထျန်း နဝမအဆင့်။ ယင်းက အနည်းငယ် ပိုအားနည်းနေလျှင် သူက ကြည့်ဖို့ စိတ်ထဲတောင် ထားမှာ မဟုတ်ပေ။

ရှန်းထျန်း အငှမအဆင့်နှင့် ရှန်းထျန်း
နဝမအဆင့်ကြား ကွာဟချက်က မိုးနှင့်မြေပမာ
ကွာဟလှပေ၏။

သူသည် စီနီယာ ခါးမော့ခါးဝိဇ္ဇာ၏ ရုပ်ထုကို
ကြည့်ပြီး စကားနှစ်ခွန်းကို ရေရွတ်ပြောလိုက်၏။

" ဒါနဲ့ ပြောနေရင်းနဲ့
ဒီခါးမော့ခါးဝိဇ္ဇာကအရည်အချင်းတချို့ရှိပုံပဲ။
သူက ခါးဆန္ဒကို နှင်းဆီတစ်ပွင့်ထဲမှာ တကယ်ကြီး
ထည့်ထားနိုင်တာ။ ဒီအဖိုးကြီးကတော့ သူ့ကို
ပိုပိုပြီး စိတ်ဝင်စားလာပြီ "

လီလျိုဆွေ့က ပြောလိုက်၏။

အမှန်တကယ်တွင် သူ၏ ကျင့်ကြံခြင်းသည် သူ၏ အဆင့်သို့ ရောက်လာပြီးနောက် အချို့သော ကဏ္ဍများအရ ပြိုင်ဘက်၏ ခွန်အားကို အလွယ်တကူခွဲခြမ်းစိတ်ဖြာနိုင်၏။ သူ၏ ပျမ်းမျှ ခွန်အား မည်သို့ ရှိမည်နည်း။

ပန်းပွင့်ထဲ၌ ဓါးဆန္ဒကို ဝှက်ထားနိုင်ခြင်းသည် ရှန်းထျန်းနဝမအဆင့်၏ အထွတ်အထိပ်တွင် ရှိလောက်၏။ သူက ရှန်းထျန်း နဝမအဆင့် အထွတ်အထိပ်တွင် ရှိစဉ်က သူသည် ၄င်းကို အလွယ်တကူ ပြုလုပ်နိုင်သည်။

ထို့ကြောင့် ဘာမှ ထူးကဲနေတာ မရှိပေ။ သို့သော်ငြား စီရင်စုဇုခုထဲ၌ အံ့ဖွယ်ဂိုဏ်း၏

အထွတ်အထိပ်သို့ ရောက်သည့် ပုဂ္ဂိုလ်များစွာ မရှိပေ။ ထို့ကြောင့် အနည်းနှင့်အများတော့ တစ်ဖက်သူ မည်သူဆိုတာ သူ မြင်တွေ့ချင်သည်။

အမှန်တကယ်တွင် သူ၏ ခွဲခြမ်းစိတ်ဖြာမှုက ရင်းနှီးနေသည့်တိုင် အနည်းငယ် ချို့တဲ့နေသေး၏။ သူ ပြီးပြည့်စုံစွာ မခွဲဖြာနိုင်သရွေ့ အစိတ်အပိုင်းအချို့ ရှိသည်။

ပြောရလျှင် ထိုစဉ်က ယွဲ့ရှောင်၏ ကျင့်ကြံမှုသည် ရှန်းထျန်း အဌမအဆင့်တွင်သာ ရှိသေးသည်။ သို့သော်ငြား သူသည် အဆင့်တူကြားထဲ ပြိုင်ဘက်ကင်းသောကြောင့် တိုက်ခိုက်ရန် တစ်ဆင့်ကျော်နိုင်၏။ ထိုစဉ်က သူ၏

နည်းစနစ်များသည် ရှန်းထျန်းနဝမအဆင့်နှင့်
ညီတာ ဖြစ်လောက်သည်။ ထိုရှုထောင့်အရ
လီလျိုဆွေ့၏ ဝေဖန်ပိုင်းခြားမှုသည်လည်း
ဆင်တူနေပေ၏။ သို့သော်ငြား သူက
ဒုတိယအချက်ကို ဝေဖန်ပိုင်းခြားနိုင်ခဲ့ခြင်း မရှိပေ။
ယင်းက ယဲ့ရှောင်၏ ပါရမီပဲ ဖြစ်သည်။

ယဲ့ရှောင်သည် ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ဦး
ဖြစ်လာချေပြီ။ သို့သော် ထိုအချက်ကို သူက
ခွဲခြမ်းစိတ်ဖြာနိုင်ခြင်း မရှိပေ။

" စီနီယာ လီ သွားကြရအောင်။ ခင်ဗျားအတွက်
ဗုဒ္ဓကျမ်းတချို့ ရွေးပေးမယ် "

လီလျိုဆွေ့က ခေါင်းညိတ်လိုက်၏။

လက်ရှိတွင် သူ၏ ခန္ဓာကိုယ်ထဲရှိ

နတ်ဆိုးသဘာဝကို အလွယ်တကူ မဖိနှိပ်နိုင်ပေ။

ထို့ကြောင့် သူ့ခန္ဓာကိုယ်ထဲရှိ နတ်ဆိုးသဘာဝကို

ဖိနှိပ်ပြီး သူ့ကို သတ်ဖြတ်လိုစိတ်ကို

ဖိနှိပ်နိုင်ရန်အတွက် ဗုဒ္ဓကျမ်းစာအချို့လိုအပ်သည်။

သုံးယောက်သားက စာကြည့်တိုက်ဆီ

လျှောက်သွားပြီး စတုတ္ထအလွှာဆီသို့

တန်းသွားလိုက်၏။

လီလျိုဆွေ့က အနည်းငယ် ဇဝေဇဝါ

ဖြစ်သွားတော့သည်။

" ဘာကြောင့် တခြားတစ်လွှာမှာ မဟုတ်တာလဲ။

ဒီအလွှာကို ဘာကြောင့် လာတာလဲ။

တတိယအလွှာမှာ ဗုဒ္ဓကျမ်းစာတချို့

တွေ့ခဲ့တယ်လေ "

ဖုန့်ကျန်းက ပြုံးလိုက်၏။

" ရှောင်လင်က ပို့လိုက်တဲ့ ဗုဒ္ဓကျမ်းစာတွေက

စာကြည့်တိုက်ရဲ့ တတိယအလွှာမှာ ရှိနေတယ်။

ဒါပေမဲ့ အများစုက တတိယအလွှာနှင့် အထက်မှာ

ရှိတာ။ ဒါ့အပြင် စတုတ္ထအလွှာမှာ ဒီရဟန်းအိုရဲ့

မိတ်ဆွေကောင်းတစ်ယောက် ရှိတယ်လေ။

ဒီရဟန်းအိုက သူ့ကိုလည်း သွားရှာချင်လို့ "

" ငါ သိပြီ "

သုံးယောက်သားက ယွဲ့ရှောင်ရှေ့သို့
ရောက်သောအခါ ယွဲ့ရှောင်နှင့် လျိုချန်စွင်းတို့
စကားပြောနေတာကို တွေ့လိုက်ရ၏။

" မစ္စတာ ယွဲ့ "

ယွဲ့ရှောင်သည် ရုတ်တရက်
ကြားဖြတ်ပြောခံလိုက်ရချိန်၌ တစ်ဖက်သူကို
လှည့်ကြည့်လိုက်၏။ လျိုချန်စွင်းက မျက်ခုံး
အနည်းငယ် ပင့်သွားသည်။

သို့သော်ငြား ဖု့ကျန်းနှင့် အာရုန်ကို မြင်ရချိန်၌ သူ
အဆင်ပြေနေသေး၏။ သို့သော် ဖု့ကျန်းနောက်ရှိ
လီလျိုဆွေ့ကို မြင်တွေ့သည့်အချိန်၌ သူ၏
ခန္ဓာကိုယ်က ချက်ချင်း တုန်ယင်သွားကာ

သူငယ်အိမ်တို့ ကျုံ့ကုန်၏။ သူ စကားတစ်ခွန်းတောင် မပြောနိုင်တော့ပေ။

ဒါ ဒါ ဒါက။

ဖော့ကျန်းက သူ၏ ပြောင်းလဲမှုကို သတိမပြုမိပေ။ သူ၏ အကြည့်က ယွဲ့ရှောင်ဆီတွင်သာ တစ်ချိန်လုံး ရောက်နေ၏။

" ဒီနေ့ ဆရာတော်က လာလည်ဖို့ ဘာကြောင့် အချိန်ရနေတာလဲ "

ယွဲ့ရှောင်သည် တစ်ချက်ကြည့်ရုံဖြင့် လီလျိုဆွေ့၏ အဆင့်ကို ပြောနိုင်သည်။

ရှန်းထျန်းနဝမအဆင့် အထွတ်အထိပ်၏
မဟာအသိုင်းအဝိုင်းအထက်
ဘုရင်နယ်ပယ်အဆင့်အောက် သိုင်းပညာရှင်တစ်ဦး
ဖြစ်သည်။ သူ၏ သွင်ပြင်ကို ကြည့်ပြီး သူက
လတ်တလောမှာ အဆင့်တက်ရန်
ကြိုးစားထားတာဖြစ်ပြီး မအောင်မြင်ခဲ့တာ
ဖြစ်လောက်သည်။

ယခုအချိန်တွင် စီရင်စုဇုခုထဲ၌ ထိုကဲ့သို့ သူ
နှစ်ယောက်ထက် ပိုမရှိလောက်ပေ။

ထို့အပြင် သူ၏ ခန္ဓာကိုယ်ထဲ၌ နတ်ဆိုးစွမ်းအင်
ဖျော့ဖျော့ရှိနေပြီး ဖှာ့ကျန်းက သူ့ကို

လိုက်ပါပို့ဆောင်ပေးနေ၏။ ယင်းက ဖြစ်နိုင်ချေများသည်။

ခါးနတ်ဘုရား လီလျိုဆွေ့။

" နုံချာတဲ့ ရဟန်းအိုက အောက်ထပ်မှာ ကပ်ထားတဲ့ စာကို သတိပြုမိလိုက်လို့လေ။ မစ္စတာ ယွဲ့။ ရာထူး ထပ်တိုးသွားပြန်ပြီ။ ဒါကြောင့် ဒီရဟန်းအိုက လာဂုဏ်ပြုတာပါ "

" ကျေးဇူးပါဗျာ "

" အား ... ဟုတ်သား။ ဒီရဟန်းအိုက ရှောင်လင်ကို ပြန်သွားတဲ့အချိန် မစ္စတာ ယွဲ့ဆီကို ထားခဲ့တဲ့ အဲ့ဒီသိုလှောင်လက်စွပ် "

" ကျွန်တော် အဲ့ဒီ သိုလှောင်လက်စွပ်ကို ယူမထားဘူး။ ဘာလို့လဲဆိုတော့ လေ့လာဖို့အတွက် ကျုံးမြို့ကို တစ်လလောက် သွားရတာလေ။ ဒီနှစ်ရက်အတွင်းမှာ ပြန်ရောက်လာတာ။ ဒါကြောင့် ဒါရိုက်တာ အိုးရန်လက်ထဲမှာ ရှိသေးတယ် "

" သိပြီ။ ဒါဆိုရင် ဒီရဟန်းအိုက သူ့ကို အခု သွားရှာလိုက်ဦးမယ်။ ကျုပ် အခု သွားခွင့်ပြုပါဦး "

ယွဲ့ရှောင်က ခေါင်းညိတ်လိုက်၏။ ဖာ့ကျန်းက လီလျိုဆွေ့နှင့် ထပ်သွား၏။ အာရုန်ကမူ မထွက်သွားပေ။ သူက ထိုဧရိယာတွင် လေ့လာရန်အတွက် စာအုပ်များကို ချက်ချင်း စရှာလိုက်၏။

" မင်္ဂလာပါ။ စီရင်စုဇုခုရဲ့ ဘာသာစကားကို သင်ယူဖို့အတွက် စီရင်စုဇုခု ဘာသာစကားအကြောင်း စာအုပ်တချို့ ကျူပ်ရှာနေတာပါ။ ဘယ်နေရာမှာ ရှာလို့ရမလဲဆိုတာ သိလို့ရမလား "

အာရုန်သည် စီရင်စုဇုခု ဘာသာစကားနှင့် ရောထွေးလျက် အိန္ဒိယစကားကို ပြောလိုက်တာဖြစ်သည်။ သူက သိပ်အသားမကျပေ။ လက်ဟန်များလည်း သုံးပြီး မေးလိုက်၏။

"   "

" လောင်လျို .. သူတို့ ဘာသာစကား မသိဘူးလား "

" ငါ မသင်ဖူးဘူးလေ။ ငါ့အတွက် သင်လို့ အကျိုးမှ မထူးတာ။ ငါက စီရင်စုဇုခုမှာ မွေးလာပြီးတော့ ဟန်နိုင်ငံကို သွားလိုက်တာ "

ယွဲ့ရှောင်သည် တစ်ဖက်သူ၏ ဦးနှောက်ကို ဝိညာဉ်စွမ်းအင်ဖြင့် စစ်ဆေးကြည့်ရန် ကြိုးစားလိုက်၏။ ဒီတော့မှ အာရုန်သည် စီရင်စုဇုခု ဘာသာစကားကို သင်ယူချင်နေအကြောင်း သူ နားလည်သွား၏။

" သူက ငါတို့ရဲ့ ဘာသာစကားကို သင်ယူချင်နေတာလား။ အခြေခံ သင်ယူဖို့အတွက် သူ့အတွက် စာအုပ်တချို့ ရွေးပေးဖို့ မင်းရဲ့ လူတွေကို ပြောလိုက် "

" ဟုတ်ပြီ "

လျိုချန်စွင်းက အနားတွင် အော်လိုက်လေ၏။ မကြာမီ၌ ကြီးကြပ်သူလေးတစ်ဦးက ပြေးလာတော့သည်။ လျိုချန်စွင်း၏ အမိန့်အောက်တွင် သူက အာရုန်ကို စာအုပ်များ ကြည့်ရန် ခေါ်သွားတော့သည်။

အာရုန်၏ စိတ်အားထက်သန်နေသော အကြည့်ကို မြင်ပြီး လျိုချန်စွင်းက သက်ပြင်းမချပဲ မနေနိုင်တော့ချေ။

" စီရင်စုဇခုကို ရောက်လာတဲ့ လူတိုင်းက ဒီနေရာရဲ့ ယဉ်ကျေးမှုကြောင့် ဆွဲဆောင်ခံလိုက်ရတယ်။ ဒီအာရုန်က နောင်ကြ စီရင်စုဇခုကနေ

မထွက်သွားနိုင်ချေက မြင့်နေတာ။ မင်း မတွေ့ဘူးလား။ သူက ငါတို့ ဘာသာစကားကို ပြောတဲ့အချိန် သူ့ရဲ့မျက်လုံးထဲမှာ အလင်းတွေ ပြည့်နေတာပဲ "

" သူ့မှာ ဗီဇာ မရှိဘူးလား။ ဗီဇာသက်တမ်း ကုန်သွားပြီးရင် သူ ပြန်သွားရမှာပဲမလား "

" သူ့ကို ကြည့်လေ။ သူက ငါတို့ ဘာသာစကားကို သင်ယူဖို့ ပြင်နေတာ။ ပြီးတော့ စီရင်စုဇုခုကို ဝင်ဖို့ စာမေးပွဲ ဖြေလောက်တယ်မလား။ သူလိုမျိုး အဆင့်မြင့် ရှန်းထျန်း ဆဌမအဆင့် သိုင်းပညာရှင်တစ်ယောက်အတွက် ပါရမီရှင်လည်း

ဖြစ်တဲ့သူအတွက် စီရင်စုဇုခုကို သူ ဝင်လာတာ ပြဿနာ မရှိလောက်ဘူးလေ "

" ဒီသားရဲကပ်ဘေး ပြီးသွားရင် ငါလည်း စီရင်စုဇုခုကို ဝင်ဖို့ တွေးထားတာ "

" ဒါပေမဲ့ အခု မလုပ်နိုင်ဘူး။ ပြောရရင် ဟန်နိုင်ငံက ငါ့ကို နှစ်ပေါင်းများစွာ ပျိုးထောင်လာခဲ့တာ။ သားရဲကပ်ဘေးက အန္တရာယ် ကျရောက်တော့မှာ။ အခု ဟန်နိုင်ငံကနေ မထွက်သွားနိုင်ဘူး။ အနည်းဆုံးတော့ ဒီတစ်ခေါက် သားရဲကပ်ဘေးမှာ သူတို့ ရှင်သန်အောင် ကူညီပေးရမယ် "

" မဟုတ်ရင် ရှေ့တန်းမှာ ခံတပ်ကို ထိန်းထားပေးမဲ့ အုံ့ဖွယ်ဂိုဏ်း မရှိပဲ ဟန်နိုင်ငံတစ်ခုလုံးက ရှင်းထုတ်ခံရလောက်တယ် "

ယွဲ့ရှောင်က ခေါင်းညိတ်လိုက်၏။

ထိုအကြောင်းကြောင့် လူများစွာသည် စီရင်စုဇုခုကို ဝင်လာကြပြီး သူတို့က ပါရမီရှင်များတောင် ဖြစ်နေလျက် စီရင်စုဇုခုအတွက် ကိစ္စကောင်းတစ်ရပ်လည်း ဖြစ်သည်။ ယင်းက စီရင်စုဇုခုကို ပိုမိုသန်မာလာစေ၏။ သူတို့က အမှိုက်များဆိုလျှင် ထိုသို့ဖြစ်မှာမဟုတ်။ စီရင်စုဇုခုသည် အမှိုက်များ ခိုလှုံရာ မဟုတ်ပေ။

" ဒါနဲ့ စကားမစပ် ခုနတုန်းက ဖှာ့ကျန်း ဘေးက လူကို သတိပြုမိလား "

" တိတ်ဆိတ်နေတဲ့ အဖိုးကြီးလား "

" ဟုတ်တယ်။ သူပဲ "

လျိုချန်စွင်း၏ အမူအယာက ရုတ်တရက် လေးနက်တည်ကြည်သွားသည်။

" အဲ့ဒီလူက သာမန်လူ မဟုတ်ဘူး။ ငါတောင် သူ့ရဲ့ အရှိန်အဝါ ကြောက်မက်ဖွယ်ကောင်းတယ်လို့ ခံစားမိတယ်။ မင်းရဲ့ကျင့်ကြံမှုက အားနည်းလွန်းတာကြောင့် အဲ့ဒီ ခံစားချက်ကို

မသိလောက်ဘူး။ မင်းရဲ့ခွန်အားက ဟိုဲ့ထျန်း ဆင့မအဆင့်ပဲ ရှိတာကိုး "

" သူ့ရှေ့မှာဆို မင်းက သဲကန္တာရထဲမှာ ရှိနေသလိုပဲ။ ဒီတောင်ကြီး ဘယ်လောက်မြင့်လဲ။ ဘယ်လောက်ကြီးသလဲဆိုတာ မမြင်နိုင်ဘူး "

" စစ်မှန်တဲ့ သိုင်းပညာရှင်တစ်ယောက်ပဲ သူ့ရဲ့ ခွန်အားနဲ့ ကြောက်မက်ဖွယ်ကောင်းမှုကို ခံစားမိနိုင်တာ "

" လတ်တလောမှာ စီရင်စုဇခုရဲ့ဓါးနတ်ဘုရား လီလိုျဆွေ့က အဆင့်တက်တာ ကျရှုံးသွားပြီး စိတ်ရူးဖောက်သွားတယ်လို့ ကြားထားတယ်။ သူက ရှောင်လင်မှာ ပြန်လည် ကုစားနေပြီး လက်ရှိ

ဖော့ကျန်းနဲ့အတူ ရှိနေတာ။ သူက စီနီယာ ခါးမော့ခါးဝိဇ္ဇာကို ရှာဖို့ ဒီနေရာကို ရောက်လာတာ ဖြစ်လောက်တယ်။ စီနီယာ ခါးမော့ခါးဝိဇ္ဇာကလည်း ခါးမော့ကျင့်စဉ်တွေကို ကျင့်ကြံတာကြောင့်လေ။ သူ့အသိအမြင်တချို့ ရမလားလို့ လာတာဖြစ်နိုင်တယ် "

" အော် "

ယွဲ့ရှောင်က အော်ဟူ၍ အသံတစ်သံဖြင့်သာ ပေါ့ပေါ့ပါးပါး တုံ့ပြန်လိုက်သည်။

လျိုချန်စွင်းက ဆက်ပြောလိုက်၏။

" ငါ မထင်မှတ်ထားတာက ငါ လျိုချန်စွင်းက ခါးမော့နတ်ဘုရား လီလျိုဆွေ့ကို တွေ့ခဲ့ရလောက်တဲ့အထိ ကံကောင်းလိမ့်မယ်လို့ မထင်ထားတာပဲ။ သူက နဂါးစာရင်းမှာ အဆင့် ၉ ရထားတဲ့ တည်ရှိမှုပဲ "

" ခင်ဗျားကလည်း နဂါးစာရင်းမှာ ရှိတယ် မဟုတ်ဘူးလား "

" မတူဘူးလေ "

လျိုချန်စွင်းက ခေါင်းခါလိုက်၏။

" နဂါးစာရင်းမှာ နှစ်ယောက်လုံး ရှိတယ်ဆိုပေမဲ့ နဂါးစာရင်းရဲ့အဆင့်တွေကြားက ကွာဟချက်က

တစ်ကမ္ဘာစာလောက် ရှိတယ်။ ကျုပ်တို့ ပိုက္ကာလေလေ ကျုပ်တို့ ခွန်အားကြားက ကွာဟချက်က ပိုကြီးမားလေပဲ "

" မင်းတွေ့တဲ့အတိုင်းပဲ။ ငါ့ရဲ့ကျင့်ကြံမှုက အလွန်သန်မာတယ်။ ဒါပေမဲ့ ငါ အဆင့် ၅၀မှာပဲ ရှိတာ။ လန်ရှင်းယွဲ့၊ ရှီကွမ်းဟောင်နဲ့ တခြားသူတွေက အဆင့် ၄၀မှာဆိုရင် သူတို့တွေက ငါ့ကို အလွယ်တကူ အနိုင်ယူနိုင်တယ် "

" အဆင့် ၃၀က လူတွေအတွက် သူတို့ ငါ့ကို အနိုင်ယူဖို့က ပိုတောင် လွယ်သေးတယ် "

" ထိပ်တန်း ၂၀အတွင်းဆို ငါ့ကို သတ်ဖို့က ခြင်တစ်ကောင်ကို ဖြစ်သတ်လိုက်သလိုပဲ လွယ်ကူလှတယ် "

" လီလိုျဆွေ့က နဂါးစာရင်းမှာ အဆင့် ၉ ရထားတာလေ။ သူ့ရှေ့မှာဆို ငါလို အလယ်အဆင့် အဲ့ဖွယ်ချီရှန်းတစ်ယောက်တောင် ကြောက်နေရတာ။ သူက ဒီကမ္ဘာထဲမှာ ထိပ်တန်းအဆင့် သိုင်းပညာရှင်တစ်ယောက်ပဲ "

ယဲ့ရှောင်က ထိုအချက်ကို ဝန်ခံလိုက်၏။ သူသည် ကျုံးမြို့စာကြည့်တိုက်တွင် ပေ့ထျန်းစီနှင့် စကားစမြည်းပြောခဲ့စဉ်က ထိုအချက်ကို ပြောပြခဲ့ဖူးသည်။ လက်ရှိတွင် နဂါးစာရင်းရှိ

ထိပ်တန်း ၇ယောက်သာလျှင် ဘုရင်နယ်ပယ်
သိုင်းပညာရှင်များ ဖြစ်သည်။

ဖိုးနစ်စာရင်း၌ ၄ဦးသာလျှင်
ဘုရင်နယ်ပယ်သိုင်းပညာရှင်များ ဖြစ်၏။

ယခု သူ့အပါအဝင် ဘုရင်နယ်ပယ်
သိုင်းပညာရှင်က ၁၂ယောက်သာ ရှိသည်။ ယင်းက
တစ်ကမ္ဘာလုံးတွင် ဖြစ်၏။
စီရင်စုဇုခုထဲတွင်ဆိုလျှင် အရေအတွက်က
ပိုတောင် နည်းနေလိမ့်မည်။

စီရင်စုဇုခုထဲရှိ ပုဂ္ဂိုလ် ၄ဦးက ဘုရင်နယ်ပယ်
သိုင်းပညာရှင်များ ဖြစ်သည်။ လေးဦးတွင်
အမျိုးသား နှစ်ယောက်၊ အမျိုးသမီး

နှစ်ယောက်ဖြစ်ပြီး နှစ်ယောက်စီက နဂါးစာရင်းနှင့် ဖီးနစ်စာရင်း၌ ထိပ်ဆုံးနေရာနှစ်ခုကို သိမ်းပိုက်ထားသည်။

ထို့အပြင် အမျိုးသမီး ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ဦးလည်းရှိပြီး သူမက ပေါ်မလာတာ နှစ်ပေါင်းများစွာ ကြာပြီဖြစ်သည်။

သို့သော်ငြား ဤကမ္ဘာပေါ်၌ ဘုရင်နယ်ပယ်အထက် ဧကရာဇ်နယ်ပယ် သိုင်းပညာရှင်တစ်ယောက်မှ မရှိပေ။ အာကာသစစ်မြေပြင်တွင်သာလျှင် ဘုရင်နယ်ပယ် သိုင်းပညာရှင်များ ရှိ၏။ ထိုအမြင်အရ ဘုရင်နယ်ပယ်အောက်တွင်

ဘုရင်အဆင့်အောက် နယ်ပယ်က အသန်မာဆုံး ဖြစ်သည်။

ဓါးနတ်ဘုရား လီလျိုဆွေ့က ကမ္ဘာကြီးရှိ အမျိုးသားနှင့် အမျိုးသမီး သိုင်းပညာရှင်များကြားထဲ၌ အနည်းဆုံး ထိပ်တန်းအယောက် ၂၀အတွင်း ရှိသည်ဟု သတ်မှတ်၍ ရသည်။ လူဦးရေ ၁၀ဘီလီယံချီထဲမှာ ထိပ်တန်းအယောက် ၂၀ဟူသည် တကယ့်ကိုပဲ ထိပ်တန်း ရောက်နေတာ ဖြစ်သည်။

အပိုင်း ၂၅၁ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅ ကောင်းကင် ကွမ်းယွမ်

ခမ်းနားခြင်းအစီအရင်။

" ဒါပေမဲ့ ပြောနေရင်းနဲ့ မင်းရဲ့စရိုက်သဘာဝက တကယ်သန်မာတာပဲ။ ဓါးနတ်ဘုရား လီလျိုဆွေ့ကို တွေ့တဲ့အချိန်ကတောင် စိတ်မလှုပ်ရှားပဲ မနေနိုင်ဘူး။ မင်းကတော့ တကယ် ဘာမှမခံစားရဘူးပဲ "

ယွဲ့ရှောင်က ပခုံးတွန့်လိုက်၏။

" ဘာမှ မထူးဆန်းဘူးလေ။ ဟုတ်တယ်ဟုတ်။ ကျွန်တော်က သူနဲ့မှ မရင်းနှီးတာ "

လို့ချန်စွင်းက ရယ်ရမလား ငိုရမလား မသိတော့ပေ။

ဒါက ရင်းနှီးလားလို့ မေးတဲ့ မေးခွန်းလား။ သူက ဒါက မရေမတွက်နိုင်တဲ့ လူပေါင်းများစွာရဲ့ စံပြပုဂ္ဂိုလ်လေ။ အဲ့ဒီလူတွေရဲ့ ရင်ထဲမှာ နတ်ဘုရားတစ်ပါးနှင့် တူတဲ့ အစွမ်းထက်တဲ့ တည်ရှိမှုမျိုးပဲ။ ဒါကို ပြောတော့မှ သူသာ သူတို့နေရာမှာဆိုရင် နည်းနည်းလောက် နားလည်နိုင်ဦးမှာလေ။ ဟန်နိုင်ငံက အဲ့ဒီစံပြပုဂ္ဂိုလ်တွေလိုမျိုးပဲ။ ကောင်းကင်ကြီးကို

ပြားပြားဝပ်အောင် လုပ်နိုင်တဲ့ လူတွေ အများကြီးရှိတယ်။ ဒါပေမဲ့ သိပ်ဂရုမစိုက်တဲ့ လူတစ်စုက ရှိနေသေးတာပဲ။

ဒါ့အပြင် ယွဲ့ရှောင်ရဲ့ခွန်အားက တကယ် အားနည်းတာ။ သူက ဓါးနတ်ဘုရား လီလျိုဆွေ့ ဘယ်လောက် သန်မာလဲဆိုတာ နားမလည်လောက်ဘူး။

တောင်တန်းထဲက လူတစ်ယောက်က ဘီလျှံနာသူဌေးတစ်ယောက်ကို တစ်ခါမှ မမြင်ဖူးသလိုပဲပေါ့။ တစ်ဖက်သူက ပိုက်ဆံမထုတ်ပဲ သူ့ရှေ့မှာ မထားသရွေ့ သူက ရင်ထဲကနေ ထိတ်လန့်မှုကို ခံစားရမှာ မဟုတ်ဘူး။

သူ လီလျိုဆွေ့ကို လေးစားပြီး ထိတ်လန့်သလိုခံစားသွားရတဲ့ အကြောင်းအရင်းက အုံ့ဖွယ်ချီရှန်းတစ်ယောက်ရဲ့ ခွန်အားကို မြင်ဖူးတာကြောင့်ပဲ။ ခါးနတ်ဘုရား လီလျိုဆွေ့ကို တစ်ခါမှ မတွေ့ဖူးပေမဲ့ လီလျိုဆွေ့က သူ့ခွန်အားကို ပြသခဲ့တာ။ သူ့စိတ်ထဲမှာက သဘောတရားတစ်ခု ရှိပြီးသားပဲ။

ယွဲ့ရှောင်က အဲ့လိုမျိုး မရှိဘူး။

ထိုသို့ တွေးမိပြီး လျိုချန်စွင်းက ဆက်မတွေးတော့ပေ။ ထိုအစား သူက သက်ပြင်းချလိုက်၏။

" အဆုံးကြ သူ အဆင့်မတက်နိုင်ခဲ့တာ နှမြောစရာပဲ။ သူသာ အောင်အောင်မြင်မြင် အဆင့်တက်နိုင်ခဲ့မယ်ဆိုရင် ကမ္ဘာပေါ်မှာ သူ့ရဲ့ ခွန်အားသတ်မှတ်အဆင့်က ထပ်တိုးသွားပြီး တစ်လှမ်းကပ်သွားမှာ။ နောင်ကြ သူ အဆင့်တက်ဖို့ အခွင့်အရေး ရှိပါ့မလားဆိုတာ မသိဘူး။ ဘုရင်နယ်ပယ်ကို အဆင့်တက်လှမ်းချင်တာက တကယ့်ကို ခက်ခဲလွန်းတာ "

" ဟုတ်တယ်။ ပိုခက်ခဲတယ် "

ယွဲ့ရှောင်သည် ဘုရင်နယ်ပယ်သို့ အဆင့်တက်ရန်အတွက် ကြိုးစားအားထုတ်မှုတော့ လုပ်ခဲ့ရတာကို ပြန်အမှတ်ရသွားသည်။

ရှေးဦးစွာ သူသည် ဝိညာဉ်သန့်စင်ခြင်း ကျင့်စဉ်ကို ရှာဖွေရ၏။ ပြီးနောက် သူသည် မသေမျိုးစစ်သည် အုတ်ဂူကနေ ရလာခဲ့၏။ နောက်ဆုံးတွင် သူက ကောင်းကင်နတ်ဆိုး ချောက်ကမ်းပါးကို သွားခဲ့တာ ထိုနေရာတွင် ပုန်းနေသော ကြယ်တာရာသားရဲများကို အမဲလိုက်ခဲ့သည်။ အဆုံးတွင်မှ သူသည် ဘုရင်နယ်ပယ်သို့ အောင်အောင်မြင်မြင် အဆင့်မတက်လှမ်းနိုင်ခင် ဆေးလုံးသန့်စင်ရန် အုံ့ဖွယ်အဆင့်ကြယ်တာရာသားရဲ (၂၁ )ကောင်ကို အားကိုးခဲ့ရသည်။

ထို့အပြင် သူ လက်တလော၌ ဝါးမြို့ခဲ့သည့်
ကြယ်တာရာသားရဲမျှား၏ သွေးနှင့်
အသားများကတောင် မပါသေးပေ။
သွေးအဆီအနစ် ပမာဏများစွာ ပါဝင်သည့်
ပစ္စည်းများလည်း မရှိသေးချေ။

ဘုရင်နယ်ပယ်သို့ အဆင့်တက်ရသည်က
ရှန်းထျန်းနယ်ပယ်အောက်များနှင့် ယှဉ်လျှင်
အားစိုက်ထုတ်မှုများစွာ လိုအပ်သည်။
အဆင့်ချိုးဖျက်တက်မှုတစ်ခု ဖြစ်ပေသည်။

သို့သော် လျိုချန်စွင်းသည် ထိုစကားကို
ကြားသည့်အချိန်၌ နှုတ်ခမ်းထောင့်၌

တွန့်ကွေးသွားလေ၏။ ပိုခက်ခဲတာတာလား။
ပိုဆိုတဲ့ အဓိပ္ပာယ်က ဘာလဲ။

ပိုဆိုတဲ့ စကားလုံးနဲ့ ဖော်ပြနိုင်လို့လား။ ရယ်စရာပဲ။
ဒါက ကောင်းကင်ကို တက်လှမ်းရတာထက်တောင်
ပိုခက်ခဲတဲ့ ကိစ္စရပ်ပဲ။

တခြားဟာတွေ မပြောနဲ့ဦး။ ကောင်းကင်ဘုံက
ကောင်းချီးပေးထားတဲ့ ပါရမီရှင် ဓါးနတ်ဘုရား
လီလျိုဆွေ့ကတောင် နှစ်ပေါင်းရာချီ
ကြိုးစားခဲ့ပေမဲ့ ဘုရင်နယ်ပယ်ကို
မတက်လှမ်းနိုင်ခဲ့ဘူး။
အဲ့ဒီအကြောင်းအရင်းကြောင့် သူ ရှုးတောင်

ရှုံးသွားသေးတာ။ ဒီဘဝမှာ သူကတော့
အဲ့ဒီအကြောင်း တွေးတောင် မတွေးရဲဘူးလေ။

ထို့အပြင် သူ၏ ပါရမီက မဆိုးရွားသော်ငြား
ရှန်းထုန်းနဝမအဆင့် အံ့ဖွယ်ဂိုဏ်းသို့
အဆင့်တက်ရန် မျှော်လင့်ချက်က ရှိသည်။ သူက
ရှန်းထုန်း နဝမအဆင့် အံ့ဖွယ်ဂိုဏ်းသို့
ခြေချနိုင်မည်ဟု သေချာပင်လျှင် သူက နောင်တွင်
ဘုရင်နယ်ပယ်သို့ အဆင့်တက်ရန် သေချာပေါက်
အဆင့်တက်နိုင်လိမ့်မည်ဟု မပြောရဲချေ။
တစ်ကမ္ဘာလုံး၌ ဘုရင်နယ်ပယ်သို့
အဆင့်တက်နိုင်သည့်သူ မည်မျှ ရှိသနည်း။
အလွန်ဆုံးမှ လက်နှစ်ဖက်သာ ရှိလိမ့်မည်။

တွက်ချက်ပြီးနောက် အလွန်ဆုံး လူ
( ၁၁ )ယောက်သာ ရှိလိမ့်မည်။

ဒါကို ပိုခက်ခဲတယ်လို့ တကယ် ပြောတယ်ပေါ့။

မင်းက တုံးလွန်းတာလား။
အပြစ်ကင်းလွန်းတာလား။ ငါ တကယ်
မသိတော့ဘူး။

သို့သော် သူသည် ယဲ့ရှောင်၏ ခွန်အားအကြောင်း
တွေးမိချိန်၌  လိုျချန်စွင်းက များများစားစား
တွေးမနေတော့ချေ။

ဟူး။ အဆုံးကြ သူ့ရဲ့ခွန်အားက
အားနည်းလွန်းတယ်။ သူ့ရဲ့ဗဟုသုတက

နည်းပါးလွန်းတာကိုး။ သူသာ ချီရှန်းတစ်ယောက်ဆိုရင် ဒီလို စကားတွေ ပြောမှာ မဟုတ်ဘူး။

သူက ယွဲ့ရှောင်ကို အထင်သေးတာ မဟုတ်ပေ။

ဆိုရလျှင် သူတို့နှစ်ယောက်က မိတ်ဆွေများလည်း ဖြစ်သည်။ သို့သော်ငြား လေ့ကျင့်ရေး ပြဿနာကဲ့သို့ အချို့သော အရာများကိုမူ ခွဲခြားသိမြင်နိုင်ရန် လိုသေးသည်။ ယွဲ့ရှောင်က သူ၏ ခွန်အားက လုံလောက်အောင် မကောင်းသည့်တိုင် တော်မည်ဟု သူ မတွေးနိုင်မည် မဟုတ်ပါလော။ ဒါက ကိုယ့်ကိုကိုယ် လှည့်စားတဲ့ လုပ်ရပ်ပဲ။

" ဒါနဲ့ လီလျိုဆွေ့က စီနီယာ ခါးမော့ခါးဝိဇ္ဇာကို လာရှာတယ်ဆိုတော့ စီနီယာ ခါးမော့ခါးဝိဇ္ဇာမှာ ဘယ်လို ကျင့်ကြံမှုမျိုး ရှိနေလဲ မသိဘူးနော်။ သူ့ရဲ့ ကျင့်စဉ်နဲ့ဆို ဘုရင်နယ်ပယ်ကို အဆင့်တက်နိုင်ချေ မြင့်တယ်။ သူက ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ယောက် ဖြစ်နေခဲ့ရင် ကျုံးစီရင်စုက နောက်ထပ် ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ယောက် ရှိလာမှာပဲ "

လျိုချန်စွင်းက လက်သီးကျစ်ကျစ် ဆုပ်လိုက်၏။

" ယွဲ့ရှောင် ... ဒီဘဝမှာ ငါ စီနီယာ ခါးမော့ခါးဝိဇ္ဇာကို ရှာရမယ် "

" ဟုတ်ပြီ ဟုတ်ပြီ။ ဒါဆို အခု ကျုပ်ကို အချိန်တချို့ ပေးမလား။ ကျုပ် စာဖတ်ချင်သေးတယ် "

လို့ချုန်စွင်းက ခေါင်းခါလိုက်၏။

" ယွဲ့ရှောင် မင်းအတွက် ပန်းတိုင်တစ်ခု ချမှတ်ထားသင့်တယ်။ ပန်းတိုင်မရှိရင် ပျင်းရိလွန်းတဲ့ ဘဝက ပြည့်စုံမှု မရှိဘူး။ ငါ့လိုပဲ ဒီဘဝမှာ ငါ့ရဲ့ပန်းတိုင်က ရှန်းထျန်းနဝမအဆင့် အံ့ဖွယ်ချီရှန်း အထွတ်အထိပ်ကို အဆင့်တက်နိုင်ဖို့ပဲ "

" မင်းရဲ့ပါရမီက မလုံလောက်ပေမဲ့ အနည်းဆုံးတော့ ရှန်းထျန်းပထမအဆင့် ချီရှန်းတစ်ယောက် ဖြစ်လာဖို့ ပန်းတိုင်တစ်ခု

ထားသင့်တယ်။ မင်း ဘယ်လိုလုပ်များ တစ်နေကုန်

စာအုပ်တွေ ဖတ်နေနိုင်ရတာလဲ "

ထိုသို့ပြောပြီးနောက် လျို့ချန်စွင်းက

လှည့်ထွက်သွားတော့သည်။

နှစ်မိနစ်ခန့် ကြာပြီးနောက် ယွဲ့ရှောင်သည်

စာအုပ်ကို ပိတ်လျက်

အသက်ရှူထုတ်လိုက်တော့သည်။

သူသည် နောက်ဆုံးတော့ တော်ဝင်အစီအရင်

ကောင်းကင် ကွမ်းယွမ် ခမ်းနားခြင်း အစီအရင်ကို

စုစည်းလိုက်နိုင်ပြီ ဖြစ်သည်။

ယွဲ့ရှောင်သည် သူ၏ မွေးမြူရေးကွင်းကို
အဆင့်မြှင့်တင်ချင်သည်ဆိုလျှင် ရှောင်လင်မှ
ဆရာတော် ကွမ်းလျန် ယခင်က ချမှတ်ခဲ့သည့်
အစီအရင်ကိုသေချာပေါက် အားကိုးမှာ မဟုတ်ပေ။

ထိုအစီအရင်က ချီရှုန်းအဆင့်
အစီအရင်တစ်ခုအဖြစ်သာ သတ်မှတ်နိုင်ပြီး
တော်ဝင်အစီအရင် မဟုတ်ပေ။

စီရင်စုဇုခုတစ်ခုလုံး၏ အစီအရင်
အဆင့်သတ်မှတ်ချက်ဖြင့်လည်း ၄င်းက
ကန့်သတ်ခံထားရသည်။

နောက်တစ်ချက်က စီရင်စုဇုခု မဟာမိတ်၏
ဖွံ့ဖြိုးတိုးတက်မှု အကန့်အသတ်များ ဖြစ်၏။

ထိုစဉ်က သူတို့သည် ကျန်းဟိုင်မြို့ကို အဓိကမြို့တစ်မြို့အဖြစ် မသတ်မှတ်ခဲ့ပေ။ သူတို့က တတိယအဆင့် မြို့အဖြစ်သာ သတ်မှတ်ထားတာ ဖြစ်သည်။ ထို့ကြောင့် ထိုစဉ်က သူတို့ ချမှတ်ခဲ့သည့် အစီအရင်သည် အဆင့်ကန့်သတ်ထား၏။ ထိုအချက်ကို အခြေခံပြီး ယွဲ့ရှောင်က ယခုဆို သူကိုယ်တိုင် အစီအရင်တစ်ခု တည်ဆောက်ရန် သူ့ကိုသူ အားကိုးတော့မည်။

ကံကောင်းသည်မှာ အစီအရင် အမျိုးအစားများက သိုင်းကျမ်းများလောက် မများပြားပေ။ ယင်းက ဘေးတံခါး အမျိုးအစားဟု သတ်မှတ်နိုင်သည်။ ထို့ကြောင့် သူသည် တော်ဝင်အစီအရင်တစ်ခု

သန့်စင်ရန်အတွက် စာအုပ်များစွာ ဖတ်ဖို့ မလိုအပ်ချေ။

ယွဲ့ရှောင်သည် သန့်စင်ရန်အတွက် ရွှေရောင်စာအုပ် အံ့ဖွယ်ဝိညာဉ်ကို အသုံးပြု၍ ရသည့် ကိစ္စမျိုး မဟုတ်ပေ။ ရွှေရောင်စာအုပ် အံ့ဖွယ်ဝိညာဉ်က အစီအရင်တစ်ခု မှတ်သားပြီးသော ဖြစ်သောကြောင့်ပင်တည်း။ ၄င်း၏ အကန့်အသတ်ကို ရောက်နေပြီ ဖြစ်သည်။ လေထဲကနေ အခြေခံ အစီအရင်များ စုဆောင်းဖို့က မဖြစ်နိုင်တော့ပေ။

ယခုအချိန်တွင် ယွဲ့ရှောင်က တော်ဝက်ကျင့်စဉ်တစ်ခု သန့်စင်ချင်လျှင်

သို့မဟုတ် တော်ဝင်အစီအရင် ကျင့်စဉ်တစ်ခုကို သန့်စင်ချင်ပါက သူသည် ခုနှစ်စင်ကြယ်၏ ခမ်းနားသော ဆန်းကြယ်မှုကို အသုံးပြုပြီး ဖြည်းဖြည်းချင်း စူဇန်က ၄င်းကို နည်းနည်းချင်း ဆင့်ကဲပြောင်းလဲရန် လိုအပ်သည်။

သူသည် ယခင်က ချီရှန်းအဆင့် ကျင့်စဉ်များကနေ တော်ဝင်ကျင့်စဉ်ကို ထုတ်ဖော်ပြီး အစစ်အမှန် တော်ဝင်ကျင့်စဉ်အဖြစ် ပေါင်းစည်းနိုင်သည့် နည်းလမ်းကို  ရှာမတွေ့ခဲ့တာ နှမြောစရာ ကောင်းလှသည်။ မဟုတ်ပါက သူ၌ ယခုဆို တော်ဝင်ကျင့်စဉ် မည်မျှများများ ရှိနေပြီမှန်း သိရတော့မှာ မဟုတ်ပေ။

ထိုအစီအရင်ကို ရရှိပြီးနောက် ယွဲ့ရှောင်သည် အံ့ဖွယ်ဝိညာဉ်များကို တိုက်ရိုက် စုဆောင်းလိုက်၏။ သို့မှသာ အံ့ဖွယ်ဝိညာဉ်က ၄င်းနှင့် အသားကျသွားပြီး အလွယ်တကူ တည်ဆောက်နိုင်မှာပဲ ဖြစ်သည်။

ညနေခင်း အလုပ်ဆင်းစဉ်၌ အံ့ဖွယ်အစီအရင်က စုစည်းပြီး ဖြစ်၏။

ယွဲ့ရှောင်သည် တော်ဝင်အစီအရင် သုံးခု စုစည်းပြီးနောက် အစီအရင်အသစ်တစ်ခု ပေါင်းစည်းမည်ဟု မူလက တွေးခဲ့၏။ သို့သော်ငြား အစီအရင် သုံးခုလုံး ပေါ်လိမ့်မည်ဟု မထင်ထားပေ။ ရွှေရောင်စာအုပ်ထဲ၌ အစီအရင်ကို

မှတ်တမ်းတင်ထားသော စာရွက်သည်
ရှေးရောင်အလင်း ဖြာထွက်မလာပေ။ ဆိုလိုတာက
၄င်းတို့ကို ပေါင်းစည်း၍ မရနိုင်ပေ။ အစီအရင်နှင့်
ကျင့်စဉ်က မတူညီတာ ဖြစ်လောက်သည်။
ထို့ကြောင့် ပေါင်းစည်းရန် တောင်းဆိုချက်က
ပိုမြင့်မားတာ ဖြစ်နိုင်၏။

သို့သော်ငြား ယင်းက ကိစ္စမရှိပေ။
တော်ဝင်အစီအရင်သည် ဧကရာဇ်နယ်ပယ်အောက်
တည်ရှိမှုများနှင့် ဖြေရှင်းနိုင်ပြီးသား ဖြစ်သည်။
ယခုအချိန်တွင် သူ့အတွက် အသုံးပြုရန်
လုံလောက်နေပြီ ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ယွဲ့ရှောင်က
သားရဲနတ်ဘုရား မဟာမိတ်ကနေ လုယူလာသည့်
အရင်းအမြစ်များစွာ ရှိနေ၏။ သူ့အတွက် ၎င်းတို့ကို
အသုံးပြုရန်က အဆင်ပြေသည်။ ထို့ကြောင့်
အလုပ်ဆင်းပြီးနောက် ယွဲ့ရှောင်သည်
မြေဝပ်ခြင်းကျင့်စဉ်ကို ပြန်အသုံးပြုပြီး
မြေကြီးထဲသို့ ဝင်လိုက်ကာ အစီအရင်၏ ချဲ့ထွင်မှု
ပရောဂျက်ကို စတင်လိုက်သည်။
ယခုအခေါက်တွင် ယွဲ့ရှောင်က ပိုကြီးမားသည့်
နေရာကို ဖန်တီးချင်၏။ကြယ်တာရာသားရဲ
အရေအတွက် တိုးလာသည်နှင့် မူလနေရာက
သေချာပေါက် မလုံလောက်တော့ပေ။

ထို့အပြင် တော်ဝင်အစီအရင်ကြောင့် သူသည်
နေရာ ပြိုလဲမှာကို စိုးရိမ်မနေပေ။
ယွဲ့ရှောင်ဘက်တွင်မူ သူက စတင်
တည်ဆောက်နေပြီ ဖြစ်၏။

တစ်ဖက်တွင်မူ ချန်ချင်းရှမ်နှင့် ကျန်သည့်သူများက
ကျန်းဟိုင်နားတစ်ဝိုက်၌ အစီအရင်သစ်တစ်ခု
နောက်ဆုံးတွင် တည်ဆောက်ပြီးသွားပြီ ဖြစ်သည်။

" ဟူး "

သူက လေပူများ မှုတ်ထုတ်လိုက်ပြီး
အလုပ်ပြီးသွားချိန်၌ သူ၏ မျက်မှာထက်တွင်
ပြုံးနေသည့် အမူအယာ ပေါ်လာသည်။

" ငါတို့ စိတ်မပျက်ပါဘူး။ ကျန်းဟိုင်မြို့ထဲမှာ အစီအရင်တွေ အားလုံးကို နောက်ဆုံးတော့ တည်ဆောက်ပြီးသွားပြီ ဖြစ်သည် "

ကျန်သည့်သူများက တစ်ယောက်ပြီးတစ်ယောက် ရောက်လာကာ ချန်ချင်းရှမ်ကို ကျေးဇူးတင်စကား ပြောကြ၏။

" လောင်ချန် မင်းကို ကျေးဇူးအများကြီးတင်ပါတယ်။ ဒီတစ်ခေါက် မင်းတို့ ကျန်းဟိုင်မြို့တွင်း မြို့ပြင်က အစီအရင်တွေကို ပြောင်းလဲဖို့ တစ်လလုံးလုံး အလုပ်ကြိုးစားခဲ့ရတာ။ ကျန်းဟိုင်မြို့အတွက်

ခုခံခြင်း အစီအရင်တစ်ခုလုံးကိုတောင် အထူးတလည် တည်ဆောက်ပြီးသွားတယ် "

" မင်းတို့တွေ အားနာလွန်းနေတာ မဟုတ်ဘူးလား။ ဘယ်သူက ဘယ်သူနဲ့လဲ။ ငါတို့ ကျင်းတူသိုင်းကျောင်းတော်မှာ ရှိတုန်းက ငါတို့က အခန်းဖော်တွေလေ။ နှစ်ပေါင်းများစွာ သူငယ်ချင်းကောင်း ဖြစ်ခဲ့တာ "

" အခု မင်းက မြို့တော်ဝန် ဖြစ်နေပြီ။ ငါက မင်းကို ကူညီဖို့ ငါ့ရဲ့ထူးခြားတဲ့ အရည်အချင်းတွေ ပြရမှာပေါ့ "

ချန်ချင်းရွှမ်ဘေးရှိ တပည့်က ပြော၏။

" မြို့တော်ဝန် ဒီတစ်ခေါက် ကျွန်တော့် ဆရာက အတော်လေး အားစိုက်ထုတ်လာတာ။ သူက ဒီအစီအရင်ကို ကောင်းကောင်း လုပ်ခဲ့တယ်။ ကျန်တဲ့မြို့က အစီအရင်တွေကလည်း ကောင်းပါတယ်။ ဒါပေမဲ့ ကျန်းဟိုင်မြို့က အစီအရင်တွေနဲ့ ယှဉ်ရင် သူတို့က နည်းနည်းနိမ့်တယ်။ ဒီဝိညာဉ်စုစည်းခြင်း အစီအရင်ကိုပဲ ဥပမာယူလိုက်။ သူတို့ကို မကြည့်နဲ့ သူတို့တွေက ကျန်းဟိုင်မြို့ အရပ်မျက်နှာအနှံ့မှာ ထားထားတဲ့ ထိပ်တန်းအဆင့် ချီရှန်းအစီအရင် ၈ခုပဲ။ မြို့လယ်က အစီအရင် အမြုတေနဲ့

စပ်ထားတာတောင် ချိန်ရှန်းအစီအရင်နှင့်
တစ်ခုနှင့်တစ်ခု စပ်ထားသလိုပဲ "

" ဒါပေမဲ့ လက်တွေ့မှာတော့ ဒီအစီအရင်
တည်ဆောက်မှု ခက်ခဲမှုက သာမန် တော်ဝင်
ဝိညာဉ် စုစည်းခြင်း အစီအရင်ထက် မနိမ့်ဘူး။
အဲ့လိုပဲ သူ့ရဲ့အာနိသင်က သာမန်
တော်ဝင်ဝိညာဉ်စုစည်းခြင်း အစီအရင်ထက်
ပိုသန်မာတယ် "

" တခြားမြို့တွေမှာသာဆို မြို့ကြီးတစ်မြို့
ဖြစ်ရင်တောင် ကျုပ်ရဲ့ဆရာက ဒါကို ဖြေရှင်းဖို့
တော်ဝင်အစီအရင်တစ်ခုပဲ သုံးလိုက်မှာ။ ဒီမြို့ကိုပဲ

သူက အထူးတလည် အချိန်သုံးပြီး
ကျင့်ကြံခြင်းအစီအရင်ကို တည်ဆောက်ပေးတာ "

" ရှောင်ဝမ် ... ပါးစပ်ပိတ် "

ချန်ချင်းရှမ်က သူ၏ တပည့်ကို
စိုက်ကြည့်လိုက်၏။ တပည့်က ချက်ချင်း
ပါးစပ်ပိတ်သွားသည်။ တုချန်ဖုန်းက ချန်ချင်းရှမ်၏
ပခုံးကို ပုတ်လိုက်လေ၏။

" လောင်ချန် ဒီခင်မင်မှုကို ငါ မှတ်ထားမယ်။
နောင်ကြ မင်း တစ်ခုခု လိုအပ်လာရင် ငါ့ကိုပြော။
ငါ တတ်နိုင်သရွေ့ သေချာပေါက် လုပ်ပေးမယ် "

" ဘာတွေ အားနာနေတာလဲ။ ငါတို့က ညီအစ်ကိုတွေပဲလေ။ ဒီအစီအရင်ကို စမ်းသပ်ဖို့ ဝိညာဉ်ကျောက်တုံးတွေ မြန်မြန်ထည့်ဖို့လိုတယ် "

" ဟုတ်ပြီ "

တုချန်ဖုန်းက နောက်တစ်လှမ်း ဆုတ်ပြီးနောက် ချန်ချင်းရှမ်ကို နေရာပေးလိုက်၏။ ချန်ချင်းရှမ်က ဝိညာဉ်ကျောက်တုံးများ ချက်ချင်း ထည့်လိုက်တော့သည်။

သူသည် ရှန်းထျန်းသတ္တမအဆင့် အံ့ဖွယ်အဆင့် ကြယ်တာရာသားရဲ၏ ကြယ်အမြုတေ ( ၉ ) လုံးကို အစီအရင်ထဲ ထည့်ကာ အစီအရင်

အခင်းအကျင်း၏ အရည်အသွေးကို
မြှင့်တင်နေသည်။

ဝိညာဉ်ကျောက်တုံးများ ထည့်ပြီးနောက်
အစီအရင်တစ်ခုလုံး အသက်ဝင်လာ၏။
နောက်တစ်စက္ကန့်တွင် ဝိညာဉ်စွမ်းအင် လှိုင်းမိုးမှုက
ကျန်းဟိုင်မြို့ကို လျင်မြန်စွာ စီးဆင်းသွား၏။

ဟူး ဟူး ဟူး။

အစီအရင်ဘေး၌ ရပ်နေစဉ် တုချန်ဖုန်းက
ဝိညာဉ်စွမ်းအင်များ ရှူးသွပ်စွာ
အော်မြည်နေသံကိုတောင် ကြားရ၏။

" ဒီအစီအရင်က သန်မာလိုက်တာ "

ထိုအခင်းအကျင်းသည် ကွမ်းလျန် ယခင်က တည်ဆောက်ခဲ့ဖူးသည်ထက် ပိုသန်မာ၏။ သို့သော် ထိုစဉ် ကောင်းကင်ပေါ်၌ မိုးကြိုးတိမ်တိုက် ရှိလာလေ၏။ လူတိုင်းက မျက်မှောင်ကျုံ့မိသွားသည်။

" ထူးဆန်းလိုက်တာ။ ဘာကြောင့် မိုးကြိုး ရုတ်တရက် ပေါ်လာရတာလဲ။ မိုးလေဝသဌာနက ဒီနေ့ မိုးရွာမယ်လို့ မပြောထားပါဘူး "

အပိုင်း ၂၅ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၃ ဆာမြူရယ်၏ လိုအင်ဆန္ဒ။

လူတိုင်းက ဇဝေဇဝါ ဖြစ်နေကြစဉ် ချန်ချင်းရှမ်၏ ကျောင်းသားများထဲမှ တစ်ယောက်က ရုတ်တရက် ပြောလိုက်လေ၏။

" ခဏလေး နေပါဦး။ ဒါက တော်ဝင်အစီအရင်တစ်ခု ပေါ်ပေါက်လာတဲ့ အခြေအနေမှာ မိုးနဲ့မြေရဲ့ဖြစ်စဉ် ပြောင်းလဲလာတာမျိုးလို့ ဘာကြောင့် ခံစားမိနေတာလဲ "

ထိုစကားကို ပြောလိုက်ချိန်၌ လူတိုင်းက ထိတ်လန့်သွားကြသည်။

" လောင်ချန် ... မင်း တကယ်ကြီး ဒီလောက် သန်မာနေပြီလား။ မင်း တည်ဆောက်တဲ့ အစီအရင်က မိုးနဲ့မြေ ဖြစ်စဉ်ကိုတောင် အမှန်တကယ် နှိုးထစေတယ်လား "

ချန်ချင်းရှမ်၏ နှုတ်ခမ်းထောင့် ကွေးတက်သွား၏။ အမှန်တကယ်တွင် သူ၏ ကျောင်းသားများထက် စောပြီး မြင်တွေ့ခဲ့တာပဲ ဖြစ်သည်။ ထိုအရာက အစီအရင်ကြောင့် ဖြစ်ပေါ်လာသည့် မိုးနှင့်မြေ ဖြစ်စဉ်ပဲ ဖြစ်သည်။ အမှန်တကယ်တွင် သူသည်လည်း ထိတ်လန့်သွား၏။ ထိုကဲ့သို့

အခြေအနေတစ်ရပ် အဘယ်ကြောင့်
ဖြစ်လာသနည်း။

သူ အလွန်ရှင်းရှင်းလင်းလင်း သိသည့်
ကိစ္စရပ်တစ်ခု ရှိသည်။

ယင်းက မိုးနှင့်မြေဖြစ်စဉ်သည် သူ၏
အစီအရင်ကြောင့် ပေါ်ပေါက်လာတာ မဟုတ်ပေ။
သူသည် သူ၏ ကိုယ်ပိုင် အစီအရင် အဆင့်ကို
ကောင်းစွာ နားလည်သဘောပေါက်ထား၏။

ထိုအဆင့်ကို သူတစ်ယောက်တည်း ရောက်ဖို့က
မဖြစ်နိုင်တာ သေချာ၏။ သူက နိုင်ငံအတွင်းရှိ
ကျန်သည့် ထိပ်တန်း ပါမောက္ခများနှင့်

လက်တွဲဆောင်ရွက်မှသာလျှင် ထိုအဆင့်ကို ရောက်နိုင်သည်။

" လောင်တု မင်းက ဒါကို ပြောတော့ ငါ့မျက်နှာကို ဖျက်ရိုက်နေတာပဲ။ ငါ တော်ဝင်အစီအရင်တစ်ခု တည်ဆောက်ခဲ့တယ်။ ဒါပေမဲ့ အဲ့ဒါကို နိုင်ငံထဲက ငါနဲ့ တခြားထိပ်တန်းအစီအရင် သခင်တွေ တည်ဆောက်ခဲ့တာ။ ငါတစ်ယောက်တည်း ဒီအဆင့်ကို ရောက်ဖို့ဆိုတာ မဖြစ်နိုင်တာ သေချာတယ် "

တုချန်ဖုန်းက အနည်းငယ် အံ့အားသင့်သွားလေ၏။

" မင်းက စီရင်စုဇုခုလုံးမှာ ထိပ်တန်းအစီအရင်သခင်တွေထဲက

တစ်ယောက်လို့ သတ်မှတ်လို့ ရတယ်။ ဒါတောင်မှ မိုးနဲ့မြေရဲ့ ဖြစ်စဉ်ကို ဖော်ဆောင်နိုင်တဲ့ မဟာအစီအရင်တစ်ခု မဖန်တီးနိုင်သေးဘူးလား "

တုချန်ဖုန်းသည် ယခင်က ကျင်းတူသိုင်းကျောင်းတော်၌ ပါမောက္ခတစ်ယောက် ဖြစ်ခဲ့သော်ငြား အမှန်တကယ်တွင် သူသည် အစီအရင်အကြောင်း များများစားစား မသိပေ။

ဆိုရိုးစကားအတိုင်းပင် သူတို့ကို တောင်တစ်တောင်က ခွဲချလိုက်သည့်ပမာ ဖြစ်နေ၏။ သူသည် အစီအရင်များအကြောင်း

မသိနိုင်သောကြောင့် အစီအရင်၏ အဆင့်က ကောင်းလားဆိုးလား သူ မသိပေ။

နောက်တစ်စက္ကန့်တွင် ကျန်းဟိုင်တစ်မြို့လုံးက စုပ်ယူသည့် ဝိညာဉ်တန်းစွမ်းအား အရှိန်သည် ရုတ်တရက် ကြမ်းတမ်းလာတော့၏။

ပင်လယ်ထဲရှိ ရေဝဲကြီး ပေါ်ပေါက်လာပြီး အနီးပတ်ဝန်းကျင်ရှိ ပင်လယ်ရေများကို မြိုချလိုက်သည့်ပမာ ဖြစ်နေ၏။

" ဘုရားရေ "

လူတိုင်းက အထိတ်တလန့် ထုတ်ပြောမိသွားသည်။

ဝိညာဉ်စွမ်းအင် စုပ်ယူသည့် အရှိန်က
မြန်ဆန်လွန်းပြီး ချန်ချင်းရှမ် တည်ဆောက်သည့်
အစီအရင်ထက်တောင် ပိုမြန်ဆန်၏။

ချန်ချင်းရှမ် တည်ဆောက်ထားသည့်
ဝိညာဉ်စုသည်းခြင်း အစီအရင်သည် ကွမ်းလျန်
ယခင်တည်ဆောက်ထားသည့် ဝိညာဉ်စုစည်းခြင်း
အစီအရင်ထက် အဆပေါင်းများစွာ ပိုသန်မာနေပြီး
ဖြစ်သည်။

ယခုအချိန်တွင် အမည်မသိ ဝိညာဉ်စုစည်းခြင်း
အစီအရင်က ချန်ချင်းရှမ် တည်ဆောက်ထားသည့်
အစီအရင်ကို ချက်ချင်း  လွှမ်းသွားတော့သည်။
ယင်းက အစွမ်းထက်လွန်း၏။

ထိုမြင်ကွင်းကို မြင်တွေ့ရသောအခါ ချန်ချင်းရှမ်က သက်ပြင်းဖျော့ဖျော့ ချလိုက်မိတော့၏။

" မင်းထက် တော်တဲ့သူ တစ်စုံတစ်ယောက်ကတော့ အမြဲတမ်း ရှိနေမှာပဲ။ တစ်စုံတစ်ယောက်က အမြဲတမ်း ပိုတော်နေမှာ။ တကယ်ကို စစ်မှန်တဲ့ အစီအရင်သခင်တစ်ယောက်ပဲ "

" သူနဲ့ ယှဉ်ရင် နိုင်ငံရဲ့ ထိပ်တန်းပါမောက္ခလို့ ခေါ်တဲ့ ငါက ကလေးလေးတစ်ယောက်လိုပဲ ခံစားရတယ်။ လုံးဝ ငါက တကယ် ကိုယ်စားမပြုနိုင်ဘူးပဲ "

" လောင်တု .. မင်းက ကျန်းဟိုင်မြို့ကနော်။ မင်း သူ ဘယ်သူလဲ သိလောက်မှာမလား "

တုချန်ဖုန်းက သက်ပြင်း အရှည်ကြီး ချလိုက်ပြီးတည်ကြည်သော အမူအယာဖြင့် ပြောလိုက်၏။

" ငါထင်တာ မှန်မယ်ဆိုရင် သူပဲ ဖြစ်လောက်မှာ။ ကျန်းဟိုင်မြို့မှာ ပြိုင်ဘက်ကင်းတဲ့ ပညာရှင်တစ်ယောက် ရှိတယ်ဆိုတာ ကြားမိလား "

" ကျန်းဟိုင်မြို့ထဲက ပြိုင်ဘက်ကင်းတဲ့ ပညာရှင်လား "

" ဟုတ်တယ်။ သူက အင်တာနက်ပေါ်မှာ အလွန်နာမည်ကြီးလာတာလေ။ သူက လူကြိုက်များတယ် "

" မင်း ပြောနေတာ စီနီယာ ခါးမော့ခါးဝိဇ္ဇာမလား။ ဒါပေမဲ့ ဒါ မဟုတ်သေးဘူးလေ။ သူက သိုင်းပညာရှင် မဟုတ်ဘူးလား "

ချန်ချင်းရှမ်က တုချန်ဖုန်းကို ဇဝေဇဝါ ကြည့်လိုက်၏။

တုချန်ဖုန်းက ကူကယ်ရာမဲ့စွာ ပြုံးလိုက်တော့သည်။

" သူက တကယ်ပဲ သိုင်းပညာရှင်တစ်ယောက် ။ ဒါပေမဲ့ တကယ်တော့ အစီအရင် ခင်းကျင်းမှုမှာ သူ့ရဲ့အောင်မြင်မှုက သာမန်လူတွေထက် သာနေပြီးသား။ အခုအချိန် ကျန်းဟိုင်မြို့မှာ သူ တည်ဆောက်ထားတဲ့ အစီအရင် ရှိသေးတယ် "

ချန်ချင်းရှမ်က မင်သက်သွား၏။ စက္ကန့်အနည်းငယ်ကြာပြီးနောက် ဝိညာဉ်တန်း

စွမ်းအားစီးကြောင်းများစွာက ကျန်းဟိုင်မြို့ထဲ စီးဝင်သွားတာကို ကြည့်ပြီး သူ

သက်ပြင်းချလိုက်လေ၏။

" အံ့သြစရာပဲ။ ကမ္ဘာပေါ်မှာ ဒီလိုပြိုင်ဘက်ကင်းတဲ့ အစီအရင်သခင်တစ်ယောက် တကယ်ကြီး

ရှိနေတာကိုး။ ငါ သူ့ကို တကယ်လေးစားမိတယ် "

ကျန်းဟိုင်မြို့၏ မရေမတွက်နိုင်သော သိုင်းပညာရှင်များသည် ဝိညာဉ်တန်းစွမ်းအား

စုပ်ယူမှု အရှိန် ရုတ်တရက် တိုးလာတာကို ခံစားမိသည့် အချိန်၌ ကြက်သေ သေသွားမိသည်။

" ဘာဖြစ်တာလဲ။ မြို့က ဒီလောက်များတဲ့ ဝိညာဉ်တန်းစွမ်းအားတွေ ဘယ်လိုလုပ် ရုတ်တရက်ကြီး တိုးလာရတာလဲ "

" ဒီအရှိန်က နည်းနည်းလေး မြန်လွန်းမနေဘူးလား "

" ငါ ကြားတာတော့ နိုင်ငံက ထိပ်တန်းအစီအရင်သခင်ကို စီရင်စုဇုခု မဟာမိတ်ကနေ ကြေးစီရင်စုကနေပြီး အစီအရင် တည်ဆောက်ဖို့ လွှတ်ထားတာတဲ့။ ဒီအစီအရင်ကို သူ တည်ဆောက်တာများ ဖြစ်နေမလား "

" ဒါ မဖြစ်နိုင်ဘူး။ ဒီအစီအရင် အခင်းအကျင်းက ကြေးမြို့မှာရှိတဲ့ ဝိညာဉ်စုစည်းခြင်း

အစီအရင်ထက် ပိုကောင်းအားကောင်းတယ်လို့ ငါ ဘာကြောင့် ခံစားမိနေတာပါလိမ့် "

" ဒါကို သူတို့ တည်ဆောက်ခဲ့တာဆိုရင် ကြေးစီရင်စုထဲက တည်ဆောက်တာက ဘာကြောင့် ပိုမကောင်းရတာလဲ "

စာကြည့်တိုက်ထဲတွင် ဒါရိုက်တာအသစ် ကျန်းချန်က မျက်ဝန်းများ မှေးကျဉ်းလိုက်၏။

" ဒီအစီအရင် သိပ်ကို အားကောင်းလွန်းတယ်။ မဟာမိတ်က ချန်ချင်းရှမ်ကို အစီအရင် တည်ဆောက်ဖို့ ပို့ခဲ့တာ။ သူများဖြစ်နေနိုင်မလား "

မဖြစ်နိုင်ဘူး။ အဲ့ဒီကလေးရဲ့အဆင့်ကို
ငါတွေ့ခဲ့ပြီးပြီ။ သူက ဒီအဆင့်နဲ့ ဝေးသေးတယ်။

ထိုအချက်ကို တွေးမိပြီးနောက် သူသည် အပြင်သို့
ထွက်ကာ ဂရုတစိုက် အာရုံခံလိုက်၏။ ဒီတော့မှ
အစီအရင် ဗဟိုသည် ဓါးမော့ဓါးဝိဇ္ဇာ၏
သူ့အောက်က လာကြောင်း ခံစားမိလိုက်၏။

ဒါက ကျန်းဟိုင်မြို့ရဲ့ဓါးမော့ဓါးဝိဇ္ဇာလား။
အစီအရင်မှာ သူ့ရဲ့အောင်မြင်မှုက
ထိတ်လန့်ဖွယ်ကောင်းတဲ့ အဆင့်ကို တကယ်ကြီး
ရောက်နေပြီလား။

စီရင်စုဇုခုထဲမှာ သူ့ထက် ပိုသန်မာတဲ့
အစီအရင်သခင်တစ်ယောက် ငါ တစ်ခါမှ
မတွေ့ခဲ့ဖူးဘူး။

ခါးမော့ခါးဝိဇ္ဇာ ခင်ဗျားက ဘယ်သူများလဲ။

လျှိုချန်စွင်းကလည်း ထိုပြောင်းလဲမှုကို
ခံစားလိုက်မိ၏။

သူက ပြတင်းပေါက်ဘေး လျှောက်လာပြီး
ခါးမော့ခါးဝိဇ္ဇာ၏ ရုပ်ထုကို စိုက်ကြည့်လိုက်သည်။

စီနီယာ ဒီတစ်ခေါက် အမှောင်ထဲမှာ
ထပ်လှုပ်ရှားပြန်တာက ခင်ဗျားကတော့
ထင်တဲ့အတိုင်းပါပဲ ဒီကမ္ဘာကြီးမှာ

ခင်ဗျားတစ်ယောက်ပဲ ဒီလောက်
ထိတ်လန့်ဖွယ်ကောင်းပြီး မိုးမြေကို
သိပ်သိပ်တုန်စေမှာ စိုးရိမ်မိတယ်။

ထိုသို့တွေးမိပြီးနောက် သူ၏ အကြည့်က
အခန်းတံခါးဝရှိ ဒါရိုက်တာဆီသို့ အလိုအလျောက်
ကြည့်မိသွားသည်။

အဲ့ဒီလူက အသစ်ဝင်လာတဲ့ ဒါရိုက်တာ
မဟုတ်ဘူးလား။ သူ့အမူအယာအရ ဒါက
ခါးမော့ခါးဝိဇ္ဇာရဲ့ လုပ်ရပ်ဖြစ်ကြောင်း
ခန့်မှန်းမိပြီးသား ဖြစ်နေနိုင်မလား။

သူက အတော်အရည်အချင်း ရှိတာပဲ။

ရှန်းထျန်းဆဌမအဆင့်

သိုင်းပညာရှင်တစ်ယောက်လောက်က ဒီအချက်ကို တကယ်မြင်နိုင်တယ်။ သူက မရိုးရှင်းဘူးပဲ။

ယခုအချိန်တွင် အရှူးသွပ်ဆုံး တုံ့ပြန်မှုက အစီအရင်ထဲရှိ မွေးမြူရေးတိရစ္ဆာန်များ၏ တုံ့ပြန်မှုပဲ ဖြစ်သည်။

ယွဲ့ရှောင်သည် သူတို့ကို ပျိုးထောင်ပေးခြင်းကြောင့် သူတို့ပြောခဲ့ပေးသည့်တိုင် ယင်းက စကားလုံးများသာ ဖြစ်သည်။ သို့သော်ငြား သူက အမှန်တကယ် ဆောက်ရွက်ချင်သည်ဆိုလျှင် အချိန်အတော်ကြာ ယူရဦးပေမည်။

ဆိုရလျှင် ပြင်ဆင်သည့်အချိန် တစ်ခုတည်းကပင်
သူတို့၏ မြှင့်တင်ချင်ပါက သူသည်
အံ့ဖွယ်ချီရှန်းများ လိုအပ်ချင်ပါက သူတို့၏
ကျင့်စဉ်ကို
မြှင့်တင်ဖို့ပြင်ဆင်ရသည့်အချိန်တစ်ခုတည်းကပင်
မတိုတောင်းပေ။

သူတို့ ရင်ထဲ၌ အနည်းဆုံး တစ်လ သို့မဟုတ်
ထိုထက်တောင် အချိန်ကြာ ယူရလောက်ပေ၏။

အဆုံးတွင်မူ ယွဲ့ရှောင်သည် မနက်က
ပြောပြီးညအချိန်၌ အကောင်ထည်
စဖော်လိမ့်မည်ဟု သူ မထင်ထားပေ။

အရှိန်က နည်းနည်းတော့ မြန်လွန်းနေတယ်မလား။

သူတို့ကို ပိုတောင် အံ့အားသင့်သွားစေသည်က

ထိုအစီအရင်ထဲတွင် ဝိညာဉ်စွမ်းအား စုပ်ယူသည့်

အရှိန်သည် ယခင်ကထက် အဆ၂၀

ပိုသန်မာလာတာပဲဖြစ်သည်။

အံ့ဩဖို့ ကောင်းလိုက်တာ။

ထိုဝိညာဉ်စုစည်းခြင်း အစီအရင်ဖြင့် သူတို့က

အစီအရင် ဗဟိုချက်ထဲတွင် ရှိနေလေရာ သူတို့

ပတ်ဝန်းကျင်၌ ဝိညာဉ်စွမ်းအား ထောက်ပံ့မှု မည်မျှ

သိပ်သည်းပြီး အားကောင်းမည်ဆိုတာ

မှန်းဆနိုင်ပေ၏။

ယင်းက သူတို့၏ ကျင့်ကြံမှုကို ယခင်ကနှင့် ယှဉ်လျှင် အဆ၂၀ကျော် တန်းတိုးသွားစေတာပဲ ဖြစ်သည်။

" ယွဲ့ရှောင်ကတော့ ထင်တဲ့အတိုင်းပဲပေါ့။ သူက တကယ်သန်မာတယ်။ ပုံမှန် မဟုတ်တာပဲ "

" ဒီမွေးမြူရေးတိရစ္ဆာန်ရဲ့ဘဝက အခုမှ စတင်ခါစပဲ။ ဒီနည်းလမ်းကို သူသာ စောစောတုန်းက သုံးခဲ့ရင် အဲ့ဒီတုန်းက ငါ သူနဲ့ အကြာကြီး အငြင်းပွားခဲ့မှာ မဟုတ်ဘူး။ ငါ သူ့ရဲ့ မွေးမြူရေးတိရစ္ဆာန်ပဲ လုပ်လိုက်မှာပေါ့ "

" ဒါက ကမ္ဘာမြေပေါ်က သုခဘုံပဲလေ။
ဒီမွေးမြူရေးကွင်းက ပိုပိုပြီး စိတ်ကျေနပ်ဖို့
ကောင်းလာပြီ။ အံ့ဩဖို့ ကောင်းလိုက်တာ "

ကြယ်တာရာသားရဲ့များအနက်
စိတ်အလှူပ်ရှားဆုံးက ဆာမြူရယ်သာ ဖြစ်သည်။

နှစ်ပေါင်းများစွာ ကြာပြီးနောက် ခွန်အားနတ်ဘုရား
ချင်းနျိုနှင့် စစ်နတ်ဘုရား ဖုန်းလုံတို့သည်
ကျားနတ်ဘုရားလက်အောက်ရှိ
မဟာစစ်သူကြီးသုံးဦးအဖြစ် သိကြသည်။

သို့သော်ပြား လူတိုင်း မသိသည်က
ခွန်အားနတ်ဘုရား ချင်းနျိုနှင့် စစ်နတ်ဘုရား
ဖုန်းလုံတို့က သူ့ကို အထင်သေးကြတာပဲ

ဖြစ်သည်။ သူ၏ ခွန်အားက

မလုံလောက်သောကြောင့် ဖြစ်သည်။

ခွန်အားနတ်ဘုရား ချင်းနို့နှင့် စစ်နတ်ဘုရား ဖုန်းလုံသည် အံ့ဖွယ်အဆင့်အောက် သားရဲဖြစ်နေပြီ ဖြစ်သည်။ သူသာလျှင် ရှန်းထျန်း နဝမအဆင့် အံ့ဖွယ်ချီရှန်း အထွတ်အထိပ်၌ ရှိနေတာဖြစ်ပြီး အံ့ဖွယ်အဆင့်အောက် နယ်ပယ်သို့ ရောက်ရန် ဝေးနေသေးသည်။

ထိုအကြောင်းအရင်းကြောင့် သူသည် အမြဲတမ်း ဒုက္ခတွေ့ခဲ့၏။ သူ၏ ကျင့်ကြံမှု မလုံလောက်သောကြောင့် ဒုက္ခတွေ့ခဲ့သည်။ သူ့ရင်ထဲတွင် သူက အရေအတွက်များကို

ဖြည့်ရမည်ဟုတောင် ခံစားမိခဲ့သည်။ သို့သော်ပြား ကိစ္စရပ်များက ယခု ပြောင်းလဲသွားပြီ ဖြစ်သည်။

ထိုဝိညာဉ်စုစည်းခြင်း အစီအရင်ဖြင့် ယနေ့မှစကာ သူက အမြန်ဆုံး အရှိန်ဖြင့် ကျင့်ကြံတော့မည်။

ထိုအရှိန်က ကျားနတ်ဘုရားဘေး၌ ကျင့်ကြံခြင်းထက်တောင် ပိုမြန်ဆန်၏။

သူသည် ဖြစ်နိုင်သည့် အတိုတောင်းဆုံးသော အချိန်အတွင်း အံ့ဖွယ်အဆင့်အောက် သားရဲနယ်ပယ်သို့ ရောက်အောင် ကျင့်ကြံနိုင်မှာ သေချာ၏။

ယင်းက မဟုတ်ပေ။ သူ မှတ်မိတာသာ မှန်မည်ဆိုလျှင် ယဲ့ရှောင်က သူတို့၏ ကျင့်ကြံမှု မြင့်တက်အောင် ကူညီပေးမည်ဟု ဆိုခဲ့သည်။ ထို့ကြောင့် သူ၏ ကျင့်ကြံမှုၡ တိုးတက်လာရန် အရှိန်မြှင့်တင်ဖို့ ကျန်သည့်နည်းလမ်းများ သုံးလောက်သည်။

ဤနည်းဖြင့် သူသည် ချင်းနျိုနှင့် ဖုန်းလုံတို့ထက် သာသွားလောက်ပေ၏။

ဆာမြူရယ်က ထိုအကြောင်းကို တွေးလေလေ သူ ပိုစိတ်လှုပ်ရှားလာလေ ဖြစ်၏။ စိတ်လှုပ်ရှားလွန်းသောကြောင့် သူ၏ ခန္ဓာကိုယ်က စတင်တုန်ယင်လာသည်။

နှစ်ပေါင်းတစ်ထောင်ကျော် ကြာညောင်းခဲ့၏။ နှစ်ပေါင်း တစ်ထောင်။ သူသည် အခြေအနေ ပြောင်းနိုင်မည့် အချိန်ကာလကို စောင့်ဆိုင်းနေခဲ့တာပဲ ဖြစ်၏။

ဤချိတ်ပိတ်မှုထဲကနေ သူ ထွက်လာချိန် ခွန်အားနတ်ဘုရား ချင်းရှို့ သို့မဟုတ် စစ်နတ်ဘုရား ဖုန်းလုံဖြစ်စေ သူတို့နှစ်ယောက်လုံးက ဖုန်အဖြစ် ပြောင်းလဲသွားလောက်ပြီ ဖြစ်၏။ သူတို့ ဖုန်အဖြစ် မပြောင်းလဲလျှင်တောင် ကိစ္စမရှိပေ။ သူက ကဏ္ဍအားလုံး၌ သူတို့ထက် အမှန်တကယ် သာလွန်သည့် ကြယ်တာရာသားရဲတစ်ကောင် ဖြစ်လာမည် ဖြစ်သောကြောင့်ပင်တည်း။

သူက စစ်မှန်သည့် အံ့ဖွယ်သားရဲကောင်း ဖြစ်လာလိမ့်မည်။

သူ၏ တိုးတက်မှုကို အရှိန်မြှင့်တင်ရန် ယွဲ့ရှောင်ကို အသားနှင့် သွေးများ ပိုပေးသင့်သည်လော။

သူက ကလေးတစ်ယောက်ကို မဆုံးရှုံးနိုင်လျှင် ဝံပုလွေတစ်ကောင်ကို မရနိုင်။ ထို့ကြောင့် သူက အညှာတာမဲ့ကောင်း မဲ့မည်။ အဆုံးတွင်မူ သူက နေ့စဉ်နေ့တိုင်း သူ၏ တောင်ပံတစ်ခုနှင့် ခြေတစ်ချောင်းကို ခုတ်ပေးရုံသာ ဖြစ်သည်။ ယခု သူက တောင်ပံနှစ်ချောင်းနဲ့ ခြေနှစ်ချောင်း နေ့စဉ်နေ့တိုင်း ခုတ်ပေးနိုင်၏။

မည်သည့်နည်းနှင့်မဆို ယုံရှောင်၌ ကုသခြင်းကျင့်စဉ် ရှိသည်။ ထို့ကြောင့် သူ သေသွားမှာ မဟုတ်ပေ။ သူ၏ ဒဏ်ရာများကလည်း လျင်မြန်စွာ ပျောက်ကင်းသွားလိမ့်မည်။

သူသည် ကျင့်ကြံဆင့်ကို ပိုမြန်ဆန်စွာ မြှင့်တင်နိုင်ရန် ပိုကောင်းတာ တစ်ခုခု ပေးနိုင်လောက်၏။

ထိုအကြောင်းကို တွေးမိပြီး ယင်းက သူ့ကို ပျော်ရွှင်သွားစေတော့သည်။

ယုံရှောင်သည် ထိုအခြေအနေကို တွေးမိပြီးတာ ကြာပြီဖြစ်၏။ ထို့ကြောင့် မလှုပ်ရှားသွားပေ။

ထို့အပြင် သူ၏ ပန်းတိုင်က ကျန်သည့်လူများနှင့် မွေးမြူရေးတိရစ္ဆာန်များထက် ပိုပြီး ရည်မှန်းချက်ရှိသည်။ သူ လိုချင်သည်က အချိန်တိုအတွင်း အံ့ဖွယ်အဆင့်အောက်နဲ့ အံ့ဖွယ်အဆင့် သားရဲများကို မွေးမြူချင်တာပဲ ဖြစ်သည်။ သို့မှသာ သူ့ကို ကျင့်ကြံရာ၌ ကူညီပေးနိုင်သည့် ပိုသန်မာသော သွေးနှင့် အသားများ ထောက်ပံ့ပေးနိုင်မှာ ဖြစ်သည်။

ထိုသို့ပြုလုပ်ပြီးနောက် သူသည် အစီအစဉ်၏ နောက်ထပ် ခြေလှမ်းကို စတင်ရန် သူ့အိမ်သို့ ပြန်သွားလိုက်သည်။

တစ်ဖက်တွင်မူ ကျန်းဟိုင်မြို့အထက်
ကောင်းကင်ထဲ၌ အရိပ်နှစ်ရိပ် ပေါ်လာသည်။
တစ်ရိပ်က အရပ်မြင့်ပြီး တုတ်ခိုင်ပြီး။
ကျန်တစ်ရိပ်က ပိန်ပါးပြီး အရပ်ရှည်သည်။

" ဒီနေရာက ကျန်းဟိုင်မြို့ဖြစ်လောက်တယ်
ဟုတ်တယ်မလား "

" ဒီနေရာက ကျားနတ်ဘုရားက လူသားကေရာဇ်၏
သွေးမျိုးဆက်ကို ရှာတွေ့တဲ့ နေရာပဲ "

" စူဇန်၊ မော့ယွီနှင့် သံမဏိကျွဲရိုင်းတို့လည်း
ဒီနေရာမှာပဲ ပျောက်သွားတာ။ နောက်တော့ အဲ့ဒီ
ဆာမြူရယ် ငတုံးက ရောက်လာပြီး
ပျောက်သွားတာလေ "

" ဟုတ်တယ်။ ဒါက ကျန်းဟိုင်မြို့လေးပဲလေ။ ယုတ္တိရှိရှိ ပြောရရင် ပါရမီရှင် သိုင်းပညာရှင်တွေ များများစားစား မရှိလောက်ဘူး "

" ဒါ့အပြင် ငါ အစွမ်းထက်တဲ့ ဘာအရှိန်အဝါမှ မတွေ့မိဘူး။ ဆာမြူရယ်နဲ့ တခြားသူတွေ ဘယ်လိုလုပ် ပျောက်သွားတာလဲ "

" ထားလိုက်တော့။ တစ်ချက် သွားကြည့်ရအောင်။ ငါတို့တွေ မေးစမ်းဖို့ လူသားတစ်ယောက် ရှာလိုက်မယ်။ ရလဒ်တစ်ခုခု ဒါမှမဟုတ် တခြားတစ်ခု မြင်တွေ့ရမလား ကြည့်ကြသေးတာပေါ့ "

အပိုင်း ၂၅၃ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၄ ဗရမ်းဗတာ တိုက်ပွဲ။ ဒီမြို့က သိပ်ကြောက်ဖို့ ကောင်းလွန်းတယ်။

ချင်းရှိုးနှင့် ဖုန်းလုံက မြေပြင်ပေါ် ဖြည်းဖြည်းချင်း ဆင်းသက်လာ၏။

ကြယ်တာရာသားရဲ့နှစ်ကောင်က  ကျန်းဟိုင်မြို့၏ သိုင်းစာကြည့်တိုက်ကို ကြည့်လိုက်ကြသည်။

တခြားသော အကြောင်းအရင်းကြောင့် မဟုတ်ပေ။ ကျန်းဟိုင်မြို့၏ သိုင်းစာကြည့်တိုက်က

အစွမ်းထက်သည့် ဝိညာဉ်စွမ်းအား ဝဲလျက် ရှိနေသောကြောင့် ဖြစ်သည်။

ကျန်းဟိုင်တစ်မြို့လုံး၌ အသန်မာဆုံးနေရာ ဖြစ်လောက်သည်။ ထို့ကြောင့် မေးစရာရှိလျှင် သူတို့က ဤနေရာ၌ အဖြေ သေချာပေါက် ရနိုင်၏။

ဖုန်းလုံက ဆင်းသက်ပြီး အောက်ကို ငုံ့ကြည့်လိုက်သည်။ မကြာမီ၌ သူသည် စာကြည့်တိုက်ရှေ့၌ အရိပ်တစ်ခုကို တွေ့သွား၏။

လျိုချန်စွင်း။

" ရှန်းထျန်း အဌမ အဆင့်လား။ ကြည့်ရတာ သူက လူသားမျိုးနွယ်ထဲမှာ အတော်လေး ကောင်းတဲ့သူ

ဖြစ်လောက်တယ်။ သူ့ဆီကနေ တစ်ခုခု

သတင်းရလောက်မှာပဲ။ သူ့ကို ရှာရအောင် "

နှစ်ယောက်သားက စိတ်ပြင်ဆင်ပြီးနောက်

လှိုင်ချန်စွင်းဘေးသို့ သွားလိုက်၏။

ဖုန်းလုံက ချက်ချင်း လှုပ်ရှားလိုက်သည်။

အကန့်အသတ်မဲ့ ဝိညာဉ်စွမ်းအင်က

ရောမလက်ကြီးအသွင် ပြောင်းလဲသွားပြီး

လှိုင်ချန်စွင်း၏ ပခုံးကို ဆုပ်ကိုင်လိုက်၏။

မူလက ဓါးမော့ဓါးဝိဇ္ဇာ၏ ရုပ်ထုကို ကြည့်နေသော

လှိုင်ချန်စွင်းသည် မျက်ဝန်းများ မှေးကျဉ်းကာ

အေးစက်စက် နှုတ်ခေါင်းရှုပ်လိုက်၏။

" မင်းက ဘယ်သူလဲ။ ရာရာစစ ငါ့ကို

ချုံခိုတိုက်ခိုက်ရဲတယ်လား။ မင်း သေချင်နေတာပဲ "

လျိုချုန်စွင်းက သူ့ဓါးကို လွှဲရမ်းလိုက်ပြီး

ပိုင်းဖြတ်လိုက်၏။ အားကောင်းသည့် ဓါးက

ဖုန်းလုံ၏ လက်ပေါ် ကျရောက်သွားကာ

ပေါက်ကွဲသံတစ်သံ ပေါ်လာစေ၏။

လှိုင်းများက လူများစွာကို နှိုးလာစေသည်။

စာကြည့်တိုက်ထဲရှိ သတိပေးသံ မြည်လာသည်။

စာကြည့်တိုက်မှူးများ အားလုံးက

အနောက်တံခါးဆီသို့ နောက်ဆုတ်သွားကြ၏။

လျှိုချန်စွင်း၏ အကြည့်က အေးစက်သွားသည်။

တစ်ဖက်သူက သူ့ကို ချုံခိုတိုက်ခိုက်ချင်၏။

သို့သော် အဆုံးတွင် သူ့ခါးဖြင့်သာ

ပိုင်းဖြတ်လိုက်သည်။

ထိုတိုက်ကွက်တစ်ကွက်သည် တစ်ဖက်သူကို

ဒဏ်ရာရသွားစေရန် လုံလောက်နေပြီ ဖြစ်၏။

မှန်ပေသည်။ တစ်ဖက်သူက သူ့ကို

အရှုံးလုပ်ပြီးနောက် ပြဿနာ လာရှာနေတာဟု သူ

ထင်နေတာ ဖြစ်သည်။ အသက်ရှင်ရတာ

ငြီးငွေ့နေတာပဲ ဖြစ်ရမည်။

သို့သော်ငြား ဖုန်မှုန့်များ လွင့်စင်ကျသွားပြီး

တစ်ဖက်သူကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရချိန်

လိုချုန်စွင်း၏ မျက်လုံးက ထိတ်လန့်မှုကြောင့် ပြူးကျယ်သွားလေ၏။

" ဘာ ဘာ ဘာတွေဖြစ်ကုန်တာလဲ "

သူ့မျက်လုံး သူ မယုံပေ။ သူက လှည့်ကြည့်လိုက်ပြီး ခါးကို လှဲခုတ်လိုက်၏။ ယုတ္တိရှိရှိ ပြောရလျှင် တစ်ဖက်သူသည် မည်သည့်နည်းနှင့်မဆို သူ့ကြောင့် ဒဏ်ရာရသွားလောက်၏။ သို့သော်ငြား တစ်ဖက်သူက အပြည့်အဝ ထိခိုက်မှု မရှိပေ။

သူ့ကို နှောက်နေတာလား။ ဖုန်းလုံက သူ့လက်ကို ကြည့်ပြီး နှာခေါင်းရှုံ့ပ်လိုက်လေ၏။

" ခင်ဗျားရဲ့လက်ခွန်အားက အတော်လေး သန်မာပါရဲ့။ ဒါပေမဲ့ ဖြစ်ချင်တော့ မင်းရဲ့ ကျင့်ကြံမှုက အားနည်းလွန်းတယ်။ ဒီလို လှည့်ကွက်လေးနဲ့ ငါ့ရဲ့ခုခံမှုကိုတောင် မင်း ချိုးဖောက်နိုင်မှာ မဟုတ်ဘူး "

ဖုန်း။

လျိုချန်စွင်းသည် သူ့ခန္ဓာကိုယ်ပေါ် ရှိ ကြက်သိမ်းမွေးညင်း အကုန် ထသွားတာကို ခံစားမိလိုက်၏။

အစောတုန်းက သူ့တိုက်ကွက်သည် ခွန်အားအပြည့် မသုံးထားသော်ငြား အနည်းဆုံးတော့ သူ့ခွန်အား၏

ဖိဝရာခိုင်နှုန်း ရှိသည်။ သို့သော် ယင်းက တစ်ဖက်သူ၏ ခုခံမှုကိုတောင် မဖြိုခွဲခဲ့ပေ။

သူ ခွန်အားအပြည့်ကို သုံးခဲ့လျှင်တောင် တစ်ဖက်သူကို အနည်းငယ်သာ ထိခိုက်စေလိမ့်မည်။ ခြိမ်းခြောက်မှု တစ်ရပ်ဟုတောင် မသတ်မှတ်နိုင်ပေ။

သေစမ်း။

ဒီလို အစွမ်းထက်တဲ့လူက ဘယ်နေရာက ထွက်လာတာလဲ။ ဒါတောင် တစ်ပြိုင်နက်တည်း နှစ်ယောက်တောင်လား။

ထိုစဉ် ဒါရိုက်တာ ကျန်းချန်သည်
စာကြည့်တိုက်ထဲက ထွက်လာပြီး ယင်းကို
မြင်သောအခါ သူက မျက်ခုံး ပင့်မိသွား၏။

" အစွမ်းထက်တဲ့ သူနှစ်ယောက်က ဒီနေ့ည
သေးငယ်တဲ့ ကျန်းဟိုင်မြို့လေးကို
ရောက်လာလိမ့်မယ်လို့ ငါ မထင်ထားဘူး။
အံ့သြမိတာပဲ "

ဖုန်းလုံနှင့် ချင်းနျိုက ကျန်းချန်ကို မျက်နှာဘေးဖြင့်
ကြည့်လိုက်၏။ လျိုချန်စွင်းက ချက်ချင်း
ပြောလိုက်တော့သည်။

" ဒါရိုက်တာကျန်း မြန်မြန် နောက်ဆုတ်။
ဒီနှစ်ယောက်က အင်မတန် အစွမ်းထက်တယ်။

ခင်ဗျားတစ်ယောက်တည်းနဲ့ သူတို့ကို မဖြေရှင်းနိုင်ဘူး။ ကျုပ်တောင် ခဏပဲ ထိန်းထားနိုင်မှာ။ စီရင်စု ၉ ခု မဟာမိတ်ကို သွားအကြောင်းကြားလိုက်။ သူတို့ခွန်အားက အနည်းဆုံးတော့ ရှန်းထျန်းနယ်ပယ် နဝမအဆင့်မှာ ရှိတယ် "

ဖုန်းလုံက အေးစက်စက် ပြုံးလိုက်၏။

" ဒီနေ့ သူ လွတ်မြောက်နိုင်မယ် ထင်နေလား။ ဒီည ဒီနေရာမှာရှိတဲ့ လူသားအားလုံး သေရမယ် "

ချင်းနျိုက အေးစက်စက် ပြောလိုက်သည်။

" ဖုန်းလုံ ဆော့ကစားနေတာ ရပ်လိုက်တော့။ ပိုအရေးကြီးတာက ဆာမြူရယ်နဲ့ တခြားသူတွေကို မြန်မြန် ရှာဖို့ပဲ "

" သိပြီ "

ဖုန်းလုံက မပျော်မရွှင် တုံ့ပြန်လိုက်ပြီးနောက် တန်းတိုက်ခိုက်လိုက်တော့သည်။

သူသည် ယခင်ကဲ့သို့ ကျန်းချန်ကို ဆုပ်ကိုင်ရန် လက်တောင် ဆန့်ထုတ်ခဲ့သည်။ ထိုအစား သူ၏ခွန်အား အစစ်အမှန် တစ်စိတ်တစ်ပိုင်းကို ပြသလိုက်၏။ ကြောက်မက်ဖွယ်ကောင်းသော စွမ်းအင်တို့ စီးထွက်လာသည်။ လျိုချန်စွင်းက ရုတ်တရက် တုန်ယင်သွားလေ၏။ သူ၏ ဝိညာဉ်က

ရေခဲချောက်ထဲ ကျသွားသည့်ပမာ ခံစားလိုက်ရသည်။

အားကောင်းလိုက်တာ။ အစွမ်းထက်လိုက်တဲ့ ကျင့်ကြံမှုပဲ။

သူ ခန့်မှန်းတာ မှားယွင်းသွား၏။ ထိုလူက ရှန်းထျန်းနယ်ပယ် နဝမအဆင့်တွင် ရှိတာ မဟုတ်ပေ။ သူက အံ့ဖွယ်အဆင့်အောက် သားရဲအခြေအနေသို့ ရောက်နေပြီး ဖြစ်သည်။ သူ ကံဆိုးမိုးမှောင်ကျလေပြီ။ ယခုအချိန်၌ သူ သေချာပေါက် သေတော့မည်။

နောက်တစ်စက္ကန့်တွင် ဖုန်းလုံက သူ၏ လက်ကို ဖျော့ရမ်းလိုက်၏။ လက်သည်းရာ သုံးရာက

ချွန်ထက်သော လေခါးသွား သုံးစင်းအဖြစ်
ပြောင်းပြီး လိုချုန်စွင်းဆီသို့ ဦးတည်သွားလေ၏။

ထိုခွန်အားက သန်မာလွန်းသည်။ ကျန်လူသည်
လိုချုန်စွင်း၏ ခန္ဓာကိုယ်ကို သူ၏ အရှိန်အဝါကို
အားကိုးပြီး ဖိနှိပ်ထားတာ ဖြစ်သည်။ သူ
လှုပ်တောင် မလှုပ်နိုင်ခဲ့ပေ။ တိုက်ခိုက်မှု အရှိန်က
မြန်ဆန်လွန်းရာ သူ၏ ခေါင်းမွေးများကို
ထောင်ထသွားစေ၏။

လိုချုန်စွင်းက ၄င်းကို အပြည့်အဝ မပိတ်နိုင်ခဲ့ပေ။
သူသည် ကျန်သူ၏ တိုက်ကွက်က သူ့ခန္ဓာကိုယ်ပေါ်
ကျရောက်လာတာကိုသာ ကူကယ်ရာမဲ့စွာ
ကြည့်နေရုံ ရှိသည်။

ပြီးသွားချေပြီ။ ယခုအခေါက်၌ သူ အမှန်တကယ်
သေပြီဖြစ်သည်။

သိုင်းပညာရှင်များကြားထဲ၌ လူတစ်ယောက်က
ပိုသန်မာလေ တိုက်ကွက်ကြောင့် ဖြစ်ပေါ်စေသည့်
အဖျက်စွမ်းအားက ပိုကြီးမားလေ ဖြစ်သည်။

သူသည် ယခင်က ရှန်းထျန်း နဝမအဆင့်
အံ့ဖွယ်ချီရှန်းတစ်ယောက်ကို
တွေ့ကြုံခဲ့ဖူးသည်ဟုဆိုလျှင်
တိုက်ကွက်တစ်ကွက်၏ စွမ်းအားက သူ၏
ခန္ဓာကိုယ်ကို အလွန်ဆုံးမှ ဒဏ်ရာ
ပြင်းပြင်းထန်ထန် ရစေပြီး သေခြင်းတရား
အစွန်းသို့ ရောက်စေရုံသာ ဖြစ်သည်။

ယခုအချိန်တွင်မူ ထိုတိုက်ကွက်က သူ့ကို ချက်ချင်း သေသွားစေပြီး သွေးမြူမျှားအဖြစ် ပေါက်ကွဲသွားစေမှာ သေချာ၏။

ထိုအချိန်ရောက်လျှင် စီနီယာ ခါးမော့ခါးဝိဇ္ဇာတောင် သူ့ကို ကယ်တင်နိုင်တော့မှာ မဟုတ်ပေ။ ကျန်းဟိုင်မြို့တွင် သူ နေထိုင်ရသည့် တစ်ခုတည်းသော အကြောင်းအရင်းမှာ စီနီယာ ခါးမော့ခါးဝိဇ္ဇာကို မြင်တွေ့ရန်သာ ဖြစ်သည်။ အဆုံးတွင်မူ သူက စီနီယာ ခါးမော့ခါးဝိဇ္ဇာကို မတွေ့ရရုံသာမက အသတ်ခံရတော့မည်။ သူက စိတ်ပျက်အားငယ်မှုကို ခံစားနေရ၏။

သူ၏ မျက်လုံးထဲရှိ အလင်းရောင်ခြည်က
ကြီးသည်ထက် ပိုကြီးလာ၏။ သူ့ခန္ဓာကိုယ်က
ထိုစွမ်းအားကြောင့် တစ်စစီ
ဖြစ်တော့မည်ဟုတောင် ခံစားနေရသည်။

သို့သော် ထိုစဉ် မတော်တဆမှုတစ်ခု ရုတ်တရက်
ဖြစ်ပွားသွား၏။ ရွှေရောင်အလင်းရောင်ခြည်က
လျို့ချန်စွင်းနား ရုတ်တရက် ရစ်ပတ်လိုက်သည်။

ဖုန်း။

နောက်တစ်စက္ကန့်တွင် ပေါက်ကွဲမှုက ရုတ်တရက်
ပေါ်ထွက်လာပြီး မှိုပွင့်တိမ်တိုက်ကြီးက
ကောင်းကင်ထဲ မြောက်တက်သွား၏။

ဖုန်းလုံက မျက်ခုံးအနည်းငယ် ပင့်လိုက်လေ၏။ သူက တစ်စုံတစ်ခု မှုမမှန်တာကို ဝေဝါးဝါး ခံစားလိုက်မိသည်။

ဖုန်မှုန့်များ လွင့်ပြယ်သွားချိန်၌ လျိုချန်စွင်းသည် ထိုနေရာ၌ အကောင်းပကတိ ရပ်နေလေ၏။ ဖုန်းလုံက အံ့သြသွားမိသည်။ ချင်းနျိုကလည်း အံ့သြသွား၏။ သူ၏ မျက်လုံးထဲ၌ ထူးဆန်းသည့် အကြည့် ရှိနေလေသည်။

" ဟား ဟား ဟား။ ဒါက ပြောရရင် လူသားမျိုးနွယ်ရဲ့နယ်မြေပဲလေ။ စာကြည့်တိုက် ဒါရိုက်တာ လျိုချန်စွင်းက အခု ငါ့ရဲ့ လက်အောက်ဝန်ထမ်းပဲ။ မင်း သူ့ကို

သတ်မယ်ဆိုရင် စီရင်စု ၉ ခုထဲမှာ ငါ ဘယ်လို ရှင်သန်ရတော့မလဲ "

လို့ချန်စွင်းက လှည့်ကြည့်လိုက်၏။ သူက စာကြည့်တိုက်၏ ဒါရိုက်တာအိုကြီးကို ကြည့်နေလိုက်သည်။ သူက အံ့သြဆွံ့အသွားတော့သည်။

ဘာတွေဖြစ်နေတာလဲ။

သူ့ရဲ့ကျင့်ကြံဆင့်က ရှန်းထျန်းနယ်ပယ် ဆဌမအဆင့် အထွတ်အထိပ်မှာပဲ ရှိသင့်တာမလား။ အံ့ဖွယ်အဆင့်အောက်သားရဲရဲ့ တိုက်ခိုက်မှုကို သူက ဘယ်လိုလို့ ခံနိုင်ရည်ရှိတာလဲ။ သူ အိမ်မက်မက်နေတာလား။

ဒါရိုက်တာက ရှန်းထျန်းနယ်ပယ်

ဆဌမအဆင့်မှာရှိတဲ့ သိုင်းပညာရှင်

မဟုတ်ဘူးလား။ သူက

ပါရမီရှင်တစ်ယောက်ပဲလား။

ဘုရင်နယ်ပယ်အောက်က

လူသားတစ်ယောက်လား။

သူ့ကို အားနည်းလွန်းသည်ဟု လျို့ချန်စွင်း

တွေးခဲ့တာ ဖြစ်သည်။ အလေးတောင် မထားခဲ့ပေ။

ကျန်းဟိုင်မြို့တွင် ဓါးမော့နတ်ဘုရား လီလျို့ဆွေ့နှင့်

ဓါးမော့ဓါးဝိဇ္ဇာတို့မှလွဲလျှင် သူက

အင်အားအကြီးဆုံး လူဟု ထင်ခဲ့၏။ သူက

ယခုအချိန်ထိ သဘောမပေါက်သေးပေ။

သူကသာလျှင် လူပြက်ဖြစ်နေပုံ ပေါ်သည်။

ဖုန်းလုံနှင့် ချင်းနျိုက လေးနက်တည်ကြည်သော အကြည့်များဖြင့် ကျန်းချန်ကို တစ်ချက်ကြည့်လိုက်သည်။ တစ်ချိန်တည်းတွင် သူတို့က တိုက်ခိုက်လိုစိတ် ပေါ်လာ၏။

" စိတ်ဝင်စားစရာပဲ။ ငါ ဒီကို အကြောင်းမဲ့ လာခဲ့တာ မဟုတ်ဘူးနဲ့ တူပါရဲ့ "

" မင်းရဲ့ခွန်အားနဲ့ဆို မင်းက ဆာမြူရယ်ကို အနိုင်ယူနိုင်လောက်မှာ။ သူ့ကို ဖမ်းလိုက်တာ မင်းပဲဖြစ်မယ်။ ဒီလိုဆိုမှတော့ မင်းကို ဖမ်းပြီး ဆာမြူရယ်ကို လွှဲပေးဖို့ ပြောရတော့မှာပဲ "

ဖုန်းလုံ၏ အကြည့်တို့က ရက်စက်ကြမ်းကြုတ်သွားလေ၏။

" ချင်းနို့ ဒီလူကို ငါ အရင်ရှာတွေ့တာ။ သူ့ကို မတိုက်ခိုက်နဲ့။ သူ့ကို ငါ့လက်နဲ့ အပိုင်းပိုင်း စုတ်ဖြဲပစ်မယ် "

ချင်းနို့က ရယ်မောလိုက်၏။

" ဒါ အလုပ်မဖြစ်ဘူး။ ငါ မတိုက်ခိုက်ရတာ အတော်ကြာပြီ။ ငါ့လက်တွေ ယားနေတာ ကြာရောပေါ့။ ဒီနေ့ သူ့ကို သတ်ရမယ်။ အရှင်ကျားနတ်ဘုရား လာရင်တောင် ဒီလိုပဲ ပြောမှာပဲ "

ဖုန်းလုံ၏ မျက်နှာက အေးစက်သွားလေ၏။

" မင်းက ငါနဲ့ တိုက်ခိုက်ချင်တာလား "

" တိုက်ခိုက်မယ်ဆိုလည်း စိတ်မရှိဘူးနော် "

အုံ့ဖွယ်အဆင့်အောက် သားရဲနှစ်ကောင်ကြားရှိ အခြေအနေက တင်းမာလာတော့သည်။

တင်းမာမှုက ရန်လိုမှုများ ပြည့်နေ၏။ ထိုစဉ် ကျန်းချန်က ထပ်ပြောလိုက်သည်။

" မင်းတို့တွေ ဒီလောက် ဒုက္ခခံနေစရာ မလိုပါဘူး။ နှစ်ယောက်အတူ တိုက်ခိုက်လို့ရတယ် "

ချင်းရှိုးနှင့် ဖုန်းလုံ နှစ်ယောက်လုံးသည် သူ၏ စကားများကြောင့် အံ့ဩထိတ်လန့်သွားလေ၏။

တစ်ချိန်တည်းတွင် လျိုချန်စွင်းက အမြန်ပြောလိုက်တော့သည်။

" ဒါရိုက်တာ ရှူးနေလား။ သူတို့တွေက အံ့ဖွယ်အဆင့်အောက် သားရဲတွေလေ။ သူတို့ကို တစ်ယောက်ချင်း တိုက်ခိုက်တာက အလွန် အန္တရာယ်များနေပြီးသားပေါ့။ နှစ်ယောက်တစ်ယောက် တိုက်ခိုက်တာဖို့ဆို ပြောမနေနဲ့တော့ "

ကျန်းချန်က ဆက်ပြုံးနေလေ၏။ သူက တည်ငြိမ်ပုံ ပေါ်နေသည်။

" တစ်ယောက်ချင်း တိုက်ခိုက်တာက အချိန်ဖြုန်းရာ ရောက်တာပဲ။ အတူ တိုက်ခိုက်ကြတာပေါ့။ ဒုက္ခသက်သာတယ် "

လို့ချုန်စွင်းက ထိတ်လန့်သွား၏။ ကျန်းချန်း၏ တည်ငြိမ်နေသော မျက်နှာထားကို ကြည့်ပြီး သူ နှလုံးခုန်နှုန်း မြန်လာတော့သည်။

ဒါရိုက်တာက ဘာကြောင့်များ ဒီလောက် ယုံကြည်ချက် ရှိနေရတာလဲ။

ဖြစ်နိုင်တာက သူက ဘုရင်နယ်ပယ်အောက်မှာ မဟုတ်တာများလား။ သူက အစစ်အမှန် ဘုရင်နယ်ပယ်

သိုင်းပညာရှင်တစ်ယောက်များလား။

ဒါ့အပြင် သူက

အမျိုးသားသိုင်းပညာရှင်တစ်ယောက်လေ။

ဘုရားရေ .. သူ့အထောက်အထားက

အဲ့ဒီပုဂ္ဂိုလ်နှစ်ယောက်တည်းက

တစ်ယောက်များလား။ မိုးနတ်မင်းကြီးရေ ...

ရှူးလောက်စရာပဲ။

သူ့ဘဝတွင် စီရင်စု ၉ ခုထဲမှ ပုဂ္ဂိုလ်နှစ်ဦးထဲမှ

တစ်ဦးကို အမှန်တကယ် တွေ့ကြုံခွင့်ရခဲ့၏။

ယင်းက ဂုဏ်တက်စရာပဲ ဖြစ်သည်။

ငါတော့ ပွပေါက်တိုးပြီပဲ။

သူသည် ခါးမော့ခါးဝိဇ္ဇာကို မတွေ့ရပင်လျှင်
ယခုအခေါက် ကျန်းဟိုင်မြို့တွင် နေရခြင်းက
ဆုံးရှုံးမှု မဖြစ်ခဲ့ပေ။

လျို့ချန်စွင်း၏ မျက်လုံးများက နီရဲသွားလေ၏။
သူက မျက်ရည်များ အနည်းငယ်
ဆို့လာတော့သည်။

ဖုန်းလုံနှင့် ချင်းနျိုက တစ်ယောက်ကိုတစ်ယောက်
ကြည့်လိုက်၏။ သူတို့က ရင်ထဲ ထိတ်ခနဲ
ဖြစ်သွားတော့၏။

ကျန်းချန်က ဘုရင်နယ်ပယ်
သိုင်းပညာရှင်တစ်ယောက် ဖြစ်နေနိုင်မလား။

မဟုတ်ဘူးလေ။ ဒီနေရာက မြို့လေးတစ်မြို့ပဲကိုး။ ဒီလို လူတစ်ယောက် ဘယ်လိုလုပ် ရှိမှာလဲ။

သူတို့၌ အချက်အလက် ရှိသည်။ မြေပြင်ပေါ် ရှိ လူသားမျိုးနွယ်စု၏ စီရင်စုဇုခုထဲ၌ ဘုရင်နယ်ပယ် သိုင်းပညာရှင်( ၅ )ဦးသာလျှင် ရှိပြီး နှစ်ယောက်က အမျိုးသား ဖြစ်သည်။ မည်ကဲ့သို့ ထိုမျှ တိုက်ဆိုင်နိုင်မည်နည်း။ သူတို့က တစ်ယောက်ကိုတစ်ယောက် ပက်ပင်းတိုးရသေးသည်။

" ဟန့် မင်း ဟန်ဆောင်နေတာပဲ။ အတူ တိုက်ခိုက်ကြတာပေါ့ "

ချင်းရှိုက ဖုန်းလုံကို ခေါ် ပြီးနောက်
နှစ်ယောက်သား တိုက်ခိုက်ကြတော့၏။

အံ့ဖွယ်အဆင့်အောက် သားရဲနှစ်ကောင်၏
အဟုန်က ပေါက်ကွဲသွားတော့သည်။
စာကြည့်တိုက်တစ်ခုလုံးသည် ကြီးမားသည့်
ဖိအားအောက် ချက်ချင်း ကျရောက်သွားပြီး
သူတို့နှစ်ယောက်၏ အသန်မာဆုံးသော အဟုန်က
ကျန်းချန်ဆီသို့ စုဝေးလာသည်။

သူတို့နှစ်ယောက်သည် ကျန်းချန်ကို
လျှပ်ပြက်သည့်အရှိန်ဖြင့် မြန်မြန်ဖြေရှင်းရန်
ကြိုးစားနေကြ၏။

ကံဆိုးသည်မှာ နှစ်ယောက်သားက ကျန်းချန်ရှေ့သို့ ရောက်သည့်အချိန်တွင် ပိုတောင် သန်မာပြီး ပိုကြမ်းတမ်းသည့် စွမ်းအင်က ကျန်းချန်၏ ခန္ဓာကိုယ်ထဲကနေ ရုတ်တရက် ပေါက်ကွဲထွက်လာ၏။

စွမ်းအင်ပေါက်ကွဲပြီး မကြာမီ၌ ကောင်းကင်နှင့် မြေကြီး၏ အရောင်က ပြောင်းလဲသွားပြီး တိမ်စိုင်တိမ်မည်းများက တလိမ့်လိမ့် တက်လာကာ လေပြင်းတို့ တိုက်ခတ်လာလေ၏။ စွမ်းအင်က အစွမ်းထက်လွန်းလေရာ ကျန်းဟိုင်တစ်မြို့လုံးကို တောင် သက်ရောက်သွားစေသည်။

မရေမတွက်နိုင်သည့် စစ်သည်တော်များက အသက်ရှူရတာ တောင့်တင်းလာပြီး သူတို့က အသက်တောင် မရှူနိုင် ဖြစ်လာ၏။ ဖုန်းလုံ၏ သူငယ်အိမ်တို့က ကျုံ့သွားပြီး လျှိုချန်စွင်းသည် ငိုမိတော့မတတ် ထအော်မိတော့မတတ် စိတ်လှုပ်ရှားနေလေသည်။

ဘုရင်နယ်ပယ်။

ဒါက ဘုရင်နယ်ပယ်ပဲ။ သူက အစစ်အမှန် ဒဏ္ဍာရီလာနယ်ပယ် သိုင်းပညာရှင်ကို တကယ်ကြီး တွေ့လိုက်ရပြီမဟုတ်လား။

အပိုင်း ၂၅၄ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၅ လှောင်အိမ်ထဲ မြန်မြန်ဝင်။

" သေစမ်း။ နောက်ဆုတ် "

ချက်ချင်းဆိုသလိုပင် ဖုန်းလုံက တုံ့ပြန်ပြီး
ချင်းရှိုကို နောက်ဆုတ်ဖို့ ခေါ်လိုက်လေ၏။ ထိုစဉ်
မတော်တဆမှုက ရုတ်တရက် ဖြစ်ပွားလာလေ၏။

ဖုန်းလုံက လှည့်ပြေးတော့မည့် အချိန်၌
သူ၏နောက်ကျောကနေ ကြီးမားသည့် ဖိအားက

ရုတ်တရက် ပေါ်ထွက်လာ၏။ ယင်းက ချင်းနိုပြဲ ဖြစ်သည်။

သေစမ်း။

ခွေးသား။ ဒီလို အရေးကြီးတဲ့ အခြေအနေမှာ နောက်ကနေ တိုက်ခိုက်တယ်ပေါ့။

သူသာ နောက်ကျောက ရုတ်တရက် တိုက်ခိုက်လျှင် ခန္ဓာကိုယ်ကို ယာယီ ထိန်းချုပ်နိုင်စွမ်း ကင်းမဲ့သွားပေလိမ့်မည်။ သူ လွတ်မြောက်နိုင်တော့မှာ မဟုတ်ပေ။

ချင်းနိုက ယင်းကို အခွင့်ကောင်းယူပြီးနောက် အလင်းစီးကြောင်းအသွင် ပြောင်းလဲပြီး သူ

ရှိနေသည့် နေရာကနေ လျင်မြန်စွာ
ပျောက်ကွယ်သွားလေ၏။

ဖုန်းလုံသည် ချင်းနျို၏ ဘိုးဘေးဘဂဆက်ကို
သူ့စိတ်ထဲ၌ ကျိန်ဆဲနေတော့သည်။ ထိုသို့တိုင်
အခြေအနေကို သူ မပြောင်းလဲနိုင်ပေ။

သူက ကျန်းချန်နှင့် နီးကပ်လွန်းနေ၏။

အင်အားကြီးသည့်
အံ့ဖွယ်သားရဲတစ်ကောင်ကတောင် ထိုကဲ့သို့
အကွာအဝေးကို ရှောင်တိမ်းနိုင်မှာ မဟုတ်လေရာ
အံ့ဖွယ်သားရဲနယ်ပယ်သို့ မရောက်သေးသည့် သူ၏
ကျင့်စဉ်ဖြင့်ဆို ပြောနေရန် မလိုတော့ချေ။ သူက

အံ့ဖွယ်အဆင့်အောက်

သားရဲတစ်ကောင်သာဖြစ်သည်။

သေစမ်း။

ရွေးချယ်စရာ မရှိတော့ပဲ သူ၏ လက်သည်းသိုင်းကို

သုံးလိုက်၏။ သူက တစ်ပြိုင်နက်တည်း

လက်နှစ်ဖက်ကို သုံးပြီး တိုက်ခိုက်လိုက်ကာ သူနှင့်

ကျန်းချန်ကြားရှိ နေရာလပ်တစ်ခုကို ဖန်တီးရန်

ကြိုးစားလိုက်တော့၏။

ကံဆိုးသည်မှာ သူ၏ ခွန်အားသည်

သန်မာသော်ငြား ဘုရင်နယ်ပယ်

သိုင်းပညာရှင်တစ်ဦး၏ ရှေ့တွင် ဘာမှမဟုတ်ပေ။

ကျန်းချန်က လက်သီးဖြင့် ထိုးချလိုက်လေ၏။

ယင်းက ရိုးရှင်းသည့်
လက်သီးတစ်ချက်ဖြစ်သော်ငြား သန်မာသည့်
စွမ်းအားက အတွင်း၌ ပါဝင်နေလေသည်။
ပတ်ဝန်းကျင် ဝိညာဉ်တန်းစွမ်းအားများကို ဖရိုဖရဲ
ဖြစ်သွားစေ၏။

ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ဦး၏ ခွန်အားက
အစွမ်းထက်လွန်းသည်။ သူက
သာမန်လူသားများနှင့်
သာမန်ကြွယ်တာရာသားရဲများ၏
အကန့်အသတ်ကို အပြည့်အဝ ကျော်လွန်နေပြီ
ဖြစ်သည်။ သူသည် သိုင်းပညာရှင်များ၏

ဒိုင်ပေးရှင်းအဆင့်ဟု ပြောလျှင် ချဲ့ကားရာ ရောက်မှာ မဟုတ်ပေ။

ဖုန်းလုံက ထုတ်ဖော်လိုက်သည်။ စွမ်းအားများသည် ချက်ချင်း ပြိုကွဲသွား၏။

ထိုတင်မက သူ၏ လက်ဖဝါးနှင့် လက်ကလည်း အင်မတန် ပြင်းထန်လွန်းသည့် ခွန်အားကြောင့် သွေးမြူအဖြစ် ချက်ချင်း ပေါက်ကွဲသွား၏။ ထိုအတိုင်း ဆက်မဖြစ်ပွားပေ။ သူက ဆက်လက် ထိပ်တိုက်ရင်ဆိုင် တိုက်ခိုက်နေခဲ့လျှင် သူ၏ ခန္ဓာကိုယ်ကပေါက်ကွဲသွားလောက်ပေ၏။

ပြီးနောက် သူ အမှန်တကယ် ကံဆိုးမိုးမှောင်ကျလိမ့်မည်။

ကျားနတ်ဘုရားတောင် သူ့ကို မကယ်တင်နိုင်လောက်ပေ။

သေရေးရှင်ရေး အခြေအနေ၌ သူက ထွက်ပြေးရန် လျှို့ဝှက်သိုင်းဖြစ်သည့် သွေးပေါက်ကွဲခြင်းကို အသုံးပြုခဲ့၏။ ချက်ချင်းပင် သူ့တစ်ကိုယ်လုံးက သွေးမြူတစ်ခုအဖြစ် ပေါက်သွား၏။ သွေးမြူက ပေါ်ပေါက်လာသည်နှင့် ၎င်းက ငွေ့ရည်ပျံသွားကာ ပျောက်ကွယ်သွားတော့သည်။

ကျန်းချန်က ထိုးနှက်တာ ရပ်တန့်လိုက်လေ၏။ သူက မျက်မှောင်ကျုံ့မိသွား၏။

သေစမ်း။ သူက ဒီလို လျှို့ဝှက်သိုင်းမျိုး သိနေလိမ့်မယ်လို့ ငါ မထင်ထားဘူး။ သူက

သွေးပေါက်ကွဲခြင်းကို သုံးလိုက်တာနဲ့
တခြားနေရာကို ချက်ချင်း ရွှေ့ပြောင်းနိုင်မှာ။
ဒါပေမဲ့ သူ့ရဲ့ခန္ဓာကိုယ်ကလည်း ဒဏ်ရာ
ပြင်းပြင်းထန်ထန် ရသွားလိမ့်မယ်။

သူ့ကိုသူသာ ကျိန်ဆဲမိသွား၏။ သူက သူ့ကိုသူ
အတော်လေး ရက်စက်ပေ၏။ ဒဏ်ရာ
ပြင်းပြင်းထန်ထန် ရခါနီး စွန့်စားခဲ့သည်။

သူက ငါ့လက်သီးက လွတ်မြောက်အောင်
သွေးပေါက်ကွဲခြင်းကို သုံးခဲ့တာပဲ။

လျှို့ချန်စွင်းသည် နှလုံးခုန်နှုန်း
ရပ်တန့်သွားသည့်ပမာ နှလုံးသည် အပြင်ဘက်သို့
ဆန့်တန်းလာသည်ဟု ထင်မှတ်ရသည်။

သိပ်အစွမ်းထက်တယ်။ သိပ်အစွမ်းထက်တာပဲ။

အဲ့ဖွယ်အဆင့်အောက် သားရဲအဆင့်တွင် ရှိသည်။

မယုံနိုင်စရာကောင်းလောက်အောင်

အစွမ်းထက်သည့်သူနှစ်ဦး ဖြစ်သည်။

ထိုလူများသည် သူတို့ကို ပုရွက်ဆိတ်ပမာ

အလွယ်တကူ သတ်ဖြတ်နိုင်သူများ ဖြစ်သည်။

ထိုသို့တိုင် တစ်ကွက်တည်းဖြင့် ကျန်းချန်ကို

ရှုံးနိမ့်သွား၏။ သူတို့ထဲမှ တစ်ယောက်ကဆို

ကျန်တစ်ယောက်ကို ထိခိုက်အောင်လုပ်ပြီး

ထွက်ပြေးသွားခဲ့သည်။ နောက်တစ်ယောက်က

သွေးပေါက်ကွဲခြင်းကို အသုံးပြုခဲ့၏။ ယင်းက

သူတို့၏ အကန့်အသတ်ပဲ ဖြစ်သည်။

သို့သော်ငြား ကျန်းချန်က သူ၏ အကန့်အသတ်ကို မသုံးခဲ့ပေ။

" ဒါရိုက်တာ ... ဒါရိုက်တာကျန်း။ သူတို့နောက်ကို မလိုက်သင့်ဘူးလား။ သူတို့ကို တိုက်ခိုက်ခဲ့မယ်ဆိုရင် သူတို့ကို ဖမ်းမိပြီး သတ်ဖို့က ပြဿနာ မဟုတ်လောက်ဘူး "

ကျန်းချန်က မဖြေပေ။

လို့ချန်စွင်းပြောတာ မှန်ပေ၏။ သူ၏ ခွန်အားဖြင့်သူသည် သွေးပေါက်ကွဲခြင်း ကျင့်စဉ်ကို အသုံးပြုသွားခဲ့သော ချင်းနျိုကို လိုက်မှီနိုင်လောက်၏။

ယင်းက အသေးအမွှားပဲ ဖြစ်သည်။ သို့သော်ငြား သေွး ပေါက်ကွဲခြင်းကို အသုံးပြုသွားခဲ့သည့် ဖုန်းလုံကို လိုက်မှီနိုင်လောက်သည်။ သို့သော်ငြား ချင်းနျိုကို လိုက်ဖမ်းဖို့က ခက်ခဲလိမ့်မည်။ သို့သော် သူက ထိုနှစ်ယောက်ကို ဖြေရှင်းဖို့ ဤနေရာသို့ ရောက်လာတာ မဟုတ်ပေ။

သူ၏ အစစ်အမှန် တာဝန်က သူ့နောက်ရှိ စာကြည့်တိုက်ကို စောင့်ကြပ်ပေးရန် ဖြစ်သည်။ စာကြည့်တိုက်ထဲတွင် အလွန်အရေးပါသည့် တစ်စုံတစ်ခု ရှိနေ၏။ ၄င်းကို သူ ပျောက်ဆုံးသွားခဲ့လျှင် ဒုက္ခရောက်ပေလိမ့်မည်။ ထို့ကြောင့် သူသည် အံ့ဖွယ်အဆင့်အောက်

သားရဲနှစ်ကောင်ကို အမဲလိုက်ရန်အတွက် စာကြည့်တိုက်ကို လျစ်လျူမရှုထားနိုင်ပေ။

" ထားလိုက်တော့။ သူတို့ ထွက်သွားပြီပဲ။ သူတို့ကို ငါ လိုက်မှီမယ် မထင်ဘူး။ ဘယ်လိုပဲဖြစ်ဖြစ် စီရင်စုဇုခုထဲမှာ တခြားအစွမ်းထက်တဲ့သူတွေ ရှိနေတာပဲ။ သူတို့ကို တာဝန်ယူခိုင်းလိုက်မယ် "

ပြီးနောက် ကျန်းချန်က လှည့်ထွက်သွားပြီး စာကြည့်တိုက်ထဲ ဝင်သွားလေ၏။ သူက စာကြည့်တိုက်ထဲ မရောက်ခင် သတင်းစကားတစ်ခု ချန်ခဲ့၏။

" ဒီည ဖြစ်ခဲ့တာကို တတိယလူကို မသိစေချင်ဘူး။ တတိယမြောက်လူက ရှာတွေ့သွားပြီဆိုတာနဲ့ မင်း နောက်ဆက်တွဲကို ခံစားရမယ် "

လှိုုချန်စွင်းက စိတ်နှလုံးတုန်လှုပ်သွား၏။ သူက ချက်ချင်း ပြောလိုက်သည်။

" ဒါရိုက်တာ စိတ်မပူပါနဲ့။ ဒီအကြောင်း ဘယ်သူ့ကိုမှ မပြောဘူးလို့ ကျုပ်ရဲ့ ကိုယ်ကျင့်သိက္ခာနဲ့ ရင်းပြီး ကျိန်ဆိုပါတယ်။ ကျုပ် လှိုုချန်စွင်းက စကားများတတ်တဲ့သူ မဟုတ်ဘူး "

ကျန်းချန်က ခေါင်းညိတ်ပြီးနောက် စာကြည့်တိုက်ထဲ လျှောက်သွားလိုက်၏။

သူ စာကြည့်တိုက်ထဲ ဝင်သွားသည်နှင့် လိုျချန်စွင်းက ဖုန်းထုတ်ကာ ယွဲ့ရှောင်ကို ဆက်သွယ်လိုက်သည်။

သူသည် ယခင်က ဖုန်းကို မည်ကဲ့သို့ အသုံးပြုရမည်မှန်း မသိခဲ့ပေ။ သူ၏တပည့် ဖျောင်ကျန့်ရှန်က သူ့အတွက် ဝယ်လာပေးတာပဲ ဖြစ်သည်။

ဖျောင်ကျန့်ရှန်နှင့် ယွဲ့ရှောင်၏ နံပါတ်တို့သာလျှင် မှတ်ထားလေ၏။

" ယွဲ့ရှောင် မင်းကို ငါ အရေးကြီးတစ်ခုခု ပြောစရာရှိတယ် "

" နောင်ကြ ဒါရိုက်တာ အသစ်နဲ့ သက်ဆိုင်တဲ့ ကိစ္စတွေ ဘာမှ မဆွေးနွေးနဲ့ ဂရုစိုက်။ ဘာမှ မရှိရင် ဂရုစိုက်ဦး "

" သူ့ရဲ့အထောက်အထားက အပေါ်ယံမှာ မြင်ရတာလောက် မရိုးရှင်းဘူး။ သူ့ရဲ့စစ်မှန်တဲ့ အထောက်အထားက နေလိုလလို ကောင်းကင်ထဲက ကြယ်တွေလို။ ငါတို့နှစ်ယောက်အတွက် မြင့်မားလွန်းတယ်။ ငါတို့တွေ သတိထားတာ ပိုကောင်းမယ်။ သူ့ကို ရန်မစနဲ့။ မဟုတ်ရင် မင်း ဘယ်လိုသေသွားမှန်းတောင် သိမှာ မဟုတ်ဘူး "

သို့သော် သူက စာရိုက်ပြီးနောက် တစ်စုံတစ်ခုကို ရုတ်တရက် တွေးမိသွားကာ စကားလုံးတစ်လုံး ဖျက်လိုက်၏။ သူက စိတ်လှုပ်ရှားလွန်းနေခဲ့သည်။ သူ မေ့ခါနီးပါး ဖြစ်သွား၏။

ဤအရေးကိစ္စကို မည်သူ့ကိုမှ ထုတ်မပြောဟု ဒါရိုက်တာကို သူ ကတိပေးခဲ့တာပဲ ဖြစ်သည်။ ထိုစဉ် ဖုန်းဖန်သားပြင်ကနေ အသံတစ်သံက ရုတ်တရက် ပေါ်လာ၏။ ယွဲ့ရှောင်ထံမှ စာဖြစ်သည်။

" ဘာကိစ္စလဲ "

" ဘာမှမဟုတ်ဘူး။ ဒီည မင်းကို အစာပြေ လိုက်ကျွေးမလို့။ ဒါပေမဲ့ သေချာတွေးပြီးတော့

နောက်ကျနေပြီမှန်း သိလိုက်ရတယ်။

အချိန်မရှိလောက်ဘူး။ ထားလိုက်တော့ "

" ကျွန်တော့်မှာ အချိန်ရှိတယ် "

" ထားလိုက်တော့။ ငါ ရုတ်တရက်ကြီး

မစားချင်တော့ဘူး "

တစ်ဖက်တွင်မူ ဖုန်းလုံသည် အမှောင်ထုထဲကနေ

သူ၏ ခန္ဓာကိုယ်ကို ဖြည်းဖြည်းချင်း

သိပ်သည်းလိုက်တော့၏။

ဟူး။

သူက လေများ မှုတ်ထုတ်လိုက်ပြီး သူ၏

အမူအယာက ချက်ချင်းပင် ပြေလျော့သွားလေ၏။

အဲ့ဒီ သေသင့်တဲ့ ချင်းနို့ကြ ငါ့ကို သတ်လုနီးပါးပဲ။ ကံကောင်းလို့ ငါ့မှာ သွေးပေါက်ကွဲခြင်းကျင့်စဉ် ရှိနေတာ။ ဒါကြောင့် အချိန်တိုအတွင်း တခြားနေရာကို ရွှေ့ပြောင်းနိုင်ခဲ့တာလေ။ မဟုတ်ရင် ခုနတုန်းက အဲ့ဒီလူရဲ့လက်သီးနဲ့ ငါသေရှာကို ရောက်လောက်ရောပေါ့။

သို့သော် ထိုစဉ် ရင်းနှီးနေသော အသံတစ်သံက နားထဲ ကြားလိုက်ရ၏။

" ဖုန်းလုံ မင်းက ဖုန်းလုံလား။ ဘာကြောင့် ဒီရောက်နေတာလဲ "

ဘာကြောင့် ဒီအသံက ဒီလောက် ရင်းနှီးနေရတာလဲ။

သာက လှည့်ကြည့်လိုက်ရာ ချက်ချင်း
အံ့သြဆွံ့အသွား၏။

ဘာတွေဖြစ်နေတာလဲ။ သူ ဘယ်နေရာကို
ပို့ဆောင်ခံလိုက်ရတာလဲ။ ဒီနေရာမှာ
ဒီလောက်များတဲ့ ကြယ်တာရာသားရဲ့တွေ
ဘာကြောင့် ရှိနေရတာလဲ။ ဒါ့အပြင် အားလုံးက
အံ့ဖွယ်အဆင့်အောက်
ကြယ်တာရာသားရဲ့တွေလား။ ကြယ်ဆိုသော
ကောင်းကင်ထဲကို ပို့ဆောင်ခံလိုက်ရတာများလား။

မဟုတ်သေးဘူး။ သူ့ရဲ့ သွေးပေါက်ကွဲခြင်း
ကျင့်စဉ်က အဝေးလောက်ပဲ ရွှေ့နိုင်တာ။
ဘယ်လိုလုပ် အကွာအဝေးကျယ်ကို သွားနိုင်မှာလဲ။

ဒါက အာကာသစစ်မြေပြင် မဟုတ်ဘူး။

ထိုစဉ် သူက ဆာမြူရယ်၊ စူဇန်၊ မော့ယ်ဒီနဲ့ ကျန်သည့် သံမဏိကွဲရိုင်းကိုလည်း သတိပြုမိသွား၏။

" နောက်ဆုံးတော့ မင်းတို့တွေကို ရှာတွေ့ပြီ။ မင်းတို့ကောင်တွေ ဘာကြောင့် ဒီမှာ စုနေတာလဲ။ အရှင်ကျားနတ်ဘုရားက မင်းကို အကြိမ်ပေါင်းများစွာ ခေါ်နေတာ။ ဘာကြောင့် မဖြေရတာလဲ "

" ပြီးတော့ သူတို့က ဘယ်သူတွေလဲ။ မင်းတို့ အရှင်ကျားနတ်ဘုရားကို သစ္စာဖောက်ဖို့ စဉ်းစားနေတာလား "

ဖုန်းလုံက မေးခွန်းများ ဆက်တိုက်မေးပြီး သူ၏ မျက်နှာက အေးစက်လာလေ၏။

ယခုအချိန်တွင် သူ့ကို မည်သူမှ မဖြေပေ။ ကြယ်တာရာသားရဲများက သူ့ကို ဆွံ့အပြီး ဂရုဏာသက်နေသော အမူအယာဖြင့်သာ ကြည့်နေ၏။ တစ်ချိန်တည်းတွင် သူတို့၏ မျက်လုံးထဲ၌ သံသယရိပ် တစ်စွန်းတစ်စ ရှိနေသည်။

သူဆို့ စကားမပြောတာကို ပြောသောအခါ ဖုန်းလုံ၏ အမူအယာက ပိုတောင် ရုပ်ဆိုးသွားလေ၏။

" ဆာမြူရယ် ... ငါ မေးတာကို မင်း ဘာကြောင့် မဖြေတာလဲ "

ဆာမြူရယ်က ပြောလိုက်၏။

" ကျုပ် မေးချင်နေတာ။ ခင်ဗျား ပါရမီရှင် သိုင်းပညာရှင်တစ်ယောက်နဲ့များ တွေ့ဆုံခဲ့လား။ အရမ်းအရမ်းအစွမ်းထက်တဲ့ လူသားတစ်ယောက်လေ "

ဖုန်းလုံက ခေါင်းညိတ်၏။

" တွေ့ခဲ့တော့ ဘာဖြစ်လဲ "

" ဒါဆို မင်းရဲ့ လျှို့ဝှက်သိုင်းကို အသုံးပြုပြီး သွေးပေါက်ကွဲ လျှို့ဝှက်သိုင်း ကျင့်စဉ်ကို

သုံးခဲ့တာလား။ မင်း ဒီအကွာအဝေးကို နေရာရွှေ့ပြောင်းလိုက်တာလား "

" အဟုတ်ပဲ "

" ဟူး "

ဆာမြူရယ်က သက်ပြင်းချလိုက်၏။ သူက ကိစ္စရပ်များကို ရှင်းရှင်းလင်းလင်း မြင်သွားတာ ဖြစ်ဟန်တူသည်။

အရှင်ကျားနတ်ဘုရားသည် သူတို့ထဲမှ အချို့ ပြန်မရောက်လာတာကို မြင်သောအခါ သူ့ကို ရှာဖို့ ဖုန်းလုံးကို ပို့ခဲ့တာ ဖြစ်ဟန်တူ၏။ ဆိုရလျှင် ဖုန်းလုံးက အဲ့ဖွယ်အဆင့်အောက် သားရဲတစ်ကောင်

ဖြစ်သည်။ သို့သော် ယဲ့ရှောင်က ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ယောက် ဖြစ်နေပြီးသားပင်။ ထို့ကြောင့် သူသည် ယဲ့ရှောင်ကို သေချာပေါက် အနိုင်မယူနိုင်ပေ။

ထို့ကြောင့် သွေးပေါက်ကွဲခြင်း ကျင့်စဉ်ကို အသုံးပြုခဲ့၏။ အဆုံးတွင်မူ ဝိညာဉ်စုစည်းခြင်း အစီအရင်ထဲ သူ့ကိုသူ မတော်တဆ ရွှေ့ပြောင်းမိသွားသည်။

ဒီအရူးက ယဲ့ရှောင်ရဲ့ မွေးမြူရေးခြံထဲ ကျရောက်နေပြီဆိုတာ မသိသေးတဲ့ပုံပဲ။ ဒီကို လာပြီး သူတို့ကို မေးခွန်းထုတ်ရဲသေးတယ်ပေါ့။

သို့သော်ငြား ထိုလူသည် ကံဆိုးလှသည့်
အရူးတစ်ယောက်ဟုသာ သတ်မှတ်၍ ရသည်။
မည်သည့်နေရာသွားသွား ရသော်ငြား ဤကဲ့သို့
နေရာကောင်းကိုမှ ရောက်လာသည်။ သူက
အသက်ပြင်းပြင်း ရှူပြီးနောက် ဆာမြူရယ်သည်
ပြုံးပြီး ပြောလိုက်၏။

" ဖုန်းလုံ ကြိုဆိုပါတယ်။ ယွဲ့ရှောင်ရဲ့
ကြယ်တာရာသားရဲ မွေးမြူရေးခြံထဲကို ဝင်ပြီး
ဒီမွေးမြူရေးခြံထဲက ၁၂ကောင်မြောက်
မွေးမြူရေးတိရစ္ဆာန် လုပ်လိုက်တော့။
ဒီမွေးမြူရေးခြံက ချဲ့ထွင်ခါစ။ အထဲမှာ

နေရာလွတ်တွေ အများကြီးရှိတယ်။ မင်းအတွက် အသိုက်တစ်ခု အခု ရွေးလို့ရပြီ "

" ဘာ "

" မင်း စိတ်လွတ်သွားပြီလား။ ဘာအဓိပ္ပာယ် မရှိတာတွေ ပြောနေတာလဲ။ အရှင်ကျားနတ်ဘုရားနဲ့ တွေ့ဖို့ ငါ့နောက် ချက်ချင်းလိုက်ခဲ့ "

ဆာမြူရယ်က ပခုံးတွန့်လိုက်၏။

" ငါ မထွက်သွားနိုင်ဘူး။ မင်း ဒီနေရာကို လာသရွေ့ မင်းက ငါတို့လိုပဲ အဲ့ဒီလူသားရဲ့ မွေးမြူရေး တိရစ္ဆာန် ဖြစ်လာမှာ "

" မင်းက တကယ်ရူးနေတာပဲ။ မင်းရဲ့ဦးနှောက်ထဲ ရေတွေ ပြည့်နေတာကိုး။ မင်းကို ဖမ်းခေါ်သွားပြီးရင် ဖြေရှင်းဖို့ အရှင်ကျားနတ်ဘုရားဆီ မင်းကို အပ်မယ် "

ဆာမြူရယ်က ပခုံးထပ်တွန့်လိုက်ပြန်၏။

" မင်း ငါ့ကို ဖမ်းစရာ မလိုဘူး။ ငါ့ကို အဝေးခေါ်သွားနိုင်ရင် မင်းနောက် အချိန်မရွေး လိုက်မယ်။ အရင်ဆုံး ကြိုးစားကြည့်လိုက်လေ။ ဒီနေရာက ထွက်နိုင်မလားလို့ "

ဖုန်းလုံက နှာခေါင်းရှုံ့လိုက်၏။

" အရှုး ... ဒါက
သီးသန့်သိုလှောင်နယ်မြေလေးပဲလေ။ သူက ငါ့ကို
တားနိုင်မယ်လို့ ထင်နေလား။ ငါ့အတွက်
ဖွင့်လေရော "

တင်းမာသည့် အော်သံတစ်ချက်ဖြင့် ဖုန်းလုံသည်
သူ၏ ဝိညာဉ်စွမ်းအား အကုန်ကို ထုတ်သုံးကာ
အလင်းစီးကြောင်းအသွင် ပြောင်းလဲပြီး
ကောင်းကင်ထဲကို သွားလိုက်လေ၏။

ထျန်း။

ကြမ်းတမ်းသည့် ပေါက်ကွဲသံနှင့်အတူ ဖုန်းလုံသည်
နူးညံ့သော ရွှံ့အိုင်အဖြစ် အသွင်ပြောင်းလဲပြီး
သူ့ပေါ် ပြုတ်ကျလာ၏။ သူ

ခေါင်းခါလိုက်ပြီးနောက် သူ၏ ပါးစပ်နှင့်
နှာခေါင်းကနေ သွေးများ စီးကျလာတော့၏။

" သေစမ်း။ ဒီဟာက ဘာငရဲလဲ "

" ဒီနေရာက ထွက်လို့မရဘူးလို့ ပြောသားပဲ။
လက်တွေကို ရင်ဆိုင်ပြီး ငါတို့နဲ့အတူ
မွေးမြူရေးတိရစ္ဆာန် ဖြစ်လိုက်တော့ "

အပိုင်း ၂၅၅ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၆ ထွက်ပြေးခြင်း။

" အရူး .. ငါ ဖုန်းလုံက ဘယ်လိုလုပ် ကျွန်တစ်ယောက် ဖြစ်နိုင်မှာလဲ။ ငါ့ကို မင်းတို့များ ထင်နေလား။ ငါ့ လမ်းက ဖယ် "

ဒေါသတကြီး အော်သံဖြင့် ဖုန်းလုံက သူ၏ ခွန်အားများ ထပ်မံ ပြသပြန်၏။

တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်၊ ဆယ်ကြိမ် ဆက်တိုက် ကျရှုံးမှုကို တွေ့ကြုံပြီးနောက် ဖုန်းလုံ၏ ခန္ဓာကိုယ်သည် ဒဏ်ရာများဖြင့် ပြည့်လာတော့၏။

သူ့တစ်ကိုယ်လုံးတွင် ဒဏ်ရာဒဏ်ချက်များ ရောင်ကိုင်းမှုများ ရှိလာနေသည်။ အချို့နေရာ၌ သူ၏ နဂါးကြေးခွံကတောင် ခွာချခံထားရသည်။

ကျန်သည့် ကြယ်တာရာသားရဲများက သူ့ကို ဖြောင်းဖြရန် ကြိုးစားကြတော့၏။

" မင်းကိုမင်း ရိုက်နေတာ တော်လိုက်တော့။ ခဏလောက် ရပ်။ မင်း လွတ်မြောက်မှာ မဟုတ်ဘူး။ ဒီအတိုင်း ဆက်ဖြစ်ပွားနေရင် မင်း လွတ်မြောက်မှာ မဟုတ်ပဲ မင်းကိုမင်း သေတဲ့အထိ ရိုက်မိလိမ့်မယ်။ ဝမ်းနည်းစရာအကောင်းဆုံးက မင်းသေတဲ့အထိ မင်းကိုမင်း သေအောင် ရိုက်ရင်တောင် ကိစ္စမရှိဘူး။ အဲ့ဒီလူသားက မင်းကို

အလွတ်ပေးမှာ မဟုတ်ဘူး။ သူ မင်းကို
အသက်ပြန်သွင်းနိုင်ချေက ၈၀ကနေ ၉၀ရာခိုင်နှုန်း
အခွင့်အရေး ရှိတယ် "

" အဟုတ်ပဲ။ ဒါကြောင့် အခု မင်းကိုမင်း
ရိုက်တာက အကျိုးမထူးဘူး။
အကြောင်းမဲ့သက်သက် နာကျင်ရုံပဲ ရှိတယ် "

" ပါးစပ်ပိတ်ထား။ အရူးတစ်သိုက်။
ကြယ်တာရာသားရဲတွေအနေနဲ့ မင်းတို့တွေက
လူသားတစ်ယောက်အတွက်
မွေးမြူရေးတိရစ္ဆာန်ဖြစ်ဖို့ တကယ်ကြီး
ဆန္ဒရှိတယ်ပေါ့။ မင်းတို့တွေက
ကြယ်တာရာသားရဲတွေကို သိက္ခာကျစေတာပဲ။

ငါက ကျားနတ်ဘုရား လက်အောက်က

မဟာစစ်သူကြီး သုံးပါးထဲက တစ်ပါးဖြစ်တဲ့

စစ်နတ်ဘုရား ဖုန်းလုံပဲ "

" ငါက မင်းတို့ကောင်တွေလို ဘယ်လိုလုပ်

မွေးမြူရေးတိရစ္ဆာန် ဖြစ်နိုင်မှာလဲ "

" သွေးပေါက်ကွဲခြင်း နည်းစနစ် ငါ့အတွက်

ဖွင့်လေရော "

ခဏအကြာတွင် ဖုန်းလုံက သွေးပေါက်ကွဲခြင်းကို

ထပ်မံ အသုံးပြု၏။ သူ့အဖို့ သွေးပေါက်ကွဲခြင်းကို

အသုံးပြုချိန်၌ ထိခိုက်မှုကလည်း ကြီးမားသည်။

သို့သော် ယခုအချိန်တွင် ဤနေရာကနေ

လွတ်မြောက်နိုင်ရန်အတွက် သူက ဒဏ်ရာ

ပြင်းပြင်းထန်ထန် ရမည်ဆိုလျှင်တောင်

ဤနေရာကနေ ဖောက်ထွက်ရန် နည်းလမ်းတစ်ခု

တွေးရမည်။

မိနစ်အနည်းငယ် ကြာညောင်းပြီးနောက်

အမှောင်ထုက ထပ်မံ ပျော်ကွယ်သွားပြီး

သွေးအဆီအနစ်များက စုဝေးလာ၏။ ဖုန်းလုံ၏

နှုတ်ခမ်းထောင့်ကအနည်းငယ်

ကွေးတက်သွားတော့သည်။

အခုအချိန်မှာ သူ ဒီနေရာကနေ

လွတ်မြောက်လောက်ပြီမလား။

လူသားရဲ့ချိတ်ပိတ်ထားတဲ့

နည်းစနစ်တစ်ခုလောက်က သူ့အဆင့်မှာရှိတဲ့

ပါရမီရှင်တစ်ယောက်ကို ဘယ်လိုလို့ ပိတ်ထားနိုင်မှာလဲ။

သို့သော် သူ မပျော်နိုင်သေးခင် နောက်တစ်စက္ကန့်၌ ရင်းနှီးနေသော အသံကို ထပ်ကြားလိုက်ရသည်က သူ့ကို အိမ်မက်နတ်ဆိုးပမာ ခံစားရစေတော့သည်။

" ကြည့် ... မင်းကို ပြောသားပဲ။ အသုံးမဝင်ဘူး။ ဒါပေမဲ့ မင်းက ငါပြောတာမှ မယုံတာ။ မင်းကိုမင်း အချည်းနှီး ဖောက်ခွဲမိတာပဲမလား "

သူက ခေါင်းလှည့်လိုက်ပြီး ဆာမြူရယ်နှင့် ကျန်သည့်သူများကို မယုံနိုင်စွာ ကြည့်ပြီး ပြိုလဲသွားတော့သည်။

ဘာတွေဖြစ်ကုန်တာလဲ။ ဘာကြောင့်လဲ။

သူက ကိုယ်ပိုင် သွေးဖောက်ကွဲခြင်း နည်းစနစ်ကို သုံးခဲ့တာ သိသာနေတာပဲ။ ဒါပေမဲ့ ဒီလှိုဲ့ဝှက်နေရာကနေ မလွတ်မြောက်နိုင်သေးဘူး။ သူ အိမ်မက်မက်နေတာလား။

ဘုရားသခင် .. ဒါက အိမ်မက်ဆိုးပဲ ဖြစ်ရမယ်။ ဒါကြောင့် ကျေးဇူးပြုပြီး ကျွန်တော့်ကို မြန်မြန် နိုးထခွင့်ပေးပါ။

ကျွန် ကျွန်တော် တကယ် မထိန်းထားနိုင်တော့ဘူး။

တစ်ဖက်တွင်မူ ချင်းချို ဖုန်းလုံးကို

ကန်ကြောက်ခဲ့၏။ ဖုန်းလုံးကို ကန်ပြီးနောက်

တတ်နိုင်သမျှ မြန်မြန် ထွက်ပြေးခဲ့သည်။

တစ်ဖက်သူက အလွန်အစွမ်းထက်သော်ငြား သူ့ကို

အချိန်တစ်စက္ကန့်ပေးသရွေ့ သူ

ကျန်းဟိုင်မြို့ထဲကနေ ထွက်ပြေးနိုင်သည်။

ဤနည်းဖြင့် သူ၏ အရှိန်အဝါကို

ဖုံးကွယ်ထားသရွေ့ ထိုလူသားဘုရင်နယ်ပယ်

သိုင်းပညာရှင် ဖမ်းတာ ခံရတော့မှာ မဟုတ်ပေ။

ပြီးမှ သူသည် အာကာသစစ်မြေပြင်သို့ ပြန်သွားရန်

အခွင့်အရေးကောင်းတစ်ခုယူပြီး

အရှင်ကျားနတ်ဘုရားဆီသို့ သတင်းပို့မည်။

ဖုန်းလုံသည် ထိုလူသားပါရမီရှင် သတ်တာ ခံရမှာ သေချာ၏။ ထို့ကြောင့် သူက စိုးရိမ်ပူပန်မနေတော့ပေ။

အချိန်ကျလာလျှင် သူက စစ်မြေပြင်ပေါ်၌ ဖုန်းလုံ သေသွားသည့်အကြောင်းကို စီကာပတ်ကုံး ပြောပြလိုက်မည်။ ဖုန်းလုံက သူ့ကို ကယ်တင်ရန် အသက်စွန့်စားခဲ့တာ ဖြစ်၏။ သို့သော် အဆုံးတွင်မူ ဖုန်းလုံက ရှုံးနိမ့်သွားပြီး ရွေးချယ်စရာ မရှိပဲ သူကလည်း ထွက်ပြေးခဲ့ရ၏။ ယင်းက အဆင်ပြေလိမ့်မည်။

သူက ဆုလာဘ်တစ်ခုတောင် ရနိုင်လောက်သည်။ ထို့အပြင် သူက ဆုမရပင်လျှင်

အရှင်ကျားနတ်ဘုရား၌ မဟာစစ်သူကြီး သုံးဦးထဲ၌

သူတစ်ယောက်သာ ကျန်တော့တာ ဖြစ်သည်။

ထို့ကြောင့် ယခုမှစပြီး သူက

အရှင်ကျားနတ်ဘုရား၏ တစ်ဦးတည်းသော

ညာလက်ရုံး ဖြစ်သွားလိမ့်မည်။

အရှင်ကျားနတ်ဘုရားက သူ့ကို အားမကိုးလျှင်

မည်သူ့ကို အားကိုးရမည်နည်း။ ထိုအချိန်ကြ

သူသည်  လူတစ်သောင်း၏ အထက်တွင်ရှိပြီး

လူတစ်ယောက်၏ အောက်တွင်သာ ရှိပေလိမ့်မည်။

ပြီးပြည့်စုံတယ်။

သို့သော်ငြား သူက ထိုအကြောင်းကို တွေးနေစဉ်

လက်နောက်ပစ်ထားလျက် ကောင်းကင်ထဲ၌

ရပ်နေသည့် အရိပ်တစ်ရိပ်ကို တွေ့လိုက်ရသည်။
သူက သူ့ကိုသူ တည်ငြိမ်အောင်
ကြိုးစားနေသည့်ပမာ လရောင်ကို
မော့ကြည့်လိုက်၏။

တစ်ဖက်သူက သူ့ကို သတိပြုမိတာ သိသာသည်။

ဟန့် .. အဆင်အခြင်မဲ့တဲ့ လူသား။ ငါ လာနေတာ
တွေ့တာတောင် ဘာကြောင့် မရှောင်ရတာလဲ။
မင်းက သေချင်နေတာပဲ။

ဖြစ်ချင်တာ ငါ ဒီကမ္ဘာမြေကို ရောက်လာတဲ့
အချိန်ကစပြီး ဘယ်သူ့ကိုမှ မစားရသေးဘူး။
မင်းကို စတေးမှုအနေနဲ့ အသုံးပြုမယ်။

ချင်းနို့က ရက်စက်စွာ ရယ်မောလိုက်၏။ သူက လက်မြှောက်ကာ လက်သီးထိုးချလိုက်သည်။ လက်သီးအလင်းက နွားသိုးတစ်ကောင်ပမာ တိုးဝှေ့သွားပြီး ယင်းက အင်မတန် ခွန်အားကြီးသည်။ လက်သီးပေါ်၌ ချင်းနို့၏ ပုံရိပ်ဖျော့ဖျော့ ရှိနေသည့်ပမာ ၎င်း၏ အရှိန်အဝါက သက်တန့်တစ်စင်းပမာ ဖြစ်နေ၏။

ယင်းက သူ၏ အစွမ်းအထက်ဆုံး ဒေါသ လေ ကေရာဇ် လက်သီးပဲ ဖြစ်သည်။

မိုးပြာနွားသိုးမျိုးနွယ်၏ လက်သီးနည်းစနစ်ထဲမှ အခွဲတစ်ခု ဖြစ်သည်။ ယင်းက မိုးကြိုးကေရာဇ်လက်သီး၊ ဒေါသ လေ

ကေရာဇ်လက်သီး၊

မြေကမ္ဘာကေရာဇ်လက်သီးဟူ၍ ပြောင်းလဲသွားပြီး

မိုးပြာနွားသိုးမျိုးနွယ်၏ မတူညီသည့်

ကျင့်စဉ်များအလိုက် ကွဲထွက်သွားသည်။

သူတို့အနက် သူ၏ ဒေါသ လေ

ကေရာဇ်လက်သီးက အင်မတန် အစွမ်းထက်သည်။

သူ၏ လက်သီးသိုင်းက အင်မတန်

ပြင်းထန်ရုံသာမက ၎င်း၏ အရှိန်ကလည်း

လူတစ်ယောက်ကို ကြက်သိမ်းမွေးညှင်းများ

ထသွားစေလောက်သည်အထိ မြန်ဆန်သည်။

အဆင့်တူထဲတွင်ဆိုလျှင် သူ၏ လက်သီး

ခံနိုင်ရည်ရှိသည့်သူက အနည်းစုသာ ရှိသည်။

ရန်သူက သေမှာ သေချာနေ၏။

သို့သော် တစ်ဖက်သူကို သူ၏
လက်သီးဖြင့်အလွယ်တကူ ထိုးနှက်ပြီး
ဝါးမြိုနိုင်မည်ဟု တွေးထားမည့်အချိန်၌
မတော်တဆမှုတစ်ခုက ရုတ်တရက်
ဖြစ်ပွားလာ၏။

ထိုပုံရိပ်က လက်ဖဝါးထဲ၌ ဓါးမော့တစ်လက်က
ရုတ်တရက် ပေါ်လာသည်။ ပြီးနောက်
နဂါးတစ်ကောင်ပမာ ပိုင်းဖြတ်လိုက်တော့သည်။
ဓါးအလင်း ဖျတ်ခနဲ ပေါ်လာပြီးနောက်
ထိတ်လန့်ဖွယ် ဓါးသွား စွမ်းအားက သူ၏
လက်သီးပေါ် တိုက်ရိုက် ကျရောက်လာ၏။

ဖုန်း။

သူ့ပြိုင်ဘက်၏ ဓါးမော့အလင်းနှင့် သူ၏ ဒေါသလေ ဧကရာဇ်လက်သီးတို့က ပြင်းထန်စွာ တိုက်မိသွားပြီး ချက်ချင်းပင် ပြိုပျက်သွားတော့၏။

သူ၏ ခန္ဓာကိုယ်ထဲကို ကြီးမားလာသော သက်ရောက်အားက တိုးဝင်လာကာ သူ၏ အတွင်း ကလီစာများကို တစ်စစီ ဖြစ်သွားစေတော့သည်။ လွှဲရမ်းမှုတစ်ခုတည်းဖြင့် သူ့ကို ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားစေ၏။ သူ၏ တစ်ကိုယ်လုံးက အမြှောက်ဆံပမာ လွင့်ထွက်သွားတော့သည်။

သေစမ်း။

ချင်းနို့က လေထဲတွင် သွေးတစ်ပွက်

အန်လိုက်တော့၏။ သူ၏ မျက်လုံးထဲ၌ ဇဝေဇဝါ

ဖြစ်မှုများ၊ မယုံနိုင်မှုများ ပြည့်နေသည်။

ယခုအချိန်တွင်တောင် သူက ယင်းက

သေးငယ်သည့် ကျန်းဟိုင်မြို့လေးလားဆိုတာ

နားမလည်နိုင်သေးပေ။ ဤနေရာသည်

လူသားမျိုးနွယ်၏ စူပါမြို့ကြီးများထဲမှ

တစ်မြို့မဟုတ်ပေ။ ဤနေရာက သူ၏ကိုယ်ပိုင်

နယ်မြေလောက်တောင် မကြီးမားပေ။ သို့သော်

ဤကဲ့သို့ နေရာသေးလေး၌ ထိုမျှ များပြားသည့်

သိုင်းပညာရှင်များ အဘယ်ကြောင့် ရှိနေရသနည်း။

တစ်ယောက်စီတိုင်းက

ကြောက်မက်ဖွယ်ကောင်းလောက်အောင် အစွမ်းထက်သည်။ သူသည် ခွန်အားကြီးသည့် အံ့ဖွယ်အဆင့်အောက် သားရဲတစ်ကောင် ဖြစ်၏။ ထိုသို့တိုင် တစ်ဖက်သူကို အဘယ်ကြောင့် မခုခံနိုင်ရသနည်း။

ကောင်းကင်ဘုံသည် ယနေ့ည သူ့ကို ကျိစယ်ရန် ရည်ရွယ်ထားသည်လော။ ထိုပုံရိပ်က လှုပ်ရှားလာပြီးနောက် သူ၏ ခန္ဓာကိုယ်သည် အနည်းငယ် စတင်တုန်ယင်လာတော့သည်။

သေစမ်း။ အံ့ဖွယ်အဆင့်အောက် သားရဲတစ်ကောင် ဤနေရာမှာ ရုတ်တရက် ပေါ်လာလိမ့်မယ်လို့ မထင်ထားဘူး။ ငါ့ခန္ဓာကိုယ်ထဲက

ဝိညာဉ်စွမ်းအားတွေက ။ ဒါက ငါ့ခန္ဓာကိုယ်ထဲက ဝိညာဉ်စွမ်းအားတွေကို တုန်လှုပ်သွားစေတာ။

ဒီနေရာမှာ ငါ့စိတ်ငြိမ်အောင် လုပ်ပြီး ငါ့ရဲ့ ဝိညာဉ်ကို အားဖြည့်ဖို့ လရောင်ရဲ့အဆီအနစ်ကို ချေးငှားရတာ လွယ်တာ မဟုတ်ဘူး။ အခုတော့ နတ်ဆိုးကောင်က ထပ်ပြီး မွေ့နှောက်လိုက်ပြန်ပြီ။ ငါ ဒါကို အပြည့်အဝ ဖိနှိပ်ထားရမယ်။ မဟုတ်ရင် ငါ လီလျိုဆွေ့က သတ်ဖြတ်ခြင်း နတ်ဆိုးအဖြစ် ပြောင်းလဲသွားပြီး စီရင်စု ၉ခု ကို ထိခိုက်စေလိမ့်မယ်။

ထိုသို့ပြောဆိုပြီးနောက် သူက ချက်ချင်းပင် သူ၏ လက်ကောက်ဝတ်ပေါ် ရှိ ဗုဒ္ဓပုတီးကို သုံးပြီး

၄င်းကို ဖိနှိပ့်လိုက်၏။ သူက ဗုဒ္ဓကျမ်းစာများကို တိတ်တဆိတ် ရွတ်ဖတ်နေပြီးနောက် သူ့ရင်ထဲရှိ သတ်ဖြတ်လိုစိတ်ကို ဖိနှိပ်လိုက်လေ၏။

တစ်ဖက်တွင်မူ ချင်းရှိုက ကျန်းဟိုင်မြို့ထဲရှိ နေရာတစ်ခုကို ပြုတ်ကျသွားပြီး ရုတ်တရက် မြေပြင်ပေါ်၌ တွင်းကြီးတစ်တွင်း ဖြစ်သွားတော့သည်။

ဖုန်း။

ဖူး။

သူက ပါးစပ်အပြည့် သွေးတစ်ပွက် အန်တော့သည်။ သူ၌ ရွေးချယ်စရာ မရှိပေ။

ထိုခါးမော့က သူ၏ လက်သီးကို ထိသွားပြီး သူ၏
ခန္ဓာကိုယ်ထဲရှိ ဝိညာဉ်စွမ်းအင်များကို
မွှေနှောက်သွားကာ ဝိညာဉ်စွမ်းအင်များကို
ထိန်းချုပ်မှု ကင်းမဲ့သွားစေပြီး သူ့အတွင်း
ကလီစာများကို တစ်စစီ ဖြစ်သွားစေကာ သူ့ကို
ဒဏ်ရာ ပြင်းပြင်းထန်ထန် သွားစေ၏။

ယခုအချိန်တွင် သူက ချီရှန်းအဆင့်
ကြယ်တာရာသားရဲတစ်ကောင်ပမာ
အားနည်းနေပြီး အစောတုန်းက
လူသားသိုင်းပညာရှင် နှစ်ယောက်နှင့် တွေ့လျှင်
ပြောရန် မလိုတော့ချေ။

သူက လူသားချိုရှန်းလေးတစ်ယောက်နှင့်
တွေ့ပင်လျှင် ပြေးစရာ မြေမရှိပဲ သေသွားနိုင်၏။

မဟုတ်ဘူး။ ငါ ဒီအတိုင်း ထွက်သွားလို့ မရဘူး။
ငါ့ရဲ့လက်ရှိ ခွန်အားကြောင့်
လူသားချိုရှန်းတွေတောင် ငါ့ကို သတ်နိုင်နေပြီ။

ငါက လူသားချိုရှန်းလေးတစ်ယောက်ရဲ့လက်ထဲမှာ
သေရမယ်ဆိုရင် ငါ ခွန်အားနတ်ဘုရား ချင်းနျိုက
ကြယ်ဆုံသောကောင်းကင် တစ်ခုလုံးထဲမှာ
ဟာသဖြစ်သွားမှာ မဟုတ်ဘူးလား။

မရဘူး။ ဒါမျိုး ဘယ်တော့မှ မဖြစ်စေရဘူး။

သူက ရှေးဦးစွာ ပုန်းရန်အတွက် နေရာတစ်နေရာ ရှာချင်၏။ သူ၏ ကျင့်ကြံဆင့်အချို့ပြန်ရအောင် ဖြည့်ပြီးမှ ဤနေရာကနေ ချက်ချင်း ထွက်ပြေးပြီး သူ့ဒဏ်ရာများကို ကုသရန် အရှင်ကျားနတ်ဘုရားကို ရှာဖို့ အာကာသစစ်မြေပြင်သို့ သွားမည်။

ထိုစဉ် သာယာငြိမ့်ညောင်းသော တေးသံက ရုတ်တရက် ပေါ်ထွက်လာ၏။

ပန်းလေးတွေ ခူးရတာ ငါ ပျော်တယ်။ ငါ ခူးထားတဲ့ ပန်းတွေက သန့်မာတယ်။

သေစမ်း။ ဘယ်လိုလုပ် ဒီလောက် တိုက်ဆိုင်နိုင်မှာလဲ။ ဒီနေရာက အဝေးကြီးပဲဆို

သူက လူသားတစ်ယောက်နဲ့ ဘယ်လိုလုပ် တွေ့ရတာလဲ။

ချင်းနိုရှိုသည် သွေးတစ်ပွက်အန်ပြီးနောက် လက်သီးကျစ်ကျစ် ဆုပ်လိုက်၏။ သူ၏ မျက်လုံးထဲ၌ သတ်ဖြတ်လိုစိတ်များ ပြည့်နေသည်။

သို့သော် ခဏအကြာတွင် တစ်ဖက်သူက သူ၏ မြင်ကွင်းထဲ ဝင်လာချိန်၌ သတ်ဖြတ်လိုစိတ်က ရုတ်တရက် ပျောက်ကွယ်သွားလေ၏။ ထိုမျှမက ညအချိန်တွင် သူက ပျော်ရွှင်စွာတောင် ရယ်မောလိုက်သေး၏။ အကြောင်းမှာ တစ်ဖက်သူ၏ ခေါင်းပေါ်၌ ကြောင်နှစ်ရွက်တစ်စုံ မြင်လိုက်ရသောကြောင့် ဖြစ်သည်။ သူမ

တင်ပါးနောက်၌ အမြီးရှည်ကတောင် ထွက်နေ၏။

ထိုသူက လူသားတစ်ယောက် မဟုတ်ပေ။

ဟား ဟား ဟား။ သူက လူသား မဟုတ်ဘူး။

တကယ်ကြီး ကြယ်တာရာသားရဲပဲ။

ကောင်းကင်ဘုံက ငါ့ကို တကယ် ကူညီပေးနေတာ။

သူက အဲ့ဒီ ကြယ်တာရာသားရဲကို တွေ့ပြီဆိုတော့

သူ့ဒဏ်ရာ ကုသပေးအောင် အကူအညီ

တောင်းလို့ရတယ်။ သူတို့နှစ်ယောက်လုံး

ကြယ်တာရာသားရဲတွေဆိုတော့ သူမက သူ့ကို

သေချာပေါက် ငြင်းမှာ မဟုတ်ဘူး။

သူ့ခွန်အား နည်းနည်းလောက် ပြန်ရအောင်
ကူညီပေးနိုင်ရင် သူက ရှန်းထျန်းသတ္တမအဆင့်
အံ့ဖွယ်ချီရှန်းဖြစ်နေရင်တောင် ပို့ဆောင်ရေး
အစီအရင်ကို အသက်သွင်းနိုင်မှာ။

ထိုအချိန်ကျလျှင် သူက အာကာသစစ်မြေပြင်သို့
အလွယ်တကူ ပြန်ပြေးသွားနိုင်ပြီ ဖြစ်သည်။
သူ့ကယ်တင်ခံရပြီး ထွက်ပြေးနိုင်တော့မည်ဟု
ဆိုလိုတာလည်း ဖြစ်၏။ ထိုအကြောင်းကို
တွေးမိပြီး သူက ချက်ချင်း ထရပ်ကာ သူ၏
ခန္ဓာကိုယ်ထဲရှိ နာကျင်မှုကို တောင့်ခံလျက်
တစ်ဖက်သူဆီ တိုးဝင်သွားလိုက်သည်။

" မိတ်ဆွေလေး ဒီမှာ ဟော့ဒီက ဟော့ဒီက "

ပန်းခူးတော့မည့် ဟွမ်လျိုလီက တစ်ဖက်သူကို မြင်သောအခါ ထိတ်လန့်သွားမိ၏။

" ဒါက ကြယ်တာရာသားရဲတစ်ကောင်လား။ လခွမ်း "

သူမက မကျိန်ဆဲပဲ မနေနိုင်တော့ချေ။

တစ်ဖက်သူ၏ အရှိန်အဝါက မှုမမှန်ကြောင်း သူမ အာရုံခံမိနေသောကြောင့် ဖြစ်သည်။

တစ်ဖက်သူသည် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားသော်ငြား သူ၏ အရှိန်အဝါက အတော်လေး သက်ရောက်နေသေးပြီး ဟွမ်လျိုလီက တစ်ဖက်သူ၏ အရှိန်အဝါသည်

ရှန်းထျန်းနဝမအဆင့် အံ့ဖွယ်ချီရှန်း အထွတ်အထိပ်ထက် အထက်တွင်ရှိကြောင်း ပြောနိုင်၏။

အစွမ်းထက်လိုက်တဲ့ ကြယ်တာရာသားရဲတစ်ကောင်ပဲ။ ဒီလူက နော့ဖစ်နဲ့ ဆာမြူရယ်ထက် ပိုသန်မာတယ်။

ယခုအချိန်တွင် အားနည်းနေသည့် သူက လက်သည်းကို ဝှေ့ရမ်းလိုက်၏။

ထိုကြယ်တာရာသားရဲ၏ ခွန်အားက အလွန်သန်မာနေပြီ ဖြစ်သည်။ ခုနတုန်းက ဒဏ်ရာရထားသောကြောင့် သိပ်သန်မာတော့မှာ မဟုတ်ပေ။ ထိုအရာကို သူမ သခင်အား

ပေးခဲ့လျှင် သူမ သခင်က ၄င်းကို ကုသပြီး မွေးမြူရေးကွင်းထဲ ပစ်ထည့်လိမ့်မည်။

ယင်းက သူ့အတွက် အကျိုးထူးဆောင်ပေးတာ မဟုတ်ပါလော။ သူမ သခင် ပျော်ချိန်၌ သူသည် သူမကို တစ်ခုခုဖြင့်တောင် ဆုပေးနိုင်လောက်သည်။ ထိုအချိန်တွင် ချင်းနျိုက သူမဆီ ပြေးဝင်လာပြီ ဖြစ်သည်။

" မိတ်ဆွေလေး ... ငါတို့အားလုံး ကြယ်တာရာသားရဲ့တွေပဲ။ ကျေးဇူးပြုပြီး ငါ့ကို ကူညီပေးပါဦး။ ငါ လူသားတွေကြောင့် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတာ။ ငါ့ရဲ့ဒဏ်ရာတွေကို ကုသပေးဖို့ ကူညီပေးမယ်ဆိုရင် ငါ မင်းကို

ကျေးဇူးတင်မိမှာပါ။ ဆုလာဘ်က မင်း
မှန်းဆနိုင်တာထက် ပိုတယ် "

" ဟီး ဟီး ဟီး။ နင်က အကြီးမားဆုံး ငွေပေးချေမှုပဲ
"

ထိုသို့ပြောပြီးနောက် သူမ၏ လက်သည်းများကို
ဆန့်ထုတ်လိုက်တော့သည်။

အပိုင်း ၂၅၆ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၇ မွေးမြူရေးကွင်းအသစ်ကို အုံ့ဖွယ်အဆင့်အောက် သားရဲနှစ်ကောင်ကို မိတ်ဆက်ပေးခြင်း။

ယွဲ့ရှောင်ဘက်တွင်မူ လုပ်ရှားမှု များများစားစား မရှိပေ။

သူသည် ချင်းနိုျနှင့် ဖုန်းလုံတို့ ရောက်လာချိန်၌ သူတို့နှစ်ကောင်ကို အာရုံခံမိပြီး ဖြစ်သည်။

သူ၏ လက်ရှိခွန်အားက ဘုရင်နယ်ပယ်တွင် ရှိသည်။ သူက အတွေးတစ်ချက်ဖြင့် ကျန်းဟိုင်တစ်မြို့လုံးကို အလွယ်တကူ

ဖြန့်ကြန့်နိုင်၏။ အတိတ်တုန်းက သူသည် ခဏအတွင်း ကျန်းဟိုင်တစ်မြို့လုံးကိုလည်း ဖြန့်ကျက်နိုင်ခဲ့သည်။ သို့သော် ထိုစဉ်က မြို့က မချဲ့ထွင်ရသေးပေ။ လက်ရှိ ကျန်းဟိုင်မြို့သည် ယခင်ကထက် ၅ဆ ပိုကြီးမားလာ၏။ ထို့အပြင် လူများစွာလည်း ဝင်ရောက်လာသည်။

ဝမ်ဟိုင်မြို့ ကျန်းတုံမြို့ကဲ့သို့ အနီးအနားမြို့များ၏ နေထိုင်သူများကလည်း ရွှေ့ပြောင်းလာကြသည်။

သူက အတွေးတစ်ချက်ဖြင့် ကျန်းဟိုင်တစ်မြို့လုံးကို လွှမ်းခြုံနိုင်၏။ ယင်းက အတွေးတစ်ချက်ဖြင့် ယခင် ကျန်းဟိုင်တစ်ခုလုံးကို ဖြန့်ကျက်နိုင်ပုံနှင့် မတူပေ။

ထိုအကြောင်းအရင်းကြောင့် ဒါရိုက်တာ ကျန်းချန် တိုက်ခိုက်လိုက်တာကို သူ သိတာပဲ ဖြစ်သည်။

သူက ကြည့်နေသည်။ သူက စောင့်ကြည့်နေသည့်ပမာ ကျန်းဟိုင်တစ်မြို့လုံးတွင် ဖြစ်ပျက်သမျှ အရာအားလုံးက သူ၏ မျက်လုံးရှေ့ကနေ မလွတ်မြောက်နိုင်ပေ။

သူ အလိုရှိလျှင် ကျန်းဟိုင်တစ်မြို့လုံးရှိ လူများ မည်သည့်အချိန်တွင် မည်သည်ကို ပြုလုပ်နေသည်ဆိုတာကို သူသိနိုင်သည်ဟု ပြောတာက ချဲ့ကားပြောခြင်း မဟုတ်ပေ။

ထို့ကြောင့် သူ မတိုက်ခိုက်ခဲ့ပေ။

နောက်ပိုင်းတွင် ကျန်းချန်က သမန်လှံကိုကန်ကာ တိုက်ခိုက်ပြီး ခွန်အားအကုန် မသုံးခဲ့သော်ငြား ဖုန်းလုံသည် ထွက်ပြေးရန်အတွက် သွေးပေါက်ကွဲခြင်းကို သုံး၏။ ချင်းနိုကု ထွက်ပြေးရန် ဖုန်းလုံကို သစ္စာဖောက်ခဲ့သည်။ သို့သော် ယဲ့ချောင်က သူတို့ကို မတားခဲ့ပေ။

ဖုန်းလုံက သူ၏ မွေးမြူရေးကွင်းထဲသို့ ဝင်ရောက်ပြီးဖြစ်ကြောင်း သူ အာရုံခံမိသည်။ သူက မွေးမြူရေးခြံထဲ ဝင်ရောက်သွားသရွေ့ သူ၌ ထူးကဲသည့် စွမ်းရည်များ ရှိပင်လျှင် ဘယ်တော့မှ လွတ်မြောက်မှာ မဟုတ်ပေ။

သူ ပြုလုပ်ထားသည့် ခုခံခြင်း အစီအရင်က တစ်လှမ်းသွားဖြစ်ပြီး နှစ်လှမ်းသွား မဟုတ်ပေ။ မဟုတ်လျှင် ဝိညာဉ်စွမ်းအင်ကို အပြည့်အဝ သီးခြားထားပေလိမ့်မည်။

အစီအရင်က လည်ပတ်ရန်အတွက် ဝိညာဉ်စွမ်းအင်များ ဆက်တိုက် စုပ်ယူရန် လိုအပ်သည်။

သွေးပေါက်ကွဲခြင်းကျင့်စဉ်၏ အဓိက မဏ္ဍိုင်က သူ၏ ခန္ဓာယ်ကိုယ်ထဲရှိ ဒြပ်စင်များကို တူညီသည့် တည်ရှိမှုအဖြစ် အသွင်ပြောင်းလဲပြီး ဝိညာဉ်စွမ်းအင်အဖြစ် ပုံပြောင်းကာ

ထွက်ပြေးတာပဲ ဖြစ်သည်။ ဤနည်းဖြင့် ဖုန်းလုံက မွေးမြူရေးခြံထဲသို့ မတော်တဆ ဝင်လာမိသည်။

ချင်းနိုအတွက်မူ သူက ပိုတောင် ရိုးရှင်း၏။

ယွဲ့ရှောင်သည် ခါးမော့နတ်ဘုရား လီလျိုဆွေ့က သူ ထွက်ပြေးရာ လမ်းကြောင်း၌ ရှိနေကြောင်း အာရုံခံမိပြီး ဖြစ်သည်။ ခါးမော့နတ်ဘုရား လီလျိုဆွေ့ထိုနေရာတွင် စောင့်ကြပ်နေလျှင် ချင်းနို၏ ခွန်အားက အစစ်အမှန် အံ့ဖွယ်သားရဲနယ်ပယ်သို့ မရောက်သရွေ့ သူ့အဖို့ လီလျိုဆွေ့ကို အနိုင်ယူပြီး ထွက်ပြေးနိုင်ရန် နည်းလမ်းရှိမှာ မဟုတ်ချေ။

ထိုစဉ် ဟွမ်လျိုလီက ရုတ်တရက် တံခါးဖွင့်ပြီး
စိတ်လှုပ်ရှားစွာ အော်လိုက်တော့၏။

" သခင် ... သခင် "

" သခင် .. သခင် မြန်မြန်ကြည့်ပါဦး။
ကျွန်မပါ ..ကျွန်မတို့ ဘာပစ္စည်းကောင်း
ရလာလဲလို့။ အံ့ဖွယ်အဆင့်သားရဲတစ်ကောင်။
နွားတစ်ကောင်လေ "

" ဟား ဟား ဟား။ နောင်ကြ စားသောက်ဖို့အတွက်
အမဲသားရပြီ။ အမဲသားဟော့ပေါ့ စားလို့ ရပြီ။
စတိတ်တောင် စားလို့ရတယ် "

ဟွမ်လျိုလီက ယဲ့ရှောင်ဆီသို့ သတိလစ်နေသော ချင်းနျိုကို စိတ်လှုပ်ရှားစွာ သယ်လာ၏။

ယဲ့ရှောင်သည် သူ့ရှေ့ရှိ ကြွက်သားများဖြင့် ပြည့်နေသော နွားသိုးကို ကြည့်ပြီးနောက် စိတ်ကျေနပ်စွာ ခေါင်းညိတ်လိုက်၏။

အမှန်တကယ်တွင် သူသည် ယခင်က အစိမ်းရောင်နွားသိုးကို ကြုံတွေ့ခဲ့၏။ ယင်းက ကောင်းကင်နတ်ဆိုး ချောက်ကမ်းပါးအောက်တွင် ရှိသော လျှပ်စီးကျွဲစိမ်းပဲ ဖြစ်သည်။ သို့သော် ကျွဲစိမ်းသည် သူ့ရှေ့ရှိ မိုးပြာနွားသိုးလောက် အစွမ်းမထက်ပေ။ ထို့အပြင် ကျွဲစိမ်းက အသားစား၍ မရပေ။

အကြောင်းမှာ ကောင်းကင်နတ်ဆိုး

ချောက်ကမ်းပါးအောက်တွင် အချိန်ကြာမြင့်စွာ

ရှိနေခဲ့သောကြောင့် အန္တရာယ်များသည့်

အရှိန်အငွေ့အသက်တို့ဖြင့် တိုက်စားခံထားရသည်။

ထိုစဉ်က ယွဲ့ရှောင်သည် ၄င်းကို

ဆေးလုံးတစ်လုံးအဖြစ်သာ သန့်စင်ဖော်စပ်ခဲ့သည်။

ယခုမူ သူက မတူညီသည့် အကောင်တစ်ကောင်

ရလိုက်၏။ ထို့အပြင် သူ၏ ခွန်အားက ယခင်

ကျွဲစိမ်းထက် ပိုသန်မာသည်။

အတော်လေးကောင်းသည့် ရိတ်သိမ်းမှုပဲ

ဖြစ်သည်။

" မင်းလုပ်ခဲ့တာ ကောင်းတယ် "

" ကျေးဇူးပါ။ ချီးကျူးပေးတာအတွက် ကျေးဇူးပါ သခင် .. မြောင် "

ဟွမ်လျိုလီက အင်မတန် စိတ်လှုပ်ရှားသွားပြီး သူ၏ အမြီးလေးကို လှုပ်လိုက်မိသည်။

" အရင်ဆုံး သူ့ကို မွေးမြူကွင်း ခေါ်သွားပြီး ပိတ်ထားလိုက်မယ်။ ဒီနေ့ည မင်းကို နားခွင့်ပေးမယ်။ မွေးမြူရေးကွင်းကို သွားစရာ မလိုဘူး "

" ဟုတ်ကဲ့ သခင် "

ယွဲ့ရှောင်က ခေါင်းညိတ်လိုက်ပြီး သူမ၏ ခေါင်းလေးကို ထိလိုက်၏။ ပြီးနောက်

မိုးပြာနွားသိုးကို သယ်ပြီးနောက်
မြေဝပ်ခြင်းကျင့်စဉ်ကို သုံးကာ
မွေးမြူရေးကွင်းထဲသို့ ချက်ချင်း သွားလိုက်၏။
ဟွမ်လျိုလီက စိတ်လှုပ်ရှားလွန်းသောကြောင့်
သူမခေါင်းလေးတောင် ပူလာ၏။

" အား .. သခင်က ငါ့ခေါင်းကို ထိလိုက်တယ်။
အား ... သိပ်ကို သက်သောင့်သက်သာ ရှိလိုက်တာ
"

ယွဲ့ရှောင်က များများစားစား မတွေးခဲ့ပေ။ သူက
အိမ်မွေးတိရစ္ဆာန်တစ်ကောင်ကို
ပုံမှန်လူတစ်ယောက် ချီးကျူးသည့်ပမာ ခေါင်းကို
ညင်သာစွာ ပွတ်သပ်ပေးလိုက်ရုံသာ ဖြစ်သည်။

ယခုအချိန်တွင် သူက မွေးမြူရေးကွင်း၌
ရုတ်တရက် ပေါ်လာ၏။ နောက်တစ်စက္ကန့်တွင်
ကြယ်တာရာသားရဲများက ချက်ချင်း လျင်မြန်စွာ
စုဝေးလာတော့သည်။

" သခင် ဒီရောက်လာပြီပဲ "

" သခင် ဒီနေ့ ကောင်းမွန်တဲ့ နေ့တစ်နေ့ ဖြစ်ခဲ့ရဲ့လား
"

" သခင် ရေဆာနေပြီလား။ လတ်လတ်ဆတ်ဆတ်
နွားနို့တွေက ညှစ်ထားခါစဆိုတော့
နွေးနေသေးတယ် "

ကြယ်တာရာသားရဲမျှား တစ်စုသည် ခွေးများပမာ မျက်နှာချိုသွေးနေတာကို မြင်သောအခါ ဖုန်းလုံက ချက်ချင်း အံ့ဩဆွံ့အသွား၏။

ဘာတွေဖြစ်ကုန်တာလဲ။ အဲ့ဒီလူတွေ ဘာလုပ်နေတာလဲ။ သူတို့ရဲ့ဂုဏ်သိက္ခာကို ဂရုမစိုက်တော့ဘူးလား။ သူတို့အားလုံးက ကြယ်တာရာသားရဲတွေလေ။ အားလုံးက အံ့ဖွယ်ချီရှန်း ကြယ်တာရာသားရဲတွေ။

ဒီလို အစွမ်းထက်တဲ့ ကြယ်တာရာသားရဲတွေက ခွေးတစ်အုပ်လိုမျိုး လူသားတစ်ယောက်ကို တကယ်ကြီး မျက်နှာချိုသွေးနေတဲ့လား။

သူတို့ရဲ့ဘိုးဘေးတွေသာ မြင်ရင် အုတ်ဂူထဲကနေ တွယ်တက်လာပြီး ထဆဲလိမ့်မယ်။

ဒါပေမဲ့ ဒီလူက သူ့ကို အနိုင်ယူခဲ့တဲ့သူ မဟုတ်ဘူးလေ။ သူက ဘယ်သူလဲ။

ထိုသံသယများဖြင့် ဖုန်းလုံက အေးစက်စက် ပြောလိုက်တော့သည်။

" ဟေ့ .. မင်းက ဘယ်သူလဲ "

ယွဲ့ရှောင်က သူ့ကို တစ်ချက်သာ ကြည့်ပြီးနောက် ချင်းနျိုကို သူ့ဘေးသို့ ပစ်ချလိုက်သည်။

" သောက်ဂွ ဒီခွေး "

ချင်းချိုးကို မြင်ပြီးနောက် ဖုန်းလုံသည်
ဒေါ်သထွက်လွန်းသောကြောင့် သွေးအန်လုနီးပါး
ဖြစ်သွားသည်။ ထိုအရူးသာ သူ့ကို နောက်ကနေ
ရုတ်တရက် ချုံခိုတိုက်ခိုက်ခြင်းကြောင့်သာ
မဟုတ်လျှင် သူက ဤအခြေအနေထဲ
ကျရောက်သွားမှာ မဟုတ်ပေ။

သူ ထွက်ပြေးနိုင်ခဲ့ကာ ပို့ဆောင်ရေး အစီအရင်ကို
ဖွင့်လှစ်ပြီး ကြယ်ဆုံသော ကောင်းကင်ထဲ
ပြန်နေလောက်ပြီ ဖြစ်သည်။ သို့သော် ဒေါသက
ဒေါသပဲ ဖြစ်၏။ သူ၏ စိတ်က
အလွန်ကြည်လင်နေသေးသည်။ အကြီးမားဆုံး
ပြဿနာ မဟုတ်။ ယွဲ့ရှောင်ပဲ ဖြစ်သည်။

ထိုလူသည် ထွက်ပြေးပြီးသော ချင်းနှိုကို
အမှန်တကယ် ဖမ်းနိုင်ခဲ့၏။ သူ၏ ခွန်အားက
သာမန် မဟုတ်ပေ။

ယွဲ့ရှောင်က ချင်းနှိုကို အရင်ကုသပေးလိုက်သည်။
ယွဲ့ရှောင်၏ ကုသခြင်းကျင့်စဉ်က အင်မတန်
အစွမ်းထက်တာကို မြင်သောအခါ ဖုန်းလုံ၏
သူငယ်အိမ်များက အနည်းငယ် ကျုံ့သွားမိ၏။

ကြောက်မက်ဖွယ် ကောင်းလိုက်တဲ့ ကျင့်စဉ်ပဲ။
ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားတဲ့
အံ့ဖွယ်အဆင့်အောက် သားရဲတစ်ကောင်ကို
လွယ်လင့်တကူ ချက်ချင်း ကုပေးလိုက်တယ်။

ဒီကျင့်စဉ်မျိုးက သာမန်လူတွေ လုပ်နိုင်တာ မဟုတ်ဘူး။

ချင်းနှိုက ဒယိမ်းဒယိုင် ထရပ်လိုက်ပြီးနောက် အံ့ဩဆွံ့အနေသော အမူအယာဖြင့် ပြောလိုက်၏။

" ဒါ ဘယ်နေရာလဲ။ ဘာဖြစ်သွားတာလဲ။ ငါ ဒီကို ဘာကြောင့် ရောက်နေတာလဲ "

သူက ကြောင်အနေသော အမူအယာဖြင့် သုံးကြိမ်သုံးခါ မေးခဲ့၏။ ဖုန်းလုံက ချက်ချင်းပင် သူ့ကို ထရိုက်တော့သည်။

" ထစမ်း။ မျိုးမစစ်ကောင်။ ငါတို့ ဒီလူ ဖမ်းတာ ခံရပြီး မွေးမြူရေးကွင်းလို့ ခေါ်တဲ့ နေရာမှာ

အကျဉ်းချခံလိုက်ရပြီ။ ငါတို့က သူ့ရဲ့ မွေးမြူရေးတိရစ္ဆာန်ဖြစ်သွားပြီ "

ချင်းနိုက ကြက်သေ သေနေလေ၏။

" မွေးမြူရေးတိရစ္ဆာန်လား။ မွေးမြူရေးကွင်းလား။ ဖုန်းလို .. မင်းလည်း အဖမ်းခံရတာလား။ ပြီးတော့ ဆာမြူရယ်၊ စူဇန်။ မင်းတို့တွေရော ဒီရောက်နေတာလား "

ခဏအကြာတွင် သူ့အကြည့်က ယဲ့ရှောင်ဆီ ရောက်သွား၏။

" မင်းက ငါတို့ကို ဖမ်းခဲ့တဲ့ သူလား "

ယှဲ့ရှောင်ကို သူ့ကို တစ်ချက်ကြည့်ပြီး ထူးမခြားနား ပြောလိုက်၏။

" မင်းတွေ့တဲ့အတိုင်းပဲ ... ငါက ကြယ်တာရာသားရဲ မွေးမြူရေးခြံရဲ့ပိုင်ရှင်ပဲလေ။ အခုကစပြီး မင်းနဲ့ ဖုန်းလုံက ငါ့ရဲ့မွေးမြူရေးတိရစ္ဆာန်တွေ ဖြစ်ပြီ။ မင်းတို့တွေက ငါ့ကို သတ်မှတ်ထားတဲ့ အသား၊ ချို ခွာနဲ့၊ နဂါးကြေးခွံတွေ နေ့စဉ်နေ့တိုင်း ပေးရမယ်။ ဒါပေါ့။ မင်းတို့တွေ ပိုပေးလို့လည်း ရတယ်။ မင်းတို့နှစ်ယောက် ပိုမြန်မြန်ဆန်ဆန် ကျင့်ကြံနိုင်ပြီး တတ်နိုင်သမျှ မြန်မြန် အံ့ဖွယ်သားရဲနယ်ပယ်ကို အဆင့်တက်အောင်လို့ ကူညီပေးဖို့ ထောက်ပံ့ပေးမယ် "

" မင်းတို့နှစ်ယောက် အံ့ဖွယ်သားရဲနယ်ပယ်ကို မြန်မြန် အဆင့်တက်ပြီး ကျင့်ကြံနိုင်အောင်လို့ ကိစ္စတချို့ထောက်ပံ့ပေးမယ် "

ချင်းနျိုက လက်သီးကျစ်ကျစ် ဆုပ်လိုက်ပြီး သူ၏ မျက်လုံးထဲ၌ အမျက်ဒေါသ ရန်လိုမှုများ ပြည့်နေလေ၏။

" ဒါ ဘယ်လို ဟာသမျိုးလဲ။ မင်းကိုမင်း ဘယ်သူလို့ ထင်နေလဲ။ ငါ ဘယ်သူဆိုတာ သိလား။ ငါက မင်းရဲ့ မွေးမြူရေးတိရစ္ဆာန် ဘယ်လိုလို့ ဖြစ်နိုင်မှာလဲ။ အရူး မလုပ်နဲ့ "

ဖုန်း။

နောက်တစ်စက္ကန့်တွင် အတွေးတစ်ချက်ဖြင့် ယဲ့ရှောင်သည် မဟာနိဗ္ဗာနလက်သီးကို သုံးလိုက်သည်။ ထိုးရန်တောင် မလိုအပ်ပဲ လက်သီးအလင်းက ချင်းနျို၏ ရင်ဘက်ရှေ့၌ ပေါ်လာပြီး သူ့ကို လွင့်ထွက်သွားစေကာ နံရံနှင့် ရိုက်မိသွားစေ၏။

ဖူး။

ချင်းနျိုသည် လတ်လတ်ဆတ်ဆတ် သွေးတစ်ပွက် အန်လိုက်၏။ သူ၏ ရင်ဘက်ပေါ် ရှိ အရိုးအားလုံး ကျိုးသွားသည်ဟု ခံစားလိုက်ရသည်။ သူ၏ အတွင်းကလီစာများကလည်း တုန်ယင်ကုန်၏။ နာကျင်မှုက ပြင်းထန်လွန်းသောကြောင့် သူ၏

ဝိညာဉ်ပါ တုန်ယင်မိသွားသည်။ သို့သော်ငြား သူက
ကျယ်လောင်စွာ မဆဲနိုင်သေးခင်
နောက်တစ်စက္ကန့်တွင် ယွဲ့ရှောင်က သူ၏
ခန္ဓာကိုယ်ကို ကုသပေးရန် ကုသခြင်းကျင့်စဉ်ကို
အသုံးပြုပြီး လက်သီးကြောင့် အစိတ်စိတ်အမွှာမွှာ
ကြေသွားသော အရိုးများကို ကုသပေး၏။
ပြီးနောက် လက်သီးဖြင့် အရိုးများကျိုးအောင်
ထိုးပြန်သည်။ ထိုသံသရာက ထပ်ခါတလဲလဲ
ဖြစ်နေ၏။ ၁၀စက္ကန့်အတွင်း ချင်းနျို၏ နံရိုးများက
အကြိမ်တစ်ရာကျော် ကျိုးသွားပြီ ဖြစ်သည်။

" မလုပ်။ ငါ့ကို ထပ်ပြီး နာအောင် မလုပ်နဲ့တော့။ အညံ့ခံပါတယ်။ မွေးမြူရေးတိရစ္ဆာန်ဖြစ်ဖို့ ဆန္ဒရှိပါတယ် "

ဒီတော့မှ ယွဲ့ရှောင်က ရပ်တန့်လိုက်၏။ ဖုန်းလုံက တံတွေးမြိုချလိုက်ပြီး သူ၏ နဖူးပေါ်၌ ချွေးစီးများ ပြန်နေပြီ ဖြစ်သည်။ ဒီတော့မှ ယွဲ့ရှောင်သည် မည်မျှ ကြောက်မက်ဖွယ်ကောင်းကြောင်း သဘောပေါက်သွားတာ ဖြစ်၏။

ထိုကြယ်တာရာသားရဲများ ဆာမြူရယ်နှင့် စူဇန် သူတို့အားလုံးသည် အင်မတန် မောက်မာထောင်လွှားသည့် အကျင့်စရိုက် ရှိသောပြား ဤနေရာ၌ မွေးမြူရေးတိရစ္ဆာန်ဖြစ်ရန်

သဘောတူလိုက်တာ အံ့သြစရာ မရှိပေ။ ထိုလူ၏
ရှေ့၌ သူတို့က သေဖို့တောင် မဖြစ်နိုင်ပေ။
သဘောမတူမချင်း အဆုံးမရှိ
ညှင်းပမ်းနှိပ်စက်လိမ့်မည်။

ထို့အပြင် သူ၏ နည်းလမ်းများက ရိုးရှင်းပြီး
ကြမ်းတမ်းသည်။ လိုအပ်သည်က သဘောတူဖို့သာ
တတ်နိုင်သည်။ သဘောမတူတာအပြင် ကျန်သည့်
ရွေးချယ်မှု မရှိပေ။ ထိုစဉ် ယွဲ့ရှောင်၏ အကြည့်က
သူ၏ ခန္ဓာကိုယ်ပေါ် ကျရောက်လာ၏။
ထိုကြီးမားလာသော အရှိန်အဝါက သူ၏
ခန္ဓာကိုယ်ကို ဖိချလာပြီးနောက် သူ၏ ဝိညာဉ်သည်
ဖိနှိပ်ခံလိုက်ရသည့်ပမာ ခံစားလိုက်ရတော့သည်။

ယွဲ့ရှောင်၏ ခွန်အားက အလွန်သန်မာ၏။

အလွန်အမင်း သန်မာလွန်းသည်။ သူတို့ ခုခံနိုင်သည့်

အရာမျိုး မဟုတ်ပေ။

ဖုန်းလုံသည် ဆိုးဆေးများပမာ ပြုလုပ်ရဲခြင်း

မရှိတော့ပေ။ သူက ချင်းနျို၏ ခြေလှမ်းအတိုင်း

လိုက်ပါရမှာကို စိုးရွံ့သောကြောင့် ချက်ချင်း

ပြောလိုက်၏။

" ငါ ... ငါလည်း ဆန္ဒရှိတယ် "

ထိုစကားများကို ပြောပြီးသည်နှင့် သူ၏

ခန္ဓာကိုယ်ပေါ် ရှိ ဖိအားက  ရုတ်တရက်

ပျောက်ကွယ်သွားတော့သည်။

ဒီတော့မှ သူက သက်ပြင်းချပြီး နဖူးပေါ် ရှိ ချွေးစီးများကို သုတ်လိုက်တော့သည်။

ကံကောင်းသည်မှာ ယွဲ့ရှောင်ကို သူက တိုက်ခိုက်ခွင့် မပေးခဲ့ပေ။ မဟုတ်လျှင် သူသည် သေသည်အထိ ညှင်းပမ်းခံရလောက်သည်။

" မင်းတို့နှစ်ကောင် ဘာမှ ငြင်းစရာ မရှိဘူးဆိုတော့ မနက်ဖြန်ကစပြီး မင်းတို့တွေလည်း ရိက္ခာ အပ်နှံရမယ်။ ငါ တောင်းဆိုထားတဲ့ ပမာဏအပြင် မင်းတို့နှစ်ယောက် ပိုပေးချင်တယ်ဆိုရင် မင်းတို့ကို ပံ့ပိုးပေးမယ်။ မင်းတို့ ပိုမပေးချင်ဘူးဆိုရင် ငါလည်း ဖိအားသိပ်မပေးဘူး။ ဒါပေမဲ့ အခြေခံရိက္ခာကတော့ လွှဲပေးရမှာပဲ "

" ချိတ်ပိတ်ခံ နဂါးက နေ့စဉ်နေ့တိုင်း နဂါးကြေးခွံ ၁၀ ခုနဲ့ နဂါးအသား ၁၀ပေါင် ပေးရမယ်။ မိုးပြာနွားသိုးက ပေါင်သားကို နေ့တိုင်း ပေးရမယ်။ ငါ အခုတော့ ဒါပဲ မှာခဲ့ဦးမယ်။ မင်းတို့နှစ်ကောင် ကြယ်တာရာသားရဲ မွေးမြူရေးခြံမှာ အချိန်ကောင်း ရှိပါစေလို့ မျှော်လင့်တယ် "

ထိုသို့ပြောပြီးနောက် ယွဲ့ရှောင်သည် သိုလှောင်လက်စွပ်ထဲတွင် ဟွမ်လျိုလီ ခူးလာသည့် ပန်းပွင့်များကို ထုတ်ပြီး စူဇန်အား ပေးလိုက်၏။ သူက မထွက်သွားခင် သူမကို ပျားရည် စုဆောင်းရန် ပြောလိုက်၏။ သူ ထွက်သွားပြီးနောက် ချင်းနျိုက ကြုံးဝါးတော့သည်။

" ဖ ... ငါ့ကို နှောက်နေတာလား။ နေ့စဉ်နေ့တိုင်း ငါ့ရဲ့ပေါင်သားကို လှီးစေချင်တယ်ပေါ့။ ငါ့ကို သေသည်အထိ နာကျင်စေချင်တာ မဟုတ်ဘူးလား "

သူ ထိုသို့ ပြောလိုက်သည်နှင့် အေးစက်သော သတ်ဖြတ်လိုစိတ်က သူ၏ ခန္ဓာကိုယ်ပေါ် ကျရောက်လာသည်။

" သေသင့်တဲ့ ငတုံးနွား။ မင်း ငါ့ရှေ့မှာ စောဒက တက်ရဲသေးတယ်ပေါ့။ မင်းကြောင့်သာ မဟုတ်ရင် ငါက ဒီအခြေအနေထဲ ဘယ်လိုလုပ် အဆုံးသတ်မှာလဲ "

" ဖုန်းလုံ။ ကောင်းကောင်းမွန်မွန် ပြောကြရအောင်။ ဓါးသုံးတာက ယဉ်ကျေးမှု မရှိဘူး။ ဒီမှာ မင်းနဲ့ငါက ညီအစ်ကိုတွေ။ ငါတို့ ခင်မင်ရင်းနှီးမှုနဲ့ မင်း ငါ့ကို တစ်ခါလောက် ခွင့်မလွှတ်ပေးနိုင်ဘူးလား "

" ဒါ့အပြင် ငါတို့တွေက တကယ် တိုက်ခိုက်ကြရင် မင်း ငါ့ကို အနိုင်မယူနိုင်လောက်ဘူး "

ဖုန်းလုံက သူ၏ အရှိန်အဝါကို ဖြည်းဖြည်းချင်း ရုတ်သိမ်းလိုက်၏။ ချင်းနျိုက

သက်ပြင်းချလိုက်သည်။

" ဟုတ်တယ်။ ငါတို့ ညီအစ်ကိုတွေကြားမှာ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေဖို့ပဲ အာရုံစိုက်သင့်တယ် "

သူပြောပြီး နောက်တစ်စက္ကန့်၌ ဖုန်းလုံက သူ၏ နဂါးအမြီးကို ရုတ်တရက် ခုတ်လိုက်တော့သည်။ ချင်းနျိုက ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

" ဖုန်းလုံ။ မင်း ရူးနေပြီလား "

ဖုန်းလုံက သူ့လက်ထဲရှိ နဂါးအမြီးကို ဝှေ့ရမ်းလျက် အေးစက်စက် ပြုံးလိုက်သည်။ " ဒီနဂါးအမြီးထဲမှာ အနည်းဆုံး နဂါးအသား ပေါင်တစ်ဒါဇင်လောက် ရှိမှာပဲ။ ငါ့ရဲ့အကန့်အသတ်က နဂါးအမြီး ၁၀ ပေါင်လေ။ ပြောကြည့်။ ငါသာ ဒီနဂါးသားတွေကို ယွဲ့ရှောင်ဆီ ပေးလိုက်မယ်ဆိုရင် သူက မင်းကို အကြိမ်တစ်ရာလောက် ရိုက်ဖို့ ကူညီပေးမလား "

"  "

" လောင်လုံ။ မင်းက ဆိုးဆိုးဝါးဝါး သင်ယူခဲ့တာပဲ။ မင်း ငါ့ဆီက အကန်ခံရသင့်တယ် "

အပိုင်း ၂၅၇ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၈ တော်ဝင်ကျင့်စဉ် ပေါင်းစည်းခြင်း။ နတ်ဘုရားသတ် ကျင့်စဉ်။ ကောင်းကင်ကို ဖွင့်လှစ်ခြင်း။

အိမ်တွင် ထိုင်နေပြီး အုံ့ဖွယ်အဆင့်အောက်
သားရဲနှစ်ကောင်ကို ရလိုက်လေရာ
ယွဲ့ရှောင်အတွက် အင်မတန်
အမြတ်ထွက်သွားတာပဲ ဖြစ်သည်။ နောင်ကြ သူ
နေ့စဉ်နေ့တိုင်း ရရှိသော သွေးအဆီအနစ်နှင့်
ဝိညာဉ်စွမ်းအင်သည် အတော်တိုးလိမ့်မည်။
နောက်တစ်လှမ်းက ကျန်သည့်
ကြယ်တာရာသားရဲများကို သူတို့၏ ကျင့်ကြံဆင့်
မြင့်တက်လာအောင် ကူညီပေးရန်
မိုးနှင့်မြေရတနာများကို ရရန် နည်းလမ်းများ
တွေးရန် ဖြစ်သည်။ ယင်းက သူ လိုအပ်သည့်

သွေးအဆီအနစ်များကို ရနိုင်သည့် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။

ယွဲ့ရှောင်၏ စိတ်က တွေးနေလေ၏။ ပြီးနောက် သူက ချက်ချင်းပင် ကောင်းကင်အာရုံ စူးစိုက်ခြင်းကျင့်စဉ်ကို အသုံးပြုလိုက်သည်။ သူ၏ ပုံရိပ်က ရှိနေသည့်နေရာကနေ ချက်ချင်း ပျောက်ကွယ်သွားပြီးနောက် တစ်ဖန် ပေါ်လာ၏။ သူက အနောက်တောင်ပင်လယ်ကမ်းခြေ တောအုပ်ထဲ ရောက်နေပြီ ဖြစ်သည်။

ယခု သူ၏ ကျင့်ကြံဆင့်က ဘုရင်နယ်ပယ်သို့ မြင့်တက်သွားပြီဖြစ်ကာ သူ၏ အရှိန်ကလည်း အင်မတန် မြန်ဆန်နေပြီး ဖြစ်၏။

ကျန်းဟိုင်မြို့မှ အနောက်တောင် ပင်လယ်ကမ်းခြေ တောအုပ်သို့ သွားရန် အသက်ရှူစာ အနည်းငယ်မျှသာ ကြာသည်။ ထို့ကြောင့် သူသည် ခဏအတွင်း၌ တောအုပ်ကို ရောက်လာပြီး ညတွင်းချင်း ပြန်နိုင်၏။

အနောက်တောင် ပယ်လင်ကမ်းခြေ တောအုပ်ထဲ ရောက်လာပြီးနောက် ယွဲ့ရှောင်သည် ပင်လယ်ကမ်းခြေတောအုပ် အတွင်းသို့ တန်းတန်းမတ်မတ် ဝင်သွားလိုက်၏။

ယခင်က ယွဲ့ရှောင်သည် အတွင်းသို့ မသွားခဲ့ပေ။ သူက ထိုဧရိယာနားတစ်ဝိုက်သာ သွားခဲ့ပြီး အသချေ်ခရမ်းနှင့် သစ်ရွက်နီများကို ရှာခဲ့၏။

ထိုစဉ်က အတွင်းသို့ ဝင်လာပြီးနောက် ယွဲ့ရှောင်၏
သိမြင်နားလည်မှုသည် တစ်စုံတစ်ခု မှုမမှန်တာကို
ရုတ်တရက် ရှာတွေ့ခဲ့၏။

ဒါက။

သူသည် တောအုပ်ထဲ၌ အာရုံခံမိလိုက်ရာ
အင်မတန် ထူးခြားသည့် တည်ရှိမှုတစ်ခု
ရှိနေတာကို သတိပြုမိလိုက်သည်။ ယင်းက
အသက်ရှူနေသည့်ပမာ မြေကြီးအောက်၌
ခပ်ဖျော့ဖျော့ မသေချာ မရေရာ
ပေါ်ထွက်နေလေ၏။

သံသယအရိပ်အယောင်ဖြင့် ယွဲ့ရှောင်က
မြေပြင်ပေါ် ဆင်းသက်ကာ မြေဝပ်ခြင်းကျင့်စဉ်ကို

အသုံးပြုလိုက်၏။ ခဏအတွင်း သူက မြေအောက် ၁၀မိုင်အနက်သို့ ရောက်သွားသည်။

ဝေါင်း။

ရှေးယခင်ကာလက နဂါးဟိန်းသံသည် သူ၏ စိတ်ထဲ ဖြည်းဖြည်းချင်း ဝင်ရောက်လာလေ၏။

ကြီးမားသည့် တောအုပ်အောက်၌ နဂါးကြီးတစ်ကောင် ပုန်းနေလိမ့်မည်ဟု မည်သူမှ တွေးမိမှာ မဟုတ်ပေ။ မဟုတ်ပေ။ ယင်းက နဂါးတစ်ကောင်မဟုတ်။

၄င်းတွင် ကိုယ်ထည်ရှိပြီး အသက်ဓာတ်နှင့် ဝိညာဉ်စွမ်းအင်များ ပြည့်နေသော်ငြား ၄င်း၏

ခန္ဓာကိုယ်ပေါ်၌ သွေးနံ့ မရှိပေ။ တစ်နည်းအားဖြင့် သန့်စင်သော စွမ်းအင်ခန္ဓာသာ ဖြစ်သည်။

ဒါက နဂါးသွေးကြောပဲ။

ယွဲ့ရှောင်သည် ချက်ချင်းဆိုသလိုပင် ထိုသူ၏ ဇစ်မြစ်ကို နားလည်သွား၏။

စီရင်စုဇုခု၏ မြေ၌ တောင်တန်းများနှင့် မြစ်များအတွင်းရှိ ဝိညာဉ်စွမ်းအင်ကြောင့် အချို့သော တည်ရှိမှုများ မွေးဖွားလာကြောင်း ကောလဟာလ ရှိပြီးသား ဖြစ်သည်။

သူတို့သည် ပတ်ဝန်းကျင် ဝိညာဉ်စွမ်းအားများကို ဖိနှိပ်နိုင်ကာ တစ်ချိန်တည်းတွင် သူတို့သည် မြေကို

အားဖြည့်ပေးရန်အတွက် ဝိညာဉ်စွမ်းအင်ကို ဆက်တိုက် စုပ်ယူပြီး ထိုမြေကို ဝိညာဉ်စွမ်းအား ပေါကြွယ်ဝအောင် ကူညီပေး၏။
ဆိုရိုးစကားရှိသည့်အတိုင်း ထူးချွန်ထက်မြက်သူများ၏ မြေသည် နဂါးသွေးကြောက ကောင်းချီးပေး ခံရထားသောကြောင့် ဖြစ်သည်။

သူ့ရှေ့ရှိ ကြီးမားသော နဂါးသွေးကြောသည် တောင်တန်းများနှင့် မြစ်တွင်းရှိ မိုးနှင့်မြေ၏ အဆီအနှစ်ကနေ သွန်းလုပ်ထားသော ဒဏ္ဍာရီလာ နဂါးသွေးကြောပဲ ဖြစ်သည်။ ယင်းက သဘာဝ၏ ပဥ္စလက်အဆန်ဆုံး အရာပဲ ဖြစ်သည်။

ယှဲ့ရှောင်သည် ယခင်က မေးခွန်းတစ်ခုအကြောင်း သိချင်နေတာ အံ့သြစရာ မရှိပေ။ အနောက်တောင် ပင်လယ်ကမ်းခြေတောအုပ်၌ သဘာဝရတနာများ အဘယ်ကြောင့် ပေါကြွယ်ဝရသနည်း။

၎င်းအောက်၌ ကြီးမားသည့် နဂါးသွေးကြော ရှိနေသောကြောင့် ဖြစ်သည်။

နဂါးသွေးကြောသာလျှင် ဤအဆင့်သို့ ရောက်နိုင်ပုံ ပေါ်၏။ ၎င်းသည် ရေိယာတစ်ခုကို အားဖြည့်ပေးရန် ဝိညာဉ်စွမ်းအင်ပမာဏများစွာ စုပ်ယူနိုင်၏။

ပိုတောင် ချဲ့ကားသည့် နည်းတစ်နည်းအားဖြင့် အနောက်တောင် ပင်လယ်ကမ်းခြေ တောအုပ်ထဲရှိ

မြေဆီလွှာထဲတွင် ပါဝင်သော အဟာရသည်
ကျန်သည့်နေရာများထက် အဆပေါင်းများစွာ
ပိုများသည်။

အချိန်ကာလကြာမြင့်စွာ အန္တရာယ်များသော
စွမ်းအင်များဖြင့် တိုက်စားခံထားရသော
ကောင်းကင်နတ်ဆိုး ချောက်ကမ်းပါးကဲ့သို့ပင်။
မြေဆီလွှာက သိပ်သည်းသော
အန္တရာယ်များသည့်စွမ်းအားများဖြင့် ပြည့်နေသည်။

၄င်းသည် ဝိညာဉ်စွမ်းအင်ဖြင့် အချိန်အတော်ကြာ
အားဖြည့်ပေးခြင်း ခံထားရပြီး ပြုန်းတီးမြေဟု
ဖော်ပြ၍ မရတော့ပေ။ ယခုအချိန်၌
နဂါးသွေးကြောအပြင် ယဲ့ရှောင်သည် သူ၏

ခန္ဓာကိုယ်ထဲရှိ ကျင့်ကြံဆင့်က ဖြည်းဖြည်းချင်း မြင့်တက်နေတာကို ခံစားမိ၏။ သို့သော် သူသည် ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ယောက် ဖြစ်ပြီးသောကြောင့် သူ၏ ကျင့်ကြံမှုများကို များစွာ မြှင့်တင်ရန် လိုအပ်သည်။ ထို့ကြောင့် အရှိန်က အလွန်မသိသာပဲ လိပ်ကလေးတစ်ကောင် တွားသွားသွားနေသည်နှင့် တူ၏။ သို့သော် လက်တွေ့တွင်မူ ယင်းက မြန်ဆန်နေပြီးသား ဖြစ်သည်။

ကျန်းဟိုင်မြို့တွင် သူ၏ ခန္ဓာကိုယ်ထဲရှိ ကျင့်ကြံမှုက လိပ်တစ်ကောင်တွားသွားသည်ဟူ၍တောင်

သတ်မှတ်၍ မရကြောင်း သိထားရပေမည်။

ဤနေရာရှိ ဝိညာဉ်စွမ်းအင်က ကြွယ်ဝလွန်းသည်။

ဝေါင်း။

နဂါးသွေးကြောက နောက်ထပ်

ဟိန်းဟောက်လိုက်၏။ သို့သော်

ယခုအခေါက်တွင်မူ နာကျင်မှုများ၊

ကူကယ်ရာမဲ့မှုများ ပြည့်နေသည်။

ယွဲ့ရှောင်က မျက်ခုံး အနည်းငယ် ပင့်လိုက်ပြီး

ခုနှစ်စင်ကြယ်၏ ခမ်းနားသော ဆန်းကြယ်မှုကို

သုံးလျက် နဂါးသွေးကြောကို ပြီးပြည့်စုံစွာ

ဆန်းစစ်လိုက်၏။ နောက်တစ်စက္ကန့်၌

ဘာတွေဖြစ်နေမှန်း သဘောပေါက်သွားသည်။ တစ်ချိန်တည်းတွင် သူ ထိတ်လန့်သွား၏။

ထိုနဂါးသွေးကြောသည် သဘာဝအတိုင်း ဖွဲ့တည်ထားတာ မဟုတ်ပေ။ ၎င်း၏ ခန္ဓာက ဝိညာဉ်တစ်ခု ဖြစ်သည်။ ဤနေရာ၌ တစ်စုံတစ်ယောက်က သူ့ကို အစွမ်းထက်သည့် ကျင့်စဉ်ဖြင့် အဓမ္မ ဖိနှိပ်ထားတာပဲ ဖြစ်သည်။

ထို့အပြင် လျှို့ဝှက်သိုင်းတချို့၏ အကူအညီဖြင့် ၎င်းကို ဝိညာဉ်စွမ်းအင်များ ဆက်တိုက် စုပ်ယူခိုင်း၏ အချိန်ကြာလာသည်နှင့်အမျှ နဂါးသွေးကြော ဖြစ်လာတော့သည်။

ယွဲ့ရှောင်က လေးစားမိသွား၏။

ယင်းကို မည်သည့် မယုံနိုင်စရာကောင်းသော သိုင်းပညာရှင် ပြုလုပ်ခဲ့မှန်း မသိသော်ငြား အနည်းငယ် များလွန်းပေ၏။

နဂါးတစ်ကောင်၏ ဝိညာဉ်ကို အတင်းအဓမ္မ အကျဉ်းချပြီးနောက် ၎င်းကို နဂါးသွေးကြောအဖြစ် သန့်စင်ခဲ့၏။ တစ်ဖက်သူ၏ နည်းစနစ်သည် တော်ဝင်နည်းစနစ်ထက် သာလွန်နေတာ ဖြစ်နိုင်ပြီး မဟာစွမ်းအင်အဆင့် ရောက်နေပြီ ဖြစ်လောက်သည်။

အနည်းဆုံးတော့ ယခုအချိန်တွင် ယဲ့ရှောင်က သူသည် ထိုအဆင့်သို့ ရောက်ရန် ဝေးကွာလွန်းနေသည်ဟု ယုံကြည်သည်။

ထိုအကြောင်းကို တွေးမိပြီးနောက် ထိုလူသည် စီရင်စုဇုခု၏ သမိုင်းကြောင်းထဲရှိ ပါရမီရှင်တစ်ဦး ဖြစ်လောက်ပေ၏။ ထို့အပြင် သူ၏ ကျင့်ကြံဆင့်သည် ဒဏ္ဍာရီလာ ကေရာဇ်နယ်ပယ် သို့မဟုတ် ထိုထက် ပိုမြင့်သည့် နေရာသို့ ရောက်ပြီ ဖြစ်ရမည်။

ထင်သည့်အတိုင်းပင် သူ့ထက် ပိုတော်သည့်တစ်စုံတစ်ယောက်က အမြဲတမ်း ရှိနေ၏။ ပိုဘေးကင်းစေရန်အတွက် အနည်းငယ် နှိမ့်နှိမ့်ချချ နေရမည်။ ထိုစဉ် နဂါးဝိညာဉ်က နောက်ထပ် အော်မြည်ပြန်၏။ မကျေမချမ်းဖြစ်မှု၊ ကူကယ်ရာမဲ့မှုများပြည့်နေပြီး အထီးကျန်မှု

တစ်စွန်းတစ်စလည်း ပါနေလေ၏။

နားလည်နိုင်ပေသည်။

ဤနေရာ၌ အကျဉ်းချုံးထားရတာ နှစ်ပေါင်းမည်မျှ ကြာပြီမှန်း ဘုရားသခင်သာ သိပေလိမ့်မည်။ ယခု နဂါးသွေးကြော ဖွဲ့တည်ပြီး ဖြစ်၏။ ၎င်း၏ ဝိညာဉ်ကို အသုံးပြုရန် မလိုတော့ချေ။ သို့သော် ထိုပါရမီရှင်က ၎င်းကို လွှတ်ပေးရန် ပြန်မလာခဲ့ပေ။

၎င်း၏ ဝိညာဉ်သာ ချန်ခဲ့သော်ငြား နဂါးသွေးကြောက ကောင်းကင်၊ မြေကြီး၊ နေနှင့် လ၏ အဆီအနှစ်တို့ စုဝေးရာနေရာ ဖြစ်သောကြောင့် ရှေ့ဆက်သွားလျှင် သေတော့မှာ မဟုတ်ပေ။ မည်သည့် မထင်မှတ်ထားသည့်

အရာများ ဖြစ်မလာခဲ့လျှင် ၄င်းက ဤနေရာ၌ ထာဝရဆက်ပြီး နေထိုင်ရလောက်သည်။ မည်မျှ ကြာမည်မှန်း မည်သူမှ သိတော့မှာ မဟုတ်။

ယင်းက သေခြင်းထက် အဆတစ်သောင်း ပိုနာကျင်ရသည်။ တစ်သက်လုံး ထာဝရ အကျဉ်းချခံထားရမည်။ ထိုကဲ့သို့ အထီးကျန်သည့် အသံထွက်ပေါ်နေတာ အံ့သြစရာ မရှိပေ။ သူက ယွဲ့ရှောင်ထံမှ အကူအညီ တောင်းနေပုံ ပေါ်၏။ သို့သော်ငြား ယွဲ့ရှောင်ထံမှ လွတ်မြောက်ခွင့်ကိုလည်း တောင်းဆိုနေပုံ ပေါ်သည်။

ယွဲ့ရှောင်က အသက်ရှူထုတ်လိုက်ပြီး ထူးမခြားနား ပြောလိုက်၏။

" မင်းက လွတ်မြောက်ချင်တယ်။ ဒါပေမဲ့ မင်းကို ကူညီစရာအကြောင်း မရှိဘူး။ မင်းနဲ့ နဂါးသွေးကြောက တစ်သားတည်း ဖြစ်နေပြီးပြီ။ ဒါကြောင့် မင်းတို့နှစ်ယောက်ကို ခွဲထုတ်ဖို့ မင်းမှာ မဟာအံ့ဖွယ်စွမ်းရည်တစ်ခု ရှိမှရမယ်။ ငါ့ရဲ့ လက်ရှိခွန်အားနဲ့ဆို ငါ အဲ့ဒီအဆင့်ကို မရောက်သေးဘူး။ မင်းတို့နှစ်ယောက်ကို အတင်းအဓမ္မ ခွဲထုတ်မယ်ဆိုရင် မင်းရဲ့ဝိညာဉ်က ချက်ချင်း ပျောက်ကွယ်သွားနိုင်တယ် "

နဂါးဝိညာဉ်က ယွဲ့ရှောင်၏ စကားများကို နားလည်ပုံပေါ် ပြီး တောင်းဆိုသံသဲ့သဲ့ ပေါ်ထွက်လာ၏။ ယခုအချိန်တွင် ယွဲ့ရှောင်က ၎င်း ဆိုလိုတာကို နောက်ဆုံးတွင် နားလည်သွား၏။

သေမည်ဆိုလျှင်ပင် ဤနေရာ၌ ဆက်မနေချင်ပေ။ အကျဉ်းချခံထားရတာ အတော်ကြာနေပြီ ဖြစ်၏။

မရေမတွက်နိုင်သည့် ညပေါင်းများစွာက ၎င်း၏ ဝိညာဉ် ပြိုလဲသည်အထိ ညှင်းပမ်းနေခဲ့သည်။ ပြီးနောက် အချိန်ကြာသည်နှင့်အမျှ ပြန်ကောင်းလာကာ ထပ်မံ ပြိုကွဲသည်အထိ ညှင်းပမ်းခံရပြန်၏။ အထီးကျန်မှုက သူ၏ ဝိညာဉ်ကို နာကျင်စေ၏။

သို့သော် နဂါးသွေးကြောကြောင့် ၄င်းသည် မသေနိုင်ပေ။ နဂါးများသည် ဘုံဇွခုကို ပျံသန်းသွားချင်သည့် တည်ရှိမှုများဖြစ်ပြီး တောင်တန်းများ၊ မြစ်များ၌ ကူးခတ်ချင်သူ ဖြစ်သည်။ ဤကမ္ဘာကျဉ်းလေးထဲ၌ မည်ကဲ့သို့ အကျဉ်းချခံလိုမည်နည်း။ ထို့အပြင် ယဲ့ရှောင်သည် ထိုမျှ အချိန်ကာလ ကြာညောင်းပြီးမှ ပထမဆုံး တွေ့သည့်သူသာ ဖြစ်၏။ နောက်ဆုံး မျှော်လင့်ချက်လည်း ဖြစ်သည်။ ယဲ့ရှောင် ထွက်သွားလျှင် မည်သူ့ကို အကူအညီ တောင်းရမည်မှန်း မသိတော့ပေ။

ထို့ကြောင့် သူက ကြာကြာ

ဆက်မစောင့်ချင်တော့ပေ။ ယခုအချိန်တွင် သူ

သေမည်ဆိုလျှင် နဂါးဝိညာဉ်က တစ်စစီ ပြိုကွဲပြီး

ဘယ်တော့မှ ပြန်မမွေးဖွားတော့ဟု ဆိုပေလျှင်

ဤနေရာ၌ သေချာပေါက် မနေလိုပေ။

ယွဲ့ရှောင်က သက်ပြင်း အနည်းငယ် ချလိုက်၏။

သူသည် နောင်တ အနည်းငယ် သွားသလို

ခံစားရသော်ငြား သူသာဆိုလျှင် တူညီသည့်

ရွေးချယ်မှု ပြုလုပ်လောက်သည် မဟုတ်ပါလော။

သူ ယခင်ဘဝတုန်းက ဆေးရုံကုတင်ပေါ်တွင်

လဲနေရပြီး မလှုပ်နိုင်သည့်အချိန်ကို မှတ်မိသွား၏။

ရေတစ်ငုံသောက်ပြီး ဆီးသွားဖို့ကတောင်
တန်ဖိုးကြီးသည့် မျှော်လင့်ချက် ဖြစ်ခဲ့သည်။

သူ၏ ဝိညာဉ်အတွင်းရှိ နာကျင်မှုနှင့်
စိတ်ပျက်အားငယ်မှုတို့က နာမကျန်းဖြစ်နေသည့်
ခန္ဓာကိုယ်ထဲ ပိတ်မိနေပြီး ကူကယ်ရာမဲ့မှု၊
ညှင်းပမ်းမှုတို့သည် ခံစားနေခဲ့ရကာ
သာမန်လူများက ၄င်းကို နားလည်နိုင်မှာ
မဟုတ်ပေ။ ခဏအကြာတွင် ခုနှစ်စင်ကြယ်၏
ခမ်းနားသော ဆန်းကြယ်မှုကို သုံးလျက် နဂါး၏
ဝိညာဉ်ကို ချုပ်နှောင်ထားသော
စိတ်စွမ်းအင်များကို ချက်ချင်း
ဖြိုခွဲလိုက်တော့သည်။

နဂါး၏ ဝိညာဉ်က ကျယ်လောင်စွာ ဟိန်းဟောက်လိုက်၏။ ပြီးနောက် နောက်တစ်စက္ကန့်တွင် ၄င်းက မြေပြင်ကို ထိုးဖောက်လျက် ကောင်းကင်ဆီသို့ ပျံတက်သွားကာ ကောင်းကင်ထဲ၌ လွတ်လပ်စွာ ပျံသန်းခြင်းကို နှစ်ခြိုက်ခံစားနေလေ၏။

သို့သော် နဂါးသွေးကြော၏ အကာအကွယ် မရှိပဲ ၄င်းက မီးရှူးမီးပန်းများပမာ ချက်ချင်းပင် တဖြည်းဖြည်း ပျောက်ကွယ်သွားလေ၏။ ယင်းက လှပသော်ငြား ချက်ချင်း ပျောက်ကွယ်သွားသည်။ နောက်၌ ဘာမှ ကျန်ရစ်တော့မှာ မဟုတ်ပေ။

သာမန်လူများက ထိုမြင်ကွင်းကို မြင်တွေ့မှာ မဟုတ်ပေ။ သူတို့က နားကြိမ်းလောက်ဖွယ် နဂါးဟိန်းသံကိုသာ ကြားရပြီး ယင်းက သားရဲတစ်ကောင်၏ ဟိန်းသံဟုသာ သူတို့ တွေးမိလောက်သည်။

ယွဲ့ရှောင်သည် ကိစ္စများစွာ ခံစားမိလိုက်၏။ သူ ထွက်သွားတော့မည့် အချိန်တွင် ခဏအကြာတွင် နဂါးသွေးကြောအတွင်း ရွှေရောင်အရှိန်အဝါတစ်ခုက အမှန်တကယ် ဖွံ့တည်လာ၏။ ယင်းက အလွန်သေးငယ်ပြီး ဆံချည်တစ်မျှင်စာမျှသာ ရှိသည်။

သို့သော် ၄င်းက ဖြာထွက်နေသည့် စွမ်းအားက ယွဲ့ရှောင်၏ အမှုအယာများကို အတော်လေး လေးနက်တည်ကြည်သွားစေသည်။ ပြီးနောက် ထိုအရှိန်အဝါက ယွဲ့ရှောင်၏ ခန္ဓာကိုယ်ထဲ ချက်ချင်း ဝင်သွားတော့၏။

ချက်ချင်းပင် ယွဲ့ရှောင်သည် သူ၏ ကျင့်ကြံဆင့်က အဆင့်သေးလေးတစ်ဆင့် တိုးသွားကြောင်း ရှင်းရှင်းလင်းလင်း ခံစားမိသည်။

ထိုအခိုက်အတန့်၌ သူ၏ ကျင့်ကြံမှုသည် ဆယ်ပုံတစ်ပုံ တိုးလာတာပဲ ဖြစ်၏။ ပိုတောင် မထင်မှတ်ထားသည်က မူလက အပြည့်အဝ ဖွံ့တည်ရန် ရက်အနည်းငယ် လိုအပ်နေသေးသော

မဟာခါးသိုင်း ကျင့်စဉ်သုံးမျိုးသည် ထိုစဉ် တစ်ရာရာခိုင်နှုန်း ပြီးစီးမှု ရောက်ရှိသွားတာပဲ ဖြစ်သည်။ သိပ်အစွမ်းထက်တာပဲ။ ဒါက နဂါးသွေးကြောတစ်ခုလုံးရဲ့အဆီအနှစ်ပဲ ဖြစ်မယ်။

အဲ့ဒီနဂါးဝိညာဉ်က ငါ သူ့ကို လွတ်လပ်အောင် ကူညီပေးလိုက်တာကြောင့် ငါ့ကို ကျေးဇူးတင်နေတာ။ ဒါကြောင့် နဂါးသွေးကြောတစ်ခုလုံးရဲ့အဆီအနှစ်တွေကို အများကြီး ပေးလိုက်လို့ ငါ့ရဲ့ကျင့်စဉ်တိုးလာတာ။

တစ်ချိန်တည်းမှာပဲ ရွှေရောင်စာအုပ် အံ့ဖွယ်ဝိညာဉ်ထဲမှာ ပေါင်းစည်းထားတဲ့ ပထမဆုံး ကျင့်စ်ကိုလည်း အရှိန်မြှင့်ပေးလိုက်တယ်။

ယဲ့ရှောင်၏ နှုတ်ခမ်းထောင့် ကွေးသွားတော့သည်။
သူသည် အနောက်တောင်ပင်လယ်
ကမ်းခြေတောအုပ်သို့ ယခုအခေါက် ခရီးစဉ်ကနေ
အမြတ်ထွက်ခဲ့ပုံ ပေါ်သည်။ သူ၏ အသိစိတ်ကို
ရွှေရောင်စာအုပ်ထဲ ထည့်လိုက်၏။

ရွှေရောင်စာအုပ်ထဲ၌ တော်ဝင်အဆင့်
ခါးသိုင်းသုံးမျိုးသည် ကျင့်စဉ်အသစ်အဖြစ်
ပေါင်းစည်းနေပြီ ဖြစ်သည်။

ကျင့်စဉ် မှတ်သားထားသော စာရွက်ပေါ်၌
ရှုပ်ထွေးသည့် ကျင့်စဉ်များ ရှိမနေပေ။ ရိုးရှင်းသော
စကားလုံးနှစ်ခု နှစ်လုံးသာ ရှိသည်။

ကောင်းကင်ကို ခွဲထုတ် ဖွင့်လှစ်ခြင်း။

ဆိုလိုတာက ဓါးတစ်လက်တည်းနဲ့ ကောင်းကင်ကို ခွင်းနိုင်တယ်လား။

ယွဲ့ရှောင်သည် ရွှေရောင်စာအုပ်၏ ညာဘက်အောက်ခြေထောင့်၌ စကားလုံးလေး နှစ်လုံးကို တွေ့လိုက်ရ၏။

နတ်ဘုရားသတ်ဖြတ်ခြင်းလား။ ဒီကျင့်စဉ်ရဲ့ အဆင့်များ ဖြစ်နေမလား။

နတ်ဘုရားသတ် ကျင့်စဉ်။

ဒါက တော်ဝင်ကျင့်စဉ် အဆင့်မှာတုန်းက ရွှေရောင်စာအုပ်က ကျင့်စဉ်ရဲ့အဆင့်ကို မပြခဲ့ဘူး။ ဒါပေမဲ့ အခု ကျင့်စဉ်ရဲ့အဆင့်ကို ပြနေပြီ။

ဆိုလိုတာက တော်ဝင်ကျင့်စဉ်က ရွှေရောင်စာအုပ်အတွက် တကယ်တော့ အဆင့်တူ မဟုတ်တာများလား။

ယွဲ့ရှောင်က အနည်းငယ် ထိတ်လန့်သွားလေ၏။

သူသည် ရွှေရောင်စာအုပ်၏ စွမ်းအားကို နောက်ထပ် သဘောပေါက်သွားပြန်၏။

တော်ဝင်ကျင့်စဉ်သည် အင်မတန် အစွမ်းထက်နေပြီးသား ဖြစ်၏။ ယင်းက မြေပြင်ပေါ် ရှိ လူသားမျိုးနွယ်စု၏ အစွမ်းထက်ဆုံး ကျင့်စဉ်ဟု သတ်မှတ်၍ ရသည်။ လူများစွာသည် သူတို့ တစ်ဘဝလုံး၌ ကောင်းမွန်သော ချီရှန်းအဆင့် ကျင့်စဉ်တစ်ခုကို သင်ယူခွင့်တောင်

မရလောက်ပေ။ တော်ဝင်ကျင့်စဉ်ဟူသည့် အံ့ဖွယ်ဂိုဏ်းနှင့်အထက် ကျင့်ကြံသူများသာလျှင် ထိတွေ့ခွင့်ရရှိတာ ဖြစ်သည်။

ထိုသို့တိုင် တော်ဝင်ကျင့်စဉ်ကတောင် ရွှေရောင်စာအုပ်၏ အဆင့်ဖြင့် ဆုံးဖြတ်ပေးခြင်း မခံရပေ။

ယခုအချိန်ကြမှ တော်ဝင်ကျင့်စဉ် ပေါင်းစပ်ပြီးနောက် နတ်ဘုရားသတ်ကျင့်စဉ်၏ အဆင့်က ပေါ်လာတော့သည်။ ဆိုလိုသည်က ရွှေရောင်စာအုပ်အတွက် အကန့်အသတ်သည် လက်ရှိ ပြသထားသည်ထက် ပိုများလောက်သည်။

အပိုင်း ၂၅၈ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၅၉ ဆန်းကြယ်မှုအကြောင်း

ဆောင်ယူလာသည့်သူ။

ကိစ္စက ဒီလိုကိုး။

ယဲ့ရှောင်သည် တော်ဝင်ဓါးသိုင်းသုံးမျိုး

ပေါင်းစည်းသွားပြီးနောက် သူ

နားလည်သဘောပေါက်ထားသော

ကောင်းကင်ခွင်းဓါးသိုင်းအပြင် ကျန်သည့်

ဓါးသိုင်းကို မှတ်တမ်းတင်ထားသော

စာရွက်များသည် စာရွက်သုံးရွက်ကနေ
နှစ်ရွက်အဖြစ် ပေါင်းစည်းသွားပြီ ဖြစ်သည်။

ဆိုလိုသည်က နတ်ဘုရားသတ်ဖြတ်ခြင်း
ကျင့်စဉ်ပြီးနောက် နောက်ထပ်
ပေါင်းစည်းမှုတစ်မျိုး ရှိလောက်သည်။ ယင်းက
နောက်ဆုံး ပေါင်းစည်းမှုဖြစ်လောက်သည်။

ပြီးပြည့်စုံစွာ ပေါင်းစည်းပြီးနောက် ယင်းက ၄င်း၏
အကန့်အသတ် ရောက်သွားပြီ ဖြစ်သည်။

ထိုအထက်တွင် ပေါင်းစည်း၍ ရနိုင်သော ကျင့်စဉ်
မရှိလောက်တော့တာ ဖြစ်နိုင်၏။

ဆိုလိုသည်က နောင်ကြ သူသည်
နတ်ဘုရားသတ်ဖြတ်ခြင်း ကျင့်စဉ်ကို
ပေါင်းစည်းပြီးသည်နှင့် သူသည် အပြည့်အဝ
ပြိုင်ဘက်ကင်း တည်ရှိမှု ဖြစ်လာမည်လော။
ပြိုင်ဘက်ကင်းဟူသော စကားလုံးကို
တွေးလိုက်မိသည်နှင့် ယဲ့ရှောင်က
နှလုံးခုန်လာမိသည်။

သူက ထိုအဆင့်သို့ ရောက်နိုင်လျှင် ဤကမ္ဘာကြီး၌
ငြိမ်းငြိမ်းချမ်းချမ်း ရှင်သန်နေထိုင်နိုင်လိမ့်မည်။

ထိုအချိန်ရောက်လျှင် သူ ထွက်ချင်သည့်နေရာကို
ထွက်၊ သွားချင်သည့် နေရာကို သွားကာ
လုပ်ချင်တာ လုပ်နိုင်လိမ့်မည်။ သူက

နတ်ဘုရားသတ်ကျင့်စဉ်များ ပိုမို ပေါင်းစည်းရပေမည်။ နတ်ဘုရားသတ်ကျင့်စဉ်အားလုံး စုစည်းရမည်။ ယွဲ့ရှောင်က လက်သီးကျစ်ကျစ် ဆုပ်လိုက်၏။ သို့သော်ငြား သူက မြန်မြန်ဆန်ဆန်ပဲ စိတ်တည်ငြိမ်သွားသည်။

တစ်ကိုက်တည်းဖြင့် မအောင်မြင်နိုင်ပေ။ သူ၏ လက်ရှိခွန်အားက ဘုရင်နယ်ပယ်တွင်သာ ရှိသည်။

သူက ထိုအဆင့်ရောက်ဖို့က ဝေးကွာနေလေ၏။ တစ်ကြိမ်လျှင် တစ်လှမ်းသာ လှမ်းပြီး ဖြည်းဖြည်း မှန်မှန် လမ်းလျှောက်ချင်က မှန်ကန်သော လမ်းစဉ်ဖြစ်သည်။

သူသည် ထိုနဂါးသွေးကြော၏ အဆီအနစ်ကို ရရှိပြီးနောက် ဤနေရာတွင် ဆက်နေရန် မလိုအပ်တော့ပေ။ သူက နဂါးသွေးကြောတစ်ခုလုံးကို မရွှေ့နိုင်ပေ။ နဂါးသွေးကြောတစ်ခုလုံးကို ဖျက်ဆီးခြင်းက လူမဆန်ရာ ရောက်လွန်းသည်။

စီရင်စုဇုခုအထက်၌ နဂါးသွေးကြောက အနည်းစုသာ ရှိတာ ဖြစ်၏။ သူက ထိုနဂါးသွေးကြောကို ဖျက်ဆီးခဲ့လျှင် ပိုတောင် နည်းသွားလိမ့်မည်။

ရေရှည်တွင် ယင်းက လူသားမျိုးနွယ်အတွက် အလွန်အကျိုးယုတ်စေလိမ့်မည်။ ထို့အပြင် သူက

အဆီအနှစ်ကို ရရှိပြီ ဖြစ်၏။ ကျန်ရှိသည့်
အရာများကို စုပ်ယူပေးလျှင် သူ၏ ကျင့်ကြံခြင်းက
များများစားစား တိုးတက်သွားမှာ မဟုတ်ပေ။
ထိုသို့ဖြစ်မည့်အစား သူ၏ ကဏ္ဍအတိုင်း
ဆက်လက်

သွားစေခွင့်ပေးကာအနောက်တောင်ပင်လယ်ကမ်း
ခြေတောအုပ်ကို အားဖြည့်ခွင့် ပေးတာက
ပိုကောင်းလိမ့်မည်။

ယဲ့ရှောင်က မြေပြင်ပေါ် ပြန်တက်လာ၏။
သို့သော်ငြား သူက ကောင်းကင်ဖွင့်လှစ်ခြင်းကို
အသုံးမပြုခဲ့ပေ။

သူ မပေါင်းစည်းခင်တည်းက
အလွန်အစွမ်းထက်နေပြီးသား ဖြစ်၏။ ၎င်းကို
အသုံးပြုလိုက်ချိန်တိုင်းတွင် လူများစွာ၏
အာရုံစိုက်မှုကို ရလိမ့်မည်။ ယခုအခေါက်တွင်
ထိုအကွက်က အစွမ်းထက်လွန်းနေ၏။ အစစ်အမှန်
တိုက်ခိုက်ကြလျှင် လူ မည်မျှ များစွာကို
သွေးဆောင်မိမည်ဆိုတာ မည်သူက သိမည်နည်း။

ထိုအချိန်ရောက်လျှင် အတော်လေး
ဒုက္ခများလိမ့်မည်။ သူက ကိုယ်ပိုင်အတွေးများကို
သုံးခါစဖြစ်ပြီး သူ့ခန္ဓာကိုယ်ဆီသို့
အနောက်တောင်ပင်လယ်ကမ်းခြေ တောအုပ်ထဲရှိ
ကောင်းကင်ရတနာများစွာကို ထိန်းချုပ်ကာ

သူ့ဆီသို့ ရောက်အောင် လျင်မြန်စွာ စုစည်းလိုက်၏။ ထိုပစ္စည်းများ ရပြီးနောက် သူ ထွက်သွားနိုင်မည်။

ဘုရင်နယ်ပယ်သို့ ရောက်ရှိပြီးနောက် ယှဲ့ရှောင်သည် ကိစ္စရပ်များစွာကို ပြုလုပ်ရန် အတွေးတစ်ချက်သာ လိုအပ်သည်။ သူက နယ်ပယ်တစ်ခု၌ အထွတ်အထိပ် အုပ်စိုးသူတစ်ဦးပမာ ဖြစ်နေ၏။

ထိုအကြောင်းအရင်းက ဘုရင်နယ်ပယ်တွင် ဘုရင်တစ်ပါးဟု ခေါ်ရသည့် အဓိပ္ပာယ် ဖြစ်လောက်သည်။

ဘုရင်တစ်ပါးဟူသည့် နယ်ပယ်တစ်ခု၏
သေခြင်းရှင်ခြင်းကို ထိန်းချုပ်နိုင်သည့်
ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။ သူက
နတ်ဘုရားတစ်ပါးကဲ့သို့ ဖြစ်၏။
ဘုရင်နယ်ပယ်သိုင်းပညာရှင်တစ်ဦးကို မည်သူမှ
မခုခံနိုင်ပေ။ ပတ်ဝန်းကျင်ရှိ
ကြယ်တာရာသားရဲများသည် အစောတည်းက
ထွက်ပြေးသွားကြပြီ ဖြစ်သည်။ ဤနေရာသို့
မည်သူမှ မချဉ်းကပ်ရဲချေ။

ကြယ်တာရာသားရဲများသည် လူသားများထက်
ပိုသိမြင်တတ်သည်။ သူတို့က ယွဲ့ရှောင်၏
ကြောက်မက်ဖွယ်ကောင်းမှုကို

ရှာတွေ့ပြီးဖြစ်သောကြောင့် သူ့နား မည်သူမှ
အနားမကပ်ရဲချေ။

ကြယ်ဆုံသော ကောင်းကင်အောက်၌
လူရိပ်အချို့က ပင်လယ်ကမ်းခြေ
တောအုပ်အလယ်သို့ ဖြည်းဖြည်းချင်း
ချဉ်းကပ်လာသည်။

" အားလုံးပဲ ဂရုစိုက်။ ဒီနေရာက ပင်လယ်ကမ်းခြေ
တောအုပ် ဗဟိုပဲ။ ဒီနေရာမှာ အဆင့်မြင့်
ကြယ်တာရာသားရဲတွေ အများကြီး
စုဝေးနေကြတာ။ သူတို့တွေက ငါတို့
သမန်ကာလျှံကာ ဖြေရှင်းနိုင်တာထက် ဝေးတယ် "

" ငါတို့ တိုက်ခိုက်မှာကို ရှောင်ရှားနိုင်မယ်ဆိုရင် တိုက်ခိုက်မှာကို ရှောင်တာက အကောင်းဆုံးပဲ။ မဟုတ်ရင် ငါတို့အဖွဲ့က သန်မာတယ်ဆိုရင်တောင် ဒီမှာ သေသွားနိုင်တယ် "

" ဟုတ်ကဲ့ "

လူတိုင်းက တုံ့ပြန်လိုက်သည်။ အဖွဲ့ထဲရှိ ကျင့်ကြံသူများက အင်မတန် စိတ်ပူပန်နေသည်။ သူတို့ ပတ်ဝန်းကျင်ကို အာရုံစူးစိုက်နေကြ၏။ သူတို့က ချူခရိုင်ထဲ၌ အလွန်အင်အားကြီးတာ ဖြစ်သည်။ သူတို့သည် ကျင့်ကြံဆင့် မြှင့်တင်ရန် ပိုမို ကောင်းမွန်သည့် အရင်းအမြစ်များ ရှာဖွေရန်အတွက်အနောက်တောင်

ပင်လယ်ကမ်းခြေ တောအုပ်သို့
ရောက်လာကြတာပဲ ဖြစ်သည်။

သူတို့က အနောက်တောင် ပင်လယ်ကမ်းခြေ
တောအုပ်ထဲသို့ သူတို့ ဝင်လေလေ ပစ္စည်းများ
ပိုတန်ဖိုးရှိလေ ဖြစ်သောကြောင့် ဖြစ်သည်။
ထို့ကြောင့် သူတို့သည် အနောက်တောင်
ပင်လယ်ကမ်းခြေ တောအုပ် ဗဟိုသို့
တန်းသွားကြတာပဲ ဖြစ်သည်။ သို့သော်
တစ်ချိန်တည်းတွင် အနောက်တောင်
ပင်လယ်ကမ်းခြေ တောအုပ်၏ ဗဟိုက
အန္တရာယ်ပိုများပြီး အင်အားကြီးသည့်

ကြယ်တာရာသားရဲမျှား ပို့များပြားသည်ဟု ဆိုလိုတာပဲ ဖြစ်သည်။

ထိုအချိန်တွင် အလယ်ဗဟိုသို့ အောင်အောင်မြင်မြင် ရောက်ရှိနိုင်ရန်အတွက် ကုမ္ပဏီတစ်ခုလုံးက ၄င်း၏ အဆက်အသွယ်များ၊ အရင်းအမြစ်များ သုံးပြီး ကျန်သည့် ကုမ္ပဏီများမှ ထိပ်တန်းအဆင့် သိုင်းပညာရှင်များစွာကိုလည်း ရွှေ့ပြောင်းပေးခဲ့၏။

ထိုအဖွဲ့ထဲတွင် အားအနည်းဆုံး အဖွဲ့ဝင်က အနည်းဆုံး ရှန်းထျန်းစတုတ္ထအဆင့် မဟာချီရှန်း ဖြစ်ရမည်။

သူတို့အဖွဲ့သည် အိမ်နီးချင်းမြို့များ၏
အထွတ်အထိပ်
တိုက်ပွဲဝင်ခွန်အားရှိသည်ဟုဆိုလျှင် ချဲ့ကားပြောရာ
မရောက်ပေ။ ထိုအသင်း၏ အကူအညီဖြင့်
သူတို့သည် နောက်ဆုံးတော့ အနောက်တောင်
ပင်လယ်ကမ်းခြေ တောအုပ်၏ အလယ်သို့
ရောက်သွားသည်။ သူတို့က ထိပ်တန်းအဆင့်
ကုန်ကြမ်းများ ကောက်ယူနိုင်သရွေ့ ထိုမျှ
များပြားသည့်လူများစွာကို ရှာရန် သူတို့ ကုမ္ပဏီက
များစွာ အားစိုက်ထုတ်ခဲ့ရတာ
အချည်းနှီးဖြစ်တော့မှာ မဟုတ်ပေ။

" ခေါင်းဆောင် ရှေ့မှာ ဘာလဲ ... မြန်မြန် ကြည့်ကြည့်ဦး "

ခေါင်းဆောင်ဟု ခေါ်သည့်သူက လှည့်ကြည့်လိုက်ရာ သူ၏ မျက်လုံး ချက်ချင်း လက်သွားတော့သည်။

အဲ့ဒါက ဝိညာဉ်ပုလဲသစ်သီးပဲ။ ထိုကဲ့သို့ အသီးမျိုးက အလွန်ထူးဆန်း၏။ ကြီးမားသည့် ဝိညာဉ် ပုလဲနှင့် ဆင်တူပြီး အလွန်မာကျောသည်။ ၄င်း၏ အခွံကို ခွဲလိုက်သည့်အချိန်၌ အတွင်းသားက အလွန်နူးညံ့ပြီး အရည်ရွှဲ၏။

ထိုကဲ့သို့ သစ်သီးမျိုးက ရေဆာပြေရုံသာမက ထူးခြားသော အာနိသင်လည်း ရှိသည်။

ဆေးလုံးများ ဖော်စပ်ရန်အတွက် အသုံးပြုနိုင်ပြီး အလွန်အစွမ်းထွက်သော ဆေးဖော်မြူလာများစွာ၏ ကုန်ကြမ်းလည်း ဖြစ်သည်။

၎င်း၏ တန်ဖိုးကလည်း သာမန်မဟုတ်ပေ။

" ဒီနေရာမှာ ဝိညာဉ်ပုလဲသစ်သီးတစ်လုံး ရှာတွေ့လိမ့်မယ်လို့ မထင်ထားဘူး။ ငါတို့ အတော်ကံကောင်းတာပဲ "

" မြန်မြန် .. အားလုံးကို မြန်မြန်လေးထုတ်ဖို့ သူတို့ကို ယူသွားလိုက် "

" ငါတို့တွေ တောအုပ်အလယ်တောင် မရောက်သေးဘူး။ ဒီလိုပစ္စည်းကောင်းမျိုးနဲ့ တွေ့နေပြီ "

" ငါတို့တွေ တောအုပ်အလယ်ကို ရောက်မယ်ဆိုရင် ထိပ်တန်းအဆင့် ဘယ်လိုပစ္စည်းကောင်းမျိုးတွေ ရှာတွေ့မလဲဆိုတာ မသိဘူးနော် "

သို့သော် အသင်းဝင်များထဲမှ တစ်ယောက်က မေးလိုက်တော့၏။

" ခေါင်းဆောင် နည်းနည်းထူးဆန်းနေတယ်လို့ မထင်ဘူးလား "

" ဒီနေရာက တောအုပ်အလယ်ကို ရောက်နေပြီးပြီ။ အလယ်မဟုတ်ရင်တောင် အလွန်အရေးကြီးတဲ့ ဧရိယာအဖြစ် သတ်မှတ်လို့ရသေးတယ်။ ပုံမှန်ဆို ဒီနေရာမှာ ကြယ်တာရာသားရဲတွေ အများကြီး ရှိသင့်တာ။ ဒါပေမဲ့ အခုအချိန်အထိ ကြယ်တာရာသားရဲတွေ ဘယ်လိုလုပ် ရှာမတွေ့သေးတာလဲ "

" ဝိညာဉ်ပုလဲသစ်သီးမှာ နေနေတဲ့ ကြယ်တာရာသားရဲတွေတောင် မရှိတဲ့ပုံပဲ "

ခေါင်းဆောင်ကလည်း အနည်းငယ် ထိတ်လန့်သွားပြီးနောက် ခေါင်းညိတ်လိုက်၏။

" မင်းပြောတာ အဓိပ္ပာယ်ရှိတယ်။ အရင်တုန်းက အစွမ်းထက်တဲ့ အဲ့ဒီစိနိယာက ဒီနေရာမှာကြွယ်တာရာသားရဲတွေကို ရှင်းလင်းသွားတယ်ဆိုတဲ့ ဖြစ်နိုင်ချေကိုလည်း ဖယ်ထုတ်ထားလို့ မရဘူး "

နောက်ဆုံးအခေါက် ယွဲ့ရှောင် အနောက်တောင် ပင်လယ်ကမ်းခြေ တောအုပ်သို့ ရောက်လာစဉ်၌ သူသည် တစ်ချက် လှုပ်ရှားခဲ့ဖူး၏။

ထိုစဉ်က သူ၏ ဓါးသည် အောက်ခြေမှ အသင်္ချေခရမ်းနှင့် သစ်ရွက်နီများကို ဖြတ်တောက်ခဲ့ပြီးပင်လယ်ကမ်းခြေ တောအုပ်ထဲ၌ ချောက်နက်ကြီးတစ်ခု ဖန်တီးခဲ့၏။

ထိုစဉ်က သူသည် တောအုပ်ထဲတွင်
တောင်တန်းများ ပြိုလဲမည့်အချိန်၌ တထဂတာ
နတ်လက်ဝါးကို သုံးပြီး ပင့်တင်ပေးခဲ့၏။

ထိုထိတ်လန့်ဖွယ်ကောင်းသည့်
ကောင်းကျိုးဆောင်သတင်းများသည်
အနောက်တောင် ပင်လယ်ကမ်းခြေ
တောအုပ်တစ်ခုလုံး၌ ပျံ့နှံ့နေတာ ဖြစ်သည်။
ယင်းက ဒဏ္ဍာရီတစ်ပုဒ်သဖွယ် ဖြစ်နေပြီး
ယခုအချိန်ထိတိုင် လူများစွာကို
သက်ရောက်စေသေး၏။

" ဂရုစိုက်။ အစွမ်းထက်တဲ့
ကြယ်တာရာသားရဲတစ်ကောင်ဆီကနေ

ချုံခိုတိုက်ခိုက်မှာကို ကာကွယ်ဖို့ ပတ်ဝန်းကျင်ကို အာရုံစိုက်ကြ။ ဝိညာဉ်ပုလဲသစ်သီးကို ခူးပြီးရင် ထွက်သွားကြမယ် "

သို့သော် ပြောပြီးသည်နှင့် နောက်တစ်စက္ကန့်တွင် အသင်းဝင်များထဲမှ တစ်ယောက်က သူတို့ရှေ့ရှိ ဝိညာဉ်ပုလဲသစ်သီးပင်ကို လက်ညိုးထိုးပြပြီးနောက် ကြောက်လန့်တကြား မအော်ပဲ မနေနိုင်တော့ချေ။

" ခေါင်းဆောင် ကြည့်ကြည့်ဦး "

ကတ်ပတိန်ခေါင်းဆောင်သည် သူ လက်ညိုးထိုးပြသည့်ဘက်သို့ လှည့်ကြည့်လိုက်၏။

နောက်တစ်စက္ကန့်၌ သူ၏ မျက်ဝန်းများ မှေးကျဉ်းမိသွားတော့၏။

သူ ဘာကို တွေ့လိုက်ရတာလဲ။

ဝိညာဉ်ပုလဲတစ်လုံးပြီး တစ်လုံးကို မြင်လိုက်ရသည်။ သူတို့ကို မည်သူမှ မခူးယူပဲ သစ်သီးများသည် လေထဲသို့ ဖြည်းဖြည်းချင်း ပျံတက်သွားကာ တောအုပ်အလယ်ဆီသို့ ပျံသန်းသွား၏။

" ခေါင်းဆောင် ဟိုမှာကြည့်ဦး "

နောက်ထပ် အသင်းဖော်တစ်ဦးကလည်း
အခြားတစ်နေရာရှိ မူမမှန်မှုကို
သတိပြုမိသွားသည်။

သူက ချက်ချင်း လှည့်ကြည့်လိုက်၏။ ချက်ချင်းပင်
သူ၏ နှလုံးခုန်နှုန်းက ပိုမြန်ဆန်လာကာ
ဦးရေပြားများ ထုံကျင်လာတော့သည်။

သူရှေ့ရှိ ဝိညာဉ်ပုလဲသစ်သီးသာမက
အနောက်တောင် ပင်လယ်ကမ်းခြေ
တောအုပ်အတွင်းရှိ ထိပ်တန်းအဆင့်
သဘာဝရတနာအများစုသည် အမည်မသိ
အင်အားတစ်ခု၏ ထိန်းချုပ်မှုအောက်

ကျရောက်နေပြီး တောအုပ်၏ အလယ်ဆီသို့ ဖြည်းဖြည်းချင်း ပျံသန်းသွားတာပဲ ဖြစ်သည်။

ယင်းက ဝတ္ထုများထဲတွင်သာ ပေါ်လာတတ်သော ထူးဆန်းသည့် မြင်ကွင်းတစ်ခု ဖြစ်၏။ ယင်းက ဆန်းကြယ်မှုတစ်ရပ်ပမာ ဖြစ်နေသည်။ ထင်ယောင်ထင်မှား ဖြစ်တာဟု ထင်ရသော်ငြား။

လူတိုင်းက ခဏတာ ထိတ်လန့်နေပြီးနောက် အသင်းခေါင်းဆောင်က ချက်ချင်း ပြောလိုက်သည်။

" မင်းတို့အားလုံး ဒီမှာနေ။ မလုပ်ကြနဲ့ "

ထိုသို့ပြောပြီးနောက် သူသည် တစ်ယောက်တည်း ရှေ့သို့ ပြေးတက်သွားကာ ဝိညာဉ်ပုလဲသစ်သီးများနောက် နီးကပ်စွာ လိုက်ပါသွား၏။

သူက ရှေ့တွင် ရှိသည့် အဖြစ်အပျက်ကို မြင်ချင်၏။ ထိုထူးခြားသော ဆန်းကြယ်မှု ဖြစ်ရပ်ကို မည်သည့်အရာက ဖြစ်စေလဲဆိုတာ တွေးချင်သည်။ သို့သော် ကျန်သည့် အဖွဲ့သားများသည် သူအမိန့်ပေးတာကို နားမထောင်။ ဆန့်ကျင်ဘက်အနေဖြင့် သူက သူတို့ကို ကျော်ဖျက်သွားသည်နှင့် သူတို့က ချက်ချင်း လိုက်လာကြသည်။

" လိုက်မလာဖို့ ပြောခဲ့တယ် မဟုတ်ဘူးလား "

" ခေါင်းဆောင်။ ခေါင်းဆောင်တစ်ယောက်ပဲ သိချင်နေတာ မဟုတ်ဘူး။ ကျွန်တော်တို့တွေလည်း သိချင်နေတာလေ "

ခေါင်းဆောင်က ကူကယ်ရာမဲ့သွားပြီး ရိုးရှင်းသည့် စကားတစ်ခွန်းသာ ပြောနိုင်တော့သည်။

" အာရုံစိုက်ထားကြ။ အန္တရာယ်များတာ တစ်ခုခု ဖြစ်လာခဲ့ရင် ချက်ချင်း ထွက်ပြေး။ ဘယ်သူမှ ကြာကြာ မနေသင့်ဘူး "

" ဟုတ်ကဲ့ "

လူတိုင်းက တောင်ကုန်းလေးဘေးသို့ လျင်မြန်စွာ ရောက်သွားကြသည်။ သူတို့က သစ်ပင်ပင်လယ်၏ နှလုံးသားကို မြင်တွေ့နေရပြီဖြစ်သည်။ သူတို့ ရောက်သွားသည့်အချိန်၌ လူတိုင်းက အံ့သြဆွံ့အနေ၏။ သူတို့သည် မဟာချီရှုန်းဖြစ်သော်ငြား ထိုဆန်းကြယ်မှုရှေ့၌ သူတို့သည် မည်မျှ သေးငယ်ပြီး မည်မျှ လျောင်ရယ်စရာကောင်းကြောင်း ရုတ်တရက် ခံစားမိလိုက်သည်။ သူတို့က ပုရွက်ဆိတ်တစ်စုသာ ဖြစ်သည်။

သူတို့ရှေ့၌ မရေမတွက်နိုင်သော ကောင်းကင်ရတနာများက မျောလွင့်နေပြီး

ထိုဧရိယာ၌ စုဝေးနေကြ၏။ ပြီးနောက် သူတို့က ရွှေရောင်အလင်းပုံရိပ်ဆီသို့ တိုးဝင်သွားကြသည်။ သူတို့က ထိုအလင်းပုံရိပ်အတွင်းတွင် ဘာရှိမှန်း ရှင်းရှင်းလင်းလင်း မမြင်လိုက်ကြပေ။ သူတို့ ဝေးဝါးဝါး မြင်ရသည်ကတော့ လူတစ်ယောက်ပဲ ဖြစ်သည်။ တစ်နည်းအားဖြင့် အရာအားလုံး၏ နောက်ကွယ်တွင် ရှိသည့်သူက အမှန်တကယ် လူသားတစ်ယောက် ဖြစ်နေသည်။

ဘုရားရေ။ အဲ့ဒီလူသားက ကောင်းကင်ကို ဖီဆန်နိုင်တဲ့ အဆင့်ထိရောက်အောင် ဘယ်လောက်သန်မာတာလဲ။ သူ့ရဲ့ ကိုယ်ပိုင်ခွန်အားနဲ့ပဲ အရပ်မျက်နှာအနှံ့က

မရေမတွက်နိုင်တဲ့ ရတနာတွေကို အလွယ်တကူ စုစည်းနိုင်တယ်။

သူ့ကို လူသားတစ်ယောက်လို့ ခေါ် နိုင်သေးတယ်လား။

နတ်ဘုရားတစ်ပါးလို့ ခေါ်ရင် မလွန်ဘူးမလား။

ရတနာများစွာကို စုဆောင်းပြီးနောက် သူတို့ကို တစ်ချက်ကြည့်လိုက်၏။ တစ်ချက်ကြည့်ရုံကတင် မဟာချီရှန်းများ၏ ဦးရေပြားကို ထိတ်လန့်မှုကြောင့် ထုံကျင်သွားစေပြီး သူက သူတို့အားလုံးကို ဖောက်ထွင်းမြင်နိုင်သည့်ပမာ ခံစားရသည်။ သူတို့ ကွယ်ဝှက်နိုင်သည့်အရာ တစ်စွန်းတစ်စမှတောင် ကျန်မနေတော့ချေ။

ယင်းက သူတို့ကို ပုရွက်ဆိတ်တစ်စုပမာတောင်
ခံစားရစေ၏။ အတွေးတစ်ချက်ဖြင့် တစ်ဖက်သူက
သူတို့ကို ပြာဖြစ်အောင် ချေမှုန်းလိုက်နိုင်သည်။

တစ်ဖက်သူက ရွှေရောင်အလင်းတန်းတွင်
ရှိနေသောကြောင့် မျက်နှာသွင်ပြင်ကို မမြင်နိုင်ပေ။
ကံကောင်းသည်မှာ တစ်ဖက်သူက သူတို့ကို
မတိုက်ခိုက်ခဲ့ပေ။ သူက သူတို့ကို တစ်ဖက်မျှသာ
ကြည့်ပြီးနောက် လှည့်ထွက်သွားတော့၏။

တစ်ချက်လှည့်ထွက်သွားပြီး တစ်ဖက်လူ၏
ခန္ဓာကိုယ်က ပျောက်ကွယ်သွားတော့သည်။
မြန်ဆန်လွန်းသောကြောင့် ဘာမှ
မဖြစ်ပျက်သွားသလိုပင်။

အံ့ဖွယ်ချီရှန်းအချို့ကတောင် တစ်ဖက်သူ၏
လှုပ်ရှားသွားသည့် အရိပ်အယောင်ကို
မမြင်လိုက်ရပေ။ ယင်းက အိမ်မက်တစ်ခုပမာ
ဖြစ်နေတော့သည်။

အပိုင်း ၂၅၉ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၆၀ သူပေးတာ များသွားပြီ။

" ခုနတုန်းက သူက လူသားတစ်ယောက်
ဟုတ်တယ်မလား "

ခေါင်းဆောင်က ရေရွတ်ပြောဆိုမိသွား၏။

ကျန်သည့်သူများကလည်း

လိုက်ပြောကြတော့သည်။

" သူ့ကို ရှင်းရှင်းလင်းလင်း မတွေ့ရဘူး။ သူ့ကို ရွှေရောင်အလင်းတန်းတစ်ခုက လွှမ်းခြုံထားတာ။ ဒါကြောင့် သူ့မျက်နှာကို သေချာမတွေ့ရဘူး "

" ဒါပေမဲ့ ဖြစ်နိုင်ပါတယ်လေ။ သူက လူသားတစ်ယောက်နဲ့ တူတယ်။ နှာခေါင်းတစ်ခု၊ မျက်လုံးနှစ်လုံး၊ လက်နှစ်ဖက်၊ ခြေနှစ်ချောင်းရှိတယ်။ သူက ငါတို့နဲ့ တူတူလောက်ပဲ "

" ဒါ့အပြင် သူက ကြယ်တာရာသားရဲတစ်ကောင်
ဖြစ်ခဲ့ရင် ငါတို့အားလုံးကို
သတ်ပြီးလောက်ရောပေါ့။ ငါတို့ကို ထားခဲ့ပြီး သူ
ဘာကြောင့် ဘယ်လိုလုပ် ထွက်သွားနိုင်မှာလဲ "

" ဒါပေမဲ့ သူ လုပ်ခဲ့တာတွေက လူသားတစ်ယောက်
လုပ်တာမျိုး ဘာကြောင့် ဟုတ်မနေရတာလဲ "

ယွဲ့ရှောင်သည် မျက်တောင်တစ်ခတ်အတွင်း
ကျန်းဟိုင်မြို့သို့ ပြန်ရောက်သွားသည်။

အနောက်တောင် ပင်လယ်ကမ်းခြေ
တောအုပ်ဆီသို့ ခရီးစဉ်၌ သူသည်
ကောင်းကင်ကုန်ကြမ်းများနှင့်
မြေကမ္ဘာရတနာများစွာ စုဆောင်းရရှိခဲ့ပြီး

အားလုံးက ထိပ်တန်းအဆင့်များထဲမှ ထိပ်ရောက်သည့်အရာများပဲ ဖြစ်သည်။ ၄င်းတို့က ထိုကြယ်တာရာသားရဲများ အသုံးပြုရန်အတွက် လုံလောက်သည်။ သို့သော်ငြား ယဲ့ရှောင်၌ ပြဿနာတစ်ရပ် ရှိနေသေး၏။ ကောင်းကင်ကုန်ကြမ်းများနှင့် မြေကမ္ဘာရတနာများစွာ ရှိသော်ငြား သူတို့က အကန့်အသတ် ရှိသည်။ တစ်ခုစားလိုက်ပြီးနောက် တစ်ခုလျော့သွားလိမ့်မည်။

သူ ပျိုးထောင်နေသော ကြယ်တာရာသားရဲ အရေအတွက်က လျော့သွားမှာ မဟုတ်ရုံသာမက ဆက်လက် တိုးလာဖို့တောင် ရှိသည်။

ထိုအတိုင်းသာဆိုလျှင်
ကောင်းကင်ကုန်ကြမ်းများနှင့်
မြေကမ္ဘာရတနာများသည် ကြာမြင့်စွာ သုံးစွဲနိုင်မှာ
မဟုတ်ပေ။

အနောက်တောင် ပင်လယ်ကမ်းခြေ တောအုပ်အဖို့
အချိန်တိုအတွင်း ဆင်တူသော သဘာဝရတနာ
နောက်ထပ် တစ်သုတ်ကို ဖန်တီးဖို့က မဖြစ်နိုင်ပေ။

ထိုကဲ့သို့ အရာဝတ္ထုများ ကြီးထွားသည့် အဆင့်က
အမှန်တကယ် ရှည်ကြာ၏။ မဟုတ်လျှင် ထိုကဲ့သို့
အစွမ်းထက်သော အဟာရဖြည့်မှုမျိုး ရှိနေမှာ
မဟုတ်ပေ။ သူတို့က သုံးလအတွင်း
ရောင်းချနိုင်သော ဝက်များ မဟုတ်ချေ။

ထို့အပြင် အနောက်တောင် ပင်လယ်ကမ်းခြေ
တောအုပ်အပြင် ရင်းမြစ်များစွာ ရှိသည့်
စီရင်စုဇုခုတစ်ခုလုံး၌ ထိုကဲ့သို့
နေရာများများစားစား မရှိပေ။

တစ်ကမ္ဘာလုံး၌ ထိုကဲ့သို့ အရင်းအမြစ်များကို
ရှာရန် ခက်ခဲသည်ဟုတောင် ပြောနိုင်ပေ၏။
ယင်းက မဖြစ်နိုင်ပေ။ သူက ဘုရင်နယ်ပယ်သို့
ရောက်ခါစ ဖြစ်၏။ အရင်းအမြစ် ထောက်ပံ့မှုက
မလုံလောက်ခဲ့လျှင် သူ၏ ကျင့်ကြံမှုကို မည်ကဲ့သို့
အရှိန်တင်ရမည်နည်း။ ကျင့်ကြံခြင်း မြှင့်တင်ရန်
အချိန်စွမ်းအား အရင်းအမြစ်များက ဆတိုး
မြှင့်တင်ရန် လိုအပ်ကြောင်း သိထားရပေမည်။

သူသည် အချိန်တိုင်း၌ လျင်မြန်စွာ တိုးတက်ရန်
ကြာရှည်စွာ လှုပ်ရှားရပေလိမ့်မည်။

သူက ကြယ်တာရာသားရဲ
အရင်းအမြစ်ပမာဏများစွာကို စုပ်ယူပြီး
သူကိုယ်တိုင် လုယူခဲ့၏။
အရင်းအမြစ်တစ်ခုတည်းဖြင့် အဆင့်တက်နိုင်ဖို့က
ဝေးကွာလွန်း၏။ အရင်းအမြစ်မရှိလျှင်
အရင်းအမြစ်မရှိတာပဲ ဖြစ်သည်။

ငါ နည်းလမ်းတစ်ခု ရှာရမယ်။

ဒါမှမဟုတ် နောက်ထပ် မွေးမြူရေးခြံ
လုပ်ရမလား။ ဒါက အကြံကောင်းတစ်ခုပဲ။

ထိုသို့ပြုလုပ်ခြင်းဖြင့် သူက ဝတ်စားရန်အတွက် တတ်နိုင်လာလိမ့်မည်။

သို့သော်ငြား သူက ခြံတစ်ခု တည်ဆောက်ချင်သည်ဆိုလျှင် မြေနေရာကို စဉ်းစားရန် လိုအပ်သည်။

သူ တည်ဆောက်ထားသော ကောင်းကင်ကြယ်တာရာ မွေးမြူရေးခြံသည် စာကြည့်တိုက်၏ မြေအောက်တွင် ရှိသည်။ နေရာ သိပ်မယူပဲ တစ်ချိန်တည်းတွင် ကျန်သည့်သူများ ရှာတွေ့မှာ မဟုတ်ပေ။

သို့သော် ကြယ်တာရာသားရဲ မွေးမြူရေးခြံသည် ထိုနေရာတွင် စီစဉ်ထားသောကြောင့် သူတို့သည် ဝိညာဉ်စွမ်းအင် ထောက်ပံ့ပေးရန် လိုအပ်သည်။

ကောင်းကင်ကုန်ကြမ်းများနှင့် မြေကမ္ဘာရတနာများက ထိုသို့ မပြုလုပ်နိုင်ပေ။ ဝိညာဉ်စွမ်းအင်ပမာဏများစွာ လိုအပ်တာအပြင် သူတို့သည် သူတို့ လျင်မြန်စွာ အရွယ်ရောက်စေရန်အတွက် သူတို့ကို နေနှင့်လ၏ အဆီအနှစ်များ ဆက်တိုက် စုပ်ယူခွင့် ပေးရန်လည်း လိုအပ်သည်။ ယင်းက မြေပေါ်တွင် ဖြစ်ရန် လိုအပ်၏။

ထို့အပြင် အရာများစွာ စိုက်ပျိုးရန်အတွက် လိုအပ်သည့် မြေပမာဏက သေးသေးမွှားမွှား မဟုတ်တာ သေချာ၏။

သူ ယခင်က စိုက်ပျိုးခဲ့သော ပန်းပွင့်များအတွက် မြေနေရာကတောင် မလုံလောက်နိုင်ပေ။ ထိုအတိုင်း လုပ်မည်ဆိုလျှင် ကုန်ကျစရိတ်က ထိရောက်မှာ မဟုတ်။ ထိုစဉ် ယွဲ့ရှောင်၏ အကြည့်က သူ၏ သိုလှောင်လက်စွပ်ဆီ ရောက်သွားသည်။

သိုလှောင်လက်စွပ်။ လေဟာနယ်ကို ကျုံ့ခြင်း။ မှန်ပေ၏။ သူသည် လေဟာနယ်စွမ်းအားကို ပစ္စည်းတစ်ခုထဲ ထည့်ပြီး ၄င်းကို လေဟာနယ်ပုံစံ

မျှော်ရတနာတစ်ခုအဖြစ် သန့်စင်နိုင်၏။ ပြီးနောက်
သူသည် ၄င်းပေါ်၌ အစီအရင်တစ်ခု ထွင်းထုကာ မိုး
နှင့် မြေ ဝိညာဉ်စွမ်းအားကို စုပ်ယူပြီး နေနှင့်လ၏
အဆီအနှစ်ကို စုပ်ယူကာ
ကောင်းကင်ရတနာများစွာကို
ကြီးပြင်းစေလိမ့်မည်။ ထို့အပြင် သူက ၄င်းကို
သူနှင့် တစ်ပါတည်း သယ်သွားနိုင်ပြီး အလွယ်တကူ
ဝှက်ထားနိုင်၏။ ကျန်သည့်သူများ ရှာတွေ့မှာကို
စိုးရိမ်ပူပန်ရန် မလိုအပ်ချေ။

ပြီးပြည့်စုံတယ်။ သူသည် မနက်ဖြန်ကျ
ဝမ်တော့လုံကို ဖုန်းခေါ်  ပြီး သူ့အတွက်
မီးတောင်ထွတ်ကျောက်အချို့ရှာရန် အကူအညီ

တောင်းလိုက်မည်။ သူက သားရဲနတ်ဘုရား မဟာမိတ်၏ မဟာမိတ်ခေါင်းဆောင်ဆီမှ လုယူလာခဲ့သော သိုလှောင်လက်စွပ်သည် ကောင်းကင်ရတနာများကို ကြီးထွားစေရန် အသုံးပြုနိုင်သည့် အရာဝတ္ထုဖြစ်သော်ငြား မီးတောင်ထွတ်ကျောက် မရှိတော့ပေ။

မီးတောင်ထွတ်ကျောက်က ဈေးပေါလွန်းသဖြင့် မဟာမိတ်ခေါင်းဆောင်၏ သိုလှောင်လက်စွပ်က သိုလှောင်နယ်မြေ အကန့်အသတ်ရှိတာ ဖြစ်လောက်သည်။ ထို့ကြောင့် သူက အတွင်း၌ ထည့်ရန် ဆန္ဒမရှိပေ။

ယှဲ့ရှောင်သည် အရွယ်အစားအားဖြင့် ၁၀၀ ကုဗပေ
ရှိသည့် အစီအရင်၏ အခြေခံအနေဖြင့်
နှစ်တစ်သောင်း သက်တမ်းရှိသော
ဥက္ကာခဲသံမဏိကို ရှာတွေ့ခဲ့၏။

ယင်းက အင်မတန် မာကျောပြီး
ဝိညာဉ်စွမ်းအင်ပမာဏများစွာ ပေါင်းစည်းမှုကို
ခံနိုင်ရည်ရှိသည်။

ယှဲ့ရှောင်သည် ၄င်းကို ထောင့်မှန်စတုဂံ
အခြေစိုက်အဖြစ် သွန်းလုပ်ရန်အတွက်
နတ်ဘုရားလက်မှုပညာကို အသုံးပြုခဲ့သည်။
အစောပိုင်းမြေပြင်က စတုရန်းပေ ၅၀၊ ၆၀

ဝန်းကျင်သာ ရှိပြီး အထူက ၅လက်မ၊ ၆လက်မသာ ရှိ၏။

မီးတောင်ထွက်ကျောက် လေဟာနယ်စွမ်းအား ထပ်ထည့်လိုက်သရွေ့ ၄င်းက လေဟာနယ်ကျုံ့သည့် အာနိသင်ကို ထုတ်လုပ်ပေးနိုင်လိမ့်မည်။

ထိုအချိန်ရောက်လျှင် မိုးနှင့်မြေရတနာများကို အတွင်း၌ အမြောက်အများ စိုက်ပျိုးနိုင်လိမ့်မည်။ သို့သော်ငြား ထိုသို့ပြုလုပ်ရန်အတွက် သူက မီးတောင်ထွက်ကျောက် စုစည်းသည်အထိ စောင့်ရမည်။

အချိန်က ဖြတ်ခနဲ ကုန်သွား၏။

မျက်တောင်တစ်ခတ်အတွင်း တစ်ညတာ

ကုန်ဆုံးသွားချေပြီ။

ကံကောင်းသည်မှာ ယွဲ့ရှောင်က ယခုအချိန်တွင်

အနိုင်ယူရန် မလိုအပ်ပေ။ မည်သူသည်

လူသားများ၏ ရုပ်ခန္ဓာ၏

ချုပ်နှောင်ခြင်းစွမ်းအားထက် သာလွန်သည့်

သူ့ခန္ဓာကိုယ်ထဲ၌ ဝိညာဉ်စွမ်းအင်က ပြည့်နေပြီး

တစ်ချိန်လုံး လှည့်ပတ်နေ၏။

နံနက်ခင်း၌ ဟွမ်လျိုလီသည် ယွဲ့ရှောင်အတွက်

မနက်စာပြင်ပေးရန် ကြယ်တာရာသားရဲများ၏

အသားများကို သုံးလိုက်၏။ သို့မှသာ သူ၏ အသက်ဓာတ်ကို ဖြည့်နိုင်လိမ့်မည်။

မနက်စာ စားသောက်နေစဉ် ယွဲ့ရှောင်က ဝမ်တာ့လုံ၏ နံပါတ်ကို နှိပ်လိုက်၏။

" ဟယ်လို မစ္စတာယွဲ့။ ဒီညီလေးအတွက် ဖြေရှင်းစရာ အလုပ်ကိစ္စ ထပ်ရှိပြန်ပြီလား "

" မီးတောင်ထွတ်ကျောက်ပဲ။ ဒီတစ်ခါက် ပိုလိုချင်တယ်။ ကုန်တင်ကားစီး အစီးရေ အနည်းငယ်လောက် ရနိုင်မလား "

" ပြဿနာ မရှိဘူး။ ကိစ္စကြီး မဟုတ်ဘူးလေ။ ဘယ်အချိန်လောက် လိုချင်တာလဲ။ ပြီးရင် တန်းပို့ပေးလိုက်မယ် "

ယွဲ့ရှောင်က အနည်းငယ် အံ့အားသင့်သွား၏။

" အခု ပို့ဆောင်တဲ့အရှိန်က ဒီလောက်မြန်နေပြီလား။ အရင်တုန်းက စုဆောင်းဖို့အတွက် အချိန်လိုတယ် မဟုတ်ဘူးလား "

" ဒါက အရင်တုန်းကလေ။ ဒါပေမဲ့ အခု မတူတော့ဘူး။ ကျုပ်တို့ ကျန်းဟိုင်မြို့က ချဲ့ထွင်လိုက်ပြီဆိုတော့ စူပါစကေးနဲ့ သိုင်းပညာအရင်းအမြစ်

ပို့ဆောင်ရေးဌာနတစ်ခုကိုတောင်
တည်ဆောက်လိုက်ပြီလေ "

" အရင်းအမြစ်မျိုးစုံကို အချိန်မရွေး
ပို့ဆောင်နိုင်တယ် "

" တခြားနေရာက ပို့ဆောင်ဖို့လိုတဲ့ အရင်းအမြစ်က
အနည်းစုပဲ ရှိတာ။ ဒါပေမဲ့ အရှိန်က
အလွန်မြန်တာနော်။ အရင်နဲ့ယှဉ်ရင် အဆင့်၂နှင့်
အဆင့်၃မြို့တွေက တစ်လလောက်
အချိန်ယူရတာလေ။ အခုတော့ တိုက်ရိုက်
လေကြောင်း ပို့ဆောင်ရေး ရှိနေပြီ။ မနက်ခင်းမှာ
လိုချင်တယ်ဆိုရင် နေ့လည်ခင်းမှာ ပို့ပေးနိုင်တယ် "

" ဒါ့အပြင် လူအချို့နဲ့ ပို့ဆောင်ရေးကုမ္ပဏီတစ်ခု ဖွဲ့ထားသေးတယ်။ နောင်ကြ ပုံမှန်တပ်ဖွဲ့တစ်ဖွဲ့ ဖြစ်လာလိမ့်မယ်။ ငွေလက်ခံလက်မှတ် ဒါမှမဟုတ် တစ်ခုခု ရေးပေးချင်တယ်ဆိုရင် ပြောလိုက် "

ဒီတော့မှ ယွဲ့ရှောင်သည် ကျန်းဟိုင်မြို့၏ ဆက်တိုက် ချဲ့ထွင်မှုနှင့် အဆင့်မြှင့်တင်မှုကို သဘောပေါက်သွား၏။ မြို့သည် သူ ယခင်က နေထိုင်ခဲ့သည့် မြို့လေးတစ်မြို့ မဟုတ်တော့ပေ။ ထိုအစား သိုင်းပညာအရင်းအမြစ်များ ပေါကြွယ်ဝသည့် မြို့ကြီးတစ်မြို့ ဖြစ်နေချေပြီ။ ထို့အပြင် အလွန့်အလွန်ကြီးမားသော မြို့ကြီးတစ်မြို့ဆီသို့ ဦးတည်နေတာပဲ ဖြစ်၏။

ယင်းကလည်း ကိစ္စကောင်းတစ်ရပ် ဖြစ်သည်။

နောင်ကြ သူသည် ပစ္စည်းများ ထပ်ရှာချင်ပါက ကျန်သည့် မြို့များသို့ သွားရန် မလိုအပ်တော့ပေ။ ကျန်းဟိုင်မြို့တွင် အမြဲတမ်း နေပြီး ဒုက္ခသက်သာ၏။

" ဒီလိုဆိုရင် ညနေအလုပ်ဆင်းတဲ့အချိန် ပို့ပေးလိုက်လေ။ နေရာကို သိပါတယ် "

" စိတ်မပူပါနဲ့။ ခင်ဗျားအတွက် ဖြေရှင်းပေးမယ်လို့ ကတိပေးပါတယ် .. မစ္စတာယဲ့ "

ထိုကိစ္စကို ဖြေရှင်းပြီးနောက် ယဲ့ရှောင်သည် အလုပ်လုပ်ရန်အတွက် အိမ်ကနေ ထွက်လာလိုက်သည်။

သူက စာကြည့်တိုက်သို့ ရောက်သည့်အချိန်၌ ၇နာရီကျော်သာ ရှိသေးသည်။ အလုပ်တက်ရန် အချိန်အများကြီး လိုနေသေး၏။ ယွဲ့ရှောင်က ချက်ချင်းပင် မြေဝပ်ခြင်းကျင့်စဉ်ကို သုံးပြီး ယနေ့ ပစ္စည်းများကို ယူရန်အတွင် မြေအောက်သို့ သွားလိုက်၏။

သူ ရောက်လာတာကို မြင်သောအခါ ကြယ်တာရာသားရဲများ အားလုံးက စိတ်အားထက်သန်စွာ တက်လာကြ၏။

" သခင် ဒီရောက်လာပြီ "

" သခင် ကျုပ်ရဲ့ကျင့်ကြံမှုက မနေ့တုန်းက တစ်ဆင့်တိုးသွားတယ်။ ရှန်းထျန်း အဌမအဆင့်ကို

အဆင့်တက်သွားပြီးပြီး။ ကျုပ် ပို့ပေးရမှာ။ အသားနဲ့ အကြောတွေပဲမလား "

" သခင် မနက်စာ စားပြီးပြီလား။ မနေ့တုန်းက ကျွန်မ လုပ်ထားတဲ့ နွားနို့က ဘယ်လိုနေလဲ။ အရသာကောင်းရဲ့လား။ အနံ့ကောင်းလား။ ချိုလား။ မချိုရင် ဒီနေ့ သကြား ပိုစားလိုက်မယ် "

ကြယ်တာရာသားရဲ့များအနက် ဖုန်းလုံနှင့် ချင်းနိုသာလျှင် သူတို့ကဲ့သို့ ခွေးများပမာ လျှက်ရန် ရှေ့မတက်သွားတာပဲ ဖြစ်သည်။

သူတို့နှစ်ကောင်သည် ပထမဆုံးနေ့ ရောက်ခါစဖြစ်သောကြောင့် မွေးမြူရေးတိရစ္ဆာန်

ဖြစ်ရသည့် နေ့ရက်များကို အသားမကျသေးပေ။ ယွဲ့ရှောင်က လက်ဝှေ့ရမ်းလိုက်၏။

" အားလုံး တိတ်ကြ။ ငါ့ကို သွေးနဲ့ စွမ်းအားတွေ ပိုထောက်ပံ့ပေးမယ်ဆိုရင် အဲ့ဒီလူကို အရင်းအမြစ်တွေ ပိုထောက်ပေးပြီး ခွန်အားမြင့်တက်အောင် ကူညီပေးမယ်လို့ ပြောပြီးသားပဲ။ ဒီနေ့ကစပြီး ... မဟုတ်ဘူး ... အခုကစပြီးတော့ စည်းမျဉ်းတွေက အကျုံးဝင်ပြီ "

" ဒီနေ့ မင်းတို့ရဲ့ လုပ်ဆောင်ချက်အလိုက် သင့်တော်တဲ့ ပစ္စည်းတွေ ခွဲဝေပေးမယ် "

စူဇန်က ရှေ့သို့ အရင်တိုးလာ၏။ သူမ တာဝန်သည် ကြယ်တာရာသားရဲများ အားလုံးအနက်

အရိုးရှင်းဆုံးဖြစ်သောကြောင့် ဖြစ်သည်။ သူမက ပျားရည်ထုတ်ရန်သာ လိုအပ်ပြီး သွေးနှင့် စွမ်းအားများ စတေးရန် မလိုအပ်ချေ။ ထို့ကြောင့် သူက အမြန်ဆုံးဖြစ်၏။

" ကျွန်မလုပ်မယ်။ ကျွန်မလုပ်မယ်။ အဆင်သင့်ဖြစ်ပြီ။ ဒါက မနေ့တုန်းက ချက်ထားတဲ့ ပျားရည်စုစုပေါင်း( ၂၈ )ပုံးရှိတယ် "

ယွဲ့ရှောင်က ခေါင်းညိတ်လိုက်၏။ သူမ လုပ်ထားတာ အမှန်တကယ် ကောင်းသည်။ အတိတ်တုန်းကဆို သူမသည် တစ်ညလျှင် ပျားရည်ပုံး အနည်းငယ်သာ ထုတ်နိုင်၏။ ထိုပျားရည်ပမာဏသည် အတိတ်တုန်းက

ပမာဏထက် အဆပေါင်းစွာ သာ၏။ ထိုမျှ

များပြားသည့် ပျားရည်ဖြင့် ယှဲရောင်သည်

ငှင်းတို့ကို ဝိညာဉ်စွမ်းအင်ဖြင့်

ဝိုင်ချက်နိုင်ပြီဖြစ်သည်။ သမင်သွေး၊ သမင်ချို

စသည်ဖြင့် သွေးစွမ်းအင်နဲ့ တိုးမြင့်လာမှုက

ယခင်ကထက် အဆပေါင်းများစွာ

တိုးလာလောက်သည်။

" ဒီမှာ အဖြူရောင် ရိုးတံ ( ၁၀ ) ခု။ သူတို့ရဲ့

အာနိသင်ကို ထပ်ပြောဖို့ မလိုတော့ဘူးမလား။ မင်း

ပိုထုတ်ထားတဲ့ ပုံးအပိုနဲ့ရော ထိုက်တန်ရဲ့လား "

စူဇန်က မျက်လုံးလက်သွားပြီး ချက်ချင်း

ခေါင်းညိတ်လိုက်၏။

" တန်တာပေါ့ တန်တာပေါ့ "

အဖြူရောင် ရိုးတံ၏ တန်ဖိုးသည် စူဇန်အတွက် အထွတ်အထိပ် ရတနာတစ်ပါးဆိုတာ မပြောနိုင်ပေ။ သို့သော်ငြား စူဇန်သည် ညတိုင်း ပျားရည်ပုံး ( ၂၀ ) ထပ်တိုး ထုတ်လုပ်ရမည်ကိုသာ အာရုံစိုက်၏။ လစာကို အခြေပြုပြီး တွက်ချက်လျှင် ယင်းက အကျိုးအမြတ် ရှိသေးသည်။

တစ်ရက်လျှင် ယွမ် ၁၀၀၀ခန့် ရသည့် ဝန်ထမ်းတစ်ဦးနှင့် ညီမျှ၏။ ယင်းတန်ဖိုးက များပြားလှသည်။

ပိုအရေးကြီးသည်က သူမသည် အံ့ဖွယ်အဆင့် ကြယ်တာရာသားရဲတစ်ကောင် ဖြစ်သည်။ သူမက မပင်ပန်းပေ။ အမှန်တကယ်တွင် ပျားရည်များ ဆက်တိုက် ထုတ်ခြင်းဖြင့် သူမ၏ ကျင့်စဉ်ကို လည်ပတ်နိုင်ပြီး သူမ ကျင့်ကြံမှု ပိုတောင် တိုးနိုင်သည်။

ထိုသို့ဆိုလျှင် သူမက ကျင့်ကြံဆင့်ကို မြှင့်တင်ပြီး များစွာရနိုင်မည်။ ထို့ကြောင့် အဘယ်ကြောင့် မချက်ပဲ နေရမည်နည်း။ ကျန်သည့် ကြယ်တာရာသားရဲများ၏ မျက်လုံးကလည်း လက်သွားတော့သည်။ သူတို့က စတင်လှုပ်ရှားလာ၏။

" သခင် သခင်။ ကျုပ်လည်း ဒီမှာ ပစ္စည်းကောင်းတချို့ ရှိတယ်။ ကြည့်ပါဦး။ မနေ့တုန်းက လက်တံ( ၈ ) ခု ခုတ်ထားတာလေ "

" သခင် သခင်။ မနေ့တုန်းက တောင်ပံနှစ်ချောင်း ခုတ်ထားတာနော်။ ငှက်မွေးတွေကိုတောင် နုတ်ထားသေးတယ်။ အားလုံးက ထိပ်တန်းအဆင့် ငှက်မွေးတွေကြီးပဲ "

" သခင်။ မနေ့တုန်းက ကျွန်မ ညှစ်ထားတဲ့ နွားနို့တွေ ဘယ်လောက်များလဲ ကြည့်ဦး။ ပုံးအနည်းငယ်လောက် ရထားပြီနော်။ ရောင်ကိုင်းလွန်းလို့ ပင်ပန်းနေပြီ "

ကြယ်တာရာသားရဲမျှားသည် သူတို့၏ ပစ္စည်းများ အားလုံးကို ထုတ်ပေးလာကြ၏။ ယဲ့ရှောင်ကလည်း အရင်းအမြစ်များ ပေးလိုက်သည်။

နောက်ကွယ်ကနေ ကြည့်နေသော ဖုန်းလုံနှင့် ချင်းနျိုသည် တံတွေးမြိုချမိသွား၏။

" ဟော့ ... လောင်လုံ။ မတွေ့ဘူးလား။ သူက ငါတို့ကို ဒီလောက် ပစ္စည်းတွေ အများကြီး ပေးနေတာ "

" အများကြီး ဟုတ်လို့လား။ ဒီပစ္စည်းတွေ အများကြီးက အကောင်းတကာ့ အကောင်းဆုံးတွေပဲ .. ငါတို့ထဲက နှစ်ယောက်တောင် အဲ့ဒါကို အသုံးပြုနိုင်တယ်။ သူတို့ကို စားပြီးရင် ကျင့်ကြံဆင့် မြင့်တက်လာမှာ "

" ငါတို့နှစ်ယောက် ဒီမှာ တစ်သီးတစ်သန့်

ပြုမူနေဖို့လိုလား။ လိုတယ်လို့ထင်လား "

" ငါ ဟန်ဆောင်ချင်ပေမဲ့ ဒါပေမဲ့ သူက အများကြီး

ပေးနေတာနော် "

အပိုင်း ၂၆၀ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၆၁ ရှင်းကျန်း ကျား။

မျက်စိကြိမ်းလောက်အောင် တောက်ပသော ဂလက်ဆီအတွင်း ဥက္ကာခဲတစ်ခုပေါ်၌ အရိပ်နှစ်ရိပ်က ဂုဏ်ယူဝင့်ကြွားစွာ ရပ်နေကာ သူတို့ရှေ့ရှိ မိုးပြာရောင် ဂြိုလ်ကို စိုက်ကြည့်နေလေ၏။ သူတို့ မျက်လုံး၌ အေးစက်မှု တစ်စွန်းတစ်စ ဖြာထွက်နေသော်ငြား ကူကယ်ရာမဲ့မှု တစ်စွန်းတစ်စလည်း ရှိသည်။

ထိုပုံရိပ်နှစ်ခု၏ သူငယ်အိမ်များက ခရမ်းရောင်နဲ့ အစိမ်းရောင်များ ဖြစ်ကြသည်။ သူတို့က ၄င်းတို့သည် လူသားများ ပိုင်ဆိုင်သည့်အရာ မဟုတ်ပေ။ ဆိုလိုသည်က နှစ်ယောက်လုံးသည် ကြယ်တာရာသားရဲများ ဖြစ်၏။ သူတို့၏

ခွန်အားက သန်မာလွန်းသောကြောင့်

လူသားအသွင် ပြောင်းလဲနိုင်ကြတာပဲ ဖြစ်သည်။

သို့သော် ကြယ်တာရာသားရဲမျာ။၏

ခန္ဓာကိုယ်ကနေ သတ်ဖြတ်လိုစိတ်ကို

အာရုံမခံမိပေ။ သူတို့က အင်မတန် မြင့်မားသည့်

နယ်ပယ်ရောက်အောင် ကျင့်ကြံပြီးတာ

အလွန်သိသာ၏။ သူတို့သည်

ကြယ်တာရာသားရဲများ၏ ရက်စက်သော

အငွေ့အသက်ကို ဖယ်ရှားပြီး ဒိုင်ပေးရှင်းအသစ်၏

တည်ရှိမှုအဖြစ် အသွင်ပြောင်းလဲလိုက်တာပဲ

ဖြစ်သည်။ လူသားများက ဘုရင်နယ်ပယ်သို့

တက်လှမ်းပြီးသွားပြီး သူတို့၏ ခန္ဓာကိုယ်က

ဝိညာဉ်နဲ့ အသွင်ပြောင်းလဲသွားသည့်အတိုင်းပင် သူတို့က သာမန်လူသားများ မဟုတ်သည့်နည်းနှင့် တူတူပဲ ဖြစ်သည်။

ပုံရိပ်နှစ်ခုထဲမှ တစ်ခုသည်  သန်မာသည့် နောက်ကျောနှင့် သန်မာသည့် ခါးရှိသည်။ သူ၏ မျက်နှာက ဖြူဖွေးနေပြီး ဆံပင်များက အင်မတန် တောက်ပနေ၏။ နောက်တစ်ယောက်က ကျော့ရှင်းသည့် အကွေ့အကောက်နှင့် သွယ်လျသော လည်တိုင်ရှိသည်။ သူမက လှပပြီး အလွန်နူးညံ့သိမ်မွေ့၏။

" အားဟူ။ ချင်းနို့ရဲ့ ဖုန်းလုံကြားက အဆက်အသွယ်က ချက်ချင်း ပြတ်တောက်သွားတာ "

" ငါ သိတယ် "

" မင်း သူတို့ကို မလွှတ်လိုက်သင့်ဘူး။ ဒီကမ္ဘာရဲ့ လူသားတွေက ကျွန်းအဆုံးကို ရောက်နေပြီဆိုပေမဲ့ ပိန်လီနေတဲ့ ကုလားအုတ်က မြင်းတစ်ကောင်ထက် ကြီးတုန်းပဲ။ သူတို့တွေထဲမှာ သိုင်းပညာရှင် တော်တော်များများ ရှိနေသေးတုန်းပဲ "

" ဒီလူသားကမ္ဘာကို ငါကိုယ်တိုင် သွားသင့်တယ် ထင်တယ် "

သူ ထိုသို့ပြောပြီးနောက် လှပသော အမျိုးသမီး၏ အမူအယာက ချက်ချင်း ထိတ်လန့်သွားတော့သည်။

" လုံးဝမရဘူး။ မင်းမှာ ဒုက္ခကြုံရရင် ဘယ်သူက မင်းကို ကယ်နိုင်မှာလဲ "

" သားရဲကပ်ဘေးက လာတော့မှာ။ စောင့်လိုက်တာ ပိုကောင်းမယ်။ လူသားတွေ သူတို့ရဲ့ခံစစ်ကို ဖွင့်တဲ့အချိန်ထိ စောင့်။ ငါတို့တွေ သူတို့တွေကို ဘက်ပေါင်းစုံကနေ တိုက်ခိုက်နိုင်တယ်။ ပြီးရင် လူသားတွေကို ဖြေရှင်းမယ်။ ဒီနည်းက ဘေးပိုကင်းတယ် "

ကြံခိုင်သည့် သူသည် ဆုံးဖြတ်ချက် ပြတ်သားသော အကြည့်ဖြင့် မိုးပြာရောင် ဂြိုလ်ကို စိုက်ကြည့်နေ၏။

" ဒါမှန်တာပဲ။ ဒါပေမဲ့ ချင်းနို့နဲ့ တခြားသူတွေ အန္တရာယ်များနေပြီ။ သူတို့က စစ်ပွဲထဲ ကျုပ်နောက် နှစ်ပေါင်းများစွာ လိုက်ခဲ့တာ။ သူတို့ကို လွှတ်ထားလိုက်ရမယ်ဆိုရင် ကျုပ် ဘာဖြစ်သွားမလဲ "

" အဲ့ဒီအချိန် ရောက်လာရင် ကျုပ် ရှင်းကျန်းကျားတင်မကဘူး။ ရှင်းကျန်းမျိုးနွယ်တစ်ခုလုံးက တခြားသူတွေ ပြက်ရယ်ပြုတာ ခံရလိမ့်မယ် "

" မျိုးနွယ်စုရဲ့ ဂုဏ်သိက္ခာ လွင့်ပြယ်သွားတာကို ခွင့်မပြုနိုင်ဘူး။ သူတို့တွေ အကူအညီ မရပဲ ဒုက္ခခံစားနေရတာကို ကြည့်မနေနိုင်ဘူး "

" ဒီကိစ္စကို နတ်ဘုရား လင်းဆီကို သတင်းပို့ပြီးပြီးလား။ နတ်ဘုရား လင်းရဲ့ ခွင့်ပြုချက်မပါပဲ လှုပ်ရှားမယ်ဆို လူသားကမ္ဘာကနေ မင်း ပြန်ရောက်လာရင်တောင် တခြားအုံ့ဖွယ်သားရဲတွေက မင်းကို စွပ်စွဲဖို့ ပူးပေါင်းလိုက်ခဲ့မယ်ဆိုရင် မင်းအတွက် ကောင်းမှာမဟုတ်ဘူး "

" အဲ့ဒီအရူးတွေအကြောင်း ပြောနေတာလား။ ကိစ္စမရှိဘူး။ နတ်ဘုရား လင်း အခုချိန်မှာ

အလိုအပ်ဆုံးက နတ်ဘုရားသွေးအပြင် ခွန်အားပဲ။

သူနဲ့ တခြားအံ့ဖွယ်သားရဲတွေက

ပြောင်ပြောင်တင်းတင်းရော တိတ်တဆိတ်ပါ

နှစ်ပေါင်းများစွာ တိုက်ခိုက်လာခဲ့ကြတာ။

အံ့ဖွယ်သားရဲ လက်အောက်ငယ်သားတွေက

ဘယ်လောက် တန်ဖိုးရှိလဲ "

" ဒီလို အသေးအမွှား ကိစ္စအတွက် ကျုပ်ကို

ကြီးလေးတဲ့ ပြစ်ဒဏ်ပေးမှာ မဟုတ်ဘူး "

" ဒါပေမဲ့ မင်း ပြန်မလာခဲ့ရင်ရော။

ရှင်းကျန်းမျိုးနွယ်ကရော ဘယ်လိုလုပ်မလဲ "

" ကျုပ် တကယ်ပြန်မလာခဲ့ဘူးဆိုရင်

ရှင်းကျန်းမျိုးနွယ်က မင်းတို့

မိုးပြာကောင်းကင်မျိုးနွယ်ထဲ ပေါင်းသွားလိမ့်မယ်။ ဒါက မင်းအပေါ် ကျုပ်မိတ်ဆွေဟောင်းရဲ့ နောက်ဆုံး တောင်းဆိုချက်လို့ သတ်မှတ်လို့ရတယ် "

" အားဟူး "

အမျိုးသမီးသည် ရှင်းကျန်းကျား၏ လက်ကို တင်းကြပ်စွာ ဆုပ်ကိုင်ထားပြီး သူမ၏ မျက်လုံးထဲ၌ တွန့်ဆုတ်မှု အရိပ်အယောင်များစွာ ထုတ်ပြလာလေ၏။ သူက သူမလက်ကို ဖြစ်ညှစ်ကာ နှစ်သိမ့်လိုက်တော့သည်။

" မင်း အများကြီး စိတ်ပူနေစရာ မလိုဘူး။ ငါ လူသားမျိုးနွယ်ကို သွားမှာဆိုပေမဲ့

အဆင်အခြင်မဲ့မှာ မဟုတ်ဘူး။ လူသားပိုင်နက်မှာ ကေရာ့ဇ်နယ်ပယ် သိုင်းပညာရှင်တွေ မရှိဘူးဆိုတာ တွက်ချက်ထားမိသား။ ကေရာ့ဇ်နယ်ပယ် သိုင်းပညာရှင်မရှိသရွေ့ သူတို့တွေက ငါ့ကို ခြိမ်းခြောက်နိုင်မှာ မဟုတ်ဘူး။ သူတို့ ပူးပေါင်းတိုက်ခိုက်ခဲ့ရင် ပုန်းနေလို့ရတယ်။ သူတို့နှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ရလောက်တဲ့အထိ ဦးနှောက်မဲ့မှာ မဟုတ်ဘူး "

ဒီတော့မှ အမျိုးသမီးက ခေါင်းညိတ်လိုက်၏။

" ရှင် ပြန်လာမှာ စောင့်နေမယ် "

" ကိုယ် သေချာပေါက် ပြန်လာမှာပါ "

००००

ယွဲ့ရှောင်ဘက်တွင်မူ သူသည်
ကြယ်တာရာသားရဲမျှားဆီမှ ဝေစုများစွာ
ရိတ်သိမ်းရရှိလိုက်သည်။ သူတို့ကို ကုန်ကြမ်းများ
ခွဲဝေပေးပြီးနောက် သူသည် အလုပ်လုပ်ရန်
စာကြည့်တိုက်သို့ တန်းသွားတော့၏။

လက်ရှိ ဖြန့်ဖြူးရေးအစီစဉ်က ဤအတိုင်းပဲ
ဖြစ်သည်။ ထိုကဲ့သို့ပင် သူက သွေးအဆီအနှစ်နှင့်
ဝိညာဉ်စွမ်းအင် သုံးစွဲရန် မလိုအပ်ချေ။ သူက
ဝိညာဉ်စွမ်းအင် သန်မာသည့် ပျားရည်များ
ရရှိသော်ငြား သူမကို ပေးသည့် အရင်းအမြစ်က
အကောင်းဆုံး မဟုတ်ပေ။ နော့ဖစ်နှင့်

ကျန်သည့်သူများအတွက်မူ သူတို့က သွေးအဆီအနှစ်များစွာကို ထုတ်သုံးရပြီး လက်တံကို ဖြတ်တောက်ရသောကြောင့် သူတို့ကို အရင်းအမြစ် ပိုပေး၏။

သူတို့ကို သင့်တော်စွာ မခွဲဝေပေးလျှင် သူတို့ရင်ထဲ၌ မတရားသလို ခံစားလာရလိမ့်မည်။ ယင်းက အလွန်ဒုက္ခများသည့် ပြဿနာတစ်ရပ်လည်း ဖြစ်၏။ သူ့အတွက် သူတို့ကို စီမံခန့်ခွဲရတာ အဆင်ပြေတော့မှာ မဟုတ်ပေ။

သူ၏အစီအစဉ်က နေ့အချိန်တွင် စာကြည့်တိုက်အတွင်း စာအုပ်များ ဖတ်ရှုပြီး

နတ်ဘုရားသတ်ကျင့်စဉ်ကို ပေါင်းစည်းရန်အတွက်
တော်ဝင်သိုင်းများကို ဆွဲထုတ်ရန် ဖြစ်သည်။
ယွဲ့ရှောင်၏ ဒုတိယတော်ဝင်ကျင့်စဉ်သည်
ကုသခြင်း တော်ဝင်ကျင့်စဉ်ပဲ ဖြစ်၏။ သူ့ကို
ဒဏ်ရာရစေနိုင်သည့် ကိစ္စရပ် များများစားစား
မရှိသော်ငြား သူသည် ယခင်ကလောက် သူ့ကိုသူ
လျင်မြန်စွာ မကုသနိုင်ပေ။ သူ ဒဏ်ရာရခြင်းမှ
ကာကွယ်ရန်နှင့် သူ့ကိုသူ ကုသနိုင်ခြင်းမှ
ကာကွယ်နိုင်ရန်အလို့ငှာ ကုသခြင်းကျင့်စဉ်ကို
ဦးစွာ ကျင့်ကြံတာက ပိုကောင်းမည်။ သူက
ယခုအချိန်၌ အန္တရာယ်များသည့် တိုက်ပွဲထဲ
ဝင်ပါမှာမဟုတ်။ သူသည် ထွက်ပြေးရန် သို့မဟုတ်

လိုက်ဖမ်းရန် လိုအပ်သည့် အခြေအနေနှင့်
ကြုံတွေ့ရမှာလည်း မဟုတ်ပေ။ အမှန်တကယ်တွင်
ယင်းက ကိစ္စမရှိပေ။

ဆိုရလျှင် ဇရက်အတွင်း သူက နောက်ထပ်
ပုံစံတစ်မျိုးကို ပေါင်းစည်းနိုင်မှာပဲ ဖြစ်၏။
၁၆ရက်သာ ကြာမည်ဖြစ်ကာ ယင်းက
မနှေးလွန်းပေ။ ညအချိန်၌ သူက မိုးနှင့်မြေ
ရတနာများကို သုံးပြီးနောက်
ကြယ်တာရာသားရဲများကို ကျင့်ကြံခိုင်း၏။
ထိုကဏ္ဍများအားလုံး သက်ဆိုင်နေသည်။ ရှေးဦးစွာ
သူသည် ကြယ်တာရာသားရဲများကို
ပိုသန်မာအောင် လေ့ကျင့်ပေး၏။ သူတို့သည်

ဝိညာဉ်စုစည်းခြင်း အစီအရင် အမြုတေထဲ၌
အရေးကြီးသည့် အခန်းကဏ္ဍထဲ ပါဝင်နေသည်။
သူသည် ဝိညာဉ်စုပ်ယူရန် ဝိညာဉ်စုစည်းခြင်း
အစီအရင်၏ အရှိန်ကို မြှင့်တင်နိုင်၏။

ဒုတိယအချက်အနေဖြင့် တစ်မြို့လုံးက
ဝိညာဉ်စွမ်းအင်ကို စုပ်ယူသည့် အရှိန်ဖြစ်သည်။
သူတို့ အားလုံး ပိုသန်မာလာခဲ့လျှင် သူတို့၏
ကိုယ်ပိုင် မွေးမြူရေးလုပ်ငန်းကလည်း
ဝိညာဉ်စွမ်းအင်ပမာဏများစွာ ရရှိလိမ့်မည်။
ဝိညာဉ်စွမ်းအင် ပိုများလေ မိုးနှင့်မြေရတနာများ
ပေါက်ရောက်မှုက ပိုမြန်ဆန်လေ ဖြစ်သည်။

ပြီးနောက် နှစ်ခုကို ဆက်သွယ်ရန် ဝိညာဉ်

စုစည်းခြင်း အစီအရင် လိုအပ်၏။

ထိုဖြစ်စဉ်အတွင်း ဝိညာဉ်စုစည်းခြင်း

အစီအရင်သည် နှစ်ဖက်လုံးရှိ ဝိညာဉ်စွမ်းအင်ကို

စုပ်ယူနိုင်သည့် အရှိန်ကို တိုးမြှင့်ပေးကာ

မိုးနှင့်မြေရတနာများနှင့်

ကြယ်တာရာသားရဲမျာကြားရှိ ကြီးပြင်းမှု

နှစ်ရပ်ကိုလည်း မြှင့်တင်ပေးမည်။

ဝိညာဉ်စွမ်းအင်က တန်ဖိုးမရှိပေ။ လောကကြီး၌

နေရာအနှံ့ရှိပြီး လိုအပ်သလောက် ရှိ၏။

သို့သော်ကြား ပေါင်းစည်းနိုင်သော မိုးနှင့်မြေ

ရတနာများဖြင့် ပျိုးထောင်နိုင်သော

ကြယ်တာရာသားရဲမျိုးရှိ
သွေးအဆီအနှစ်များအားလုံးက အစစ်အမှန်ပဲ
ဖြစ်သည်။ သူသာ ထိုသွေးအဆီအနှစ်ကို သူ့ခွန်အား
မြှင့်တင်ရန် သုံးခဲ့လျှင် ယင်းကလည်း အစစ်အမှန်
ဖြစ်လာလိမ့်မည်။

အပေါ်ထပ်သို့ ရောက်ပြီးနောက် သူက
အလုပ်စဝင်တော့သည်။ လိုချုန်စွင်း၏
စိတ်အခြေအနေ သိပ်မကောင်းတာကို
မြင်သောအခါ သူက သိချင်စိတ်ဖြင့်
မေးလိုက်လေ၏။

" ခင်ဗျား ဘာဖြစ်လို့လဲ။ ဒီနေ့ နေကောင်းတဲ့ပုံ
မပေါ်ဘူး ဟုတ်တယ်မလား။ ခင်ဗျားရဲ့

ကျင့်ကြံဆင့်က ဒီလောက်များတာ။

ဖျားနေတာတော့ မဟုတ်လောက်ဘူးမလား "

လို့ချန်စွင်းက သူ့ကို တစ်ချက်ကြည့်ပြီး

အနည်းငယ် တွေဝေနေ၏။ မနေ့ညက

အဖြစ်အပျက်က သူ့ကို ထိုးနှက်ချက်ကြီးတစ်ခု

ဖြစ်စေခဲ့သည်။

ရှန်းထျန်းဆဌမအဆင့်တွင်သာ ရှိသူနှင့် တူသော

အမှိုက် ဒါရိုက်တာသည် ဘုရင်နယ်ပယ်

သိုင်းပညာရှင်တစ်ဦး ဖြစ်နေလိမ့်မည်ဟု သူ

မထင်ထားပေ။ မူလက ဤမြို့တွင် ဓါးမော့ဓါးဝိဇ္ဇာ၊

ဓါးနတ်ဘုရား လီလို့ဆွေ့နှင့် အမည်မသိ

အံ့ဖွယ်ဂိုဏ်းအချို့မှလွဲလျှင် သူက အသန်မာဆုံး

ဖြစ်မည်ဟု ခံစားခဲ့မိသည်။ နောက်ပိုင်း၌

ထိုအံ့ဖွယ်ဂိုဏ်းများ အားလုံးက

ရှန်းထျန်းသတ္တမအဆင့်ဖြစ်ကြောင်း သိလိုက်ရချိန်

သူ၏ ရင်ထဲရှိ ယုံကြည်ချက်တို့က ပိုတောင်

မြင့်တက်လာသည်။ အကြောင်းမှာ သူသည်

ရှန်းထျန်းအဌမအဆင့်တွင် ရှိနေသောကြောင့်

ဖြစ်၏။ ဆိုလိုသည်က ဓါးမော့ဓါးဝိဇ္ဇာနှင့်

ဓါးနတ်ဘုရား လီလျိုဆွေ့မှလွဲလျှင် သူက

အသန်မာဆုံး ဖြစ်သည်။ ထိုစဉ် ဒါရိုက်တာ၏

ပေါ်ပေါက်လာမှုက လီလျိုဆွေ့ကို သေသည့်အထိ

ဖိနှိပ်သွားနိုင်၏။ သူက ဓါးမော့ဓါးဝိဇ္ဇာ ကို

ဖိနှိပ်နိုင်မလားဆိုတာ မည်သူက သိမည်နည်း။

သူကမူ ထည့်ပြောရန် မလိုအပ်ချေ။ သူက ဆန်ကုန်မြေလေး ပုရွက်ဆိတ်လေးတစ်ကောင်သာ ဖြစ်သွားတော့သည်။ ယင်းက သူ့ရင်ထဲ၌ သူ့ကို အင်မတန် မသက်မသာ ဖြစ်စေခဲ့၏။

" ယွဲ့ရှောင် ငါ့ကိုပြော။ တစ်နေ့ကျရင် မင်း အထင်သေးတဲ့သူက ပြိုင်ဘက်ကင်း သိုင်းပညာရှင်တစ်ယောက် ဖြစ်နေတာကို ရုတ်တရက် သိလိုက်ရရင် မင်း ဘယ်လိုခံစားရမလဲ "

" "

" အမ်း။ ကျွန်တော် သေချာမသိဘူး။
မထင်ထားတာ ဖြစ်မလာခဲ့ရင် ကျုပ်ဘဝမှာ အဲ့ဒီလို
ခံစားချက်မျိုး မခံစားရလောက်ဘူး "

" "

အဓိပ္ပာယ်ရှိပုံပဲ။ ယွဲ့ရှောင်လိုလူမျိုးက သူ့ထက်
ပိုသန်မာတဲ့ ပါရမီရှင် သိုင်းပညာရှင်
ကြုံတွေ့နိုင်တာပဲ။ သူ့ကို အထင်သေးတဲ့သူ
ရှိခဲ့ရင်တောင် ကျန်တဲ့သူတွေက သူ့ကို
အထင်သေးကြတာကြောင့်ပဲ ဖြစ်မှာလေ။ သူက
တခြားသူတွေကို အထင်သေးတဲ့အချိန်
ရှိမှာမဟုတ်ဘူး။ သူက ဒီခံစားချက်ကို လူများပြီး
ဆွေးနွေးခဲ့မိတာနဲ့ တူတယ်။

သူ၏ကိုယ်ပိုင် ခံစားချက်ကို သူ နားမလည်နိုင်ပေ။

ယဲ့ရှောင်က သူ ဆိုလိုတာကို မည်ကဲ့သို့ သိမည်နည်း။ ဒါရိုက်တာကို တွေ့ပြီး သူက ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ယောက် ရုတ်တရက် ဖြစ်လာတာပဲ ရှိ၏။ ယင်းကို သူ့ရင်ထဲ၌ လက်မခံနိုင်ဖြစ်နေသည့် ကိစ္စရပ်များက နားလည်ရ အလွန်လွယ်ကူသည်။ ဆိုရလျှင် ဒါရိုက်တာ ရောက်မလာခဲ့လျှင် စာကြည့်တိုက်ထဲ၌ သူမှလွဲလျှင် သူက အသန်မာဆုံး ဖြစ်လိမ့်မည်။ ထို့အပြင် သူ၏ ကိုယ်ပိုင်ခွန်အားကို မသိပေ။ အခြေအနေအရ အနည်းဆုံးတော့ သူ ကိုယ်ပိုင် နားလည်သဘောပေါက်မှုအရ

စာကြည့်တိုက်ထဲတွင်သူက အသန်မာဆုံး ဖြစ်သည်။ သို့သော် ယခု ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ဦးက သူ့ခေါင်းအထက်၌ ရုတ်တရက် ပေါ်လာ၏။ ယင်းက အလွန်မသက်မသာ ဖြစ်စေ၏။

သူသာဆိုလျှင်လည်း သူ့ရင်ထဲမှာ နည်းနည်း မသက်မသာ ဖြစ်လောက်တယ်မလား။

ကံဆိုးသည်မှာ ယဲ့ချောင်ကတော့ မဟုတ်ပေ။ ထို့အပြင် သူသည်က ဘုရင်နယ်ပယ်တွင် ရှိ၏။ ထို့ကြောင့် ဘာမှမခံစားရပေ။ သူသည် လျိုချန်စွင်း၏ လက်ရှိ အခက်အခဲကို နားမလည်နိုင်ချေ။ သို့သော် လျိုချန်စွင်း

ငြင်းဆန်နေတာကို မြင်သောအခါ ယွဲ့ရှောင်က သူ့ကို နှစ်သိမ့်ရန် ပါးစပ်ဟလိုက်၏။

" တကယ်တော့ အဲ့ဒါ အတော်ကောင်းတယ်ထင်တာပါပဲ "

" ဂရုတစိုက် စဉ်းစားကြည့်လေ။ မင်းရဲ့ဘေးမှာ ပါရမီရှင် သိုင်းပညာရှင်တစ်ယောက် ရှိနေရင် လုံခြုံရေးကို အာမခံနိုင်မှာ မဟုတ်ဘူးလား။ သူ့ရဲ့ ခွန်အားကအားနည်းရင် သူက ခင်ဗျားကိုတောင် သတ်လောက်တယ် "

လျို့ချန်စွင်းက ခဏတာ တိတ်ဆိတ်သွား၏။ ယွဲ့ရှောင်ပြောတာ အဓိပ္ပာယ်ရှိပုံ ပေါ်သည်။

မနေ့တုန်းက ဒါရိုက်တာကြောင့်သာ မဟုတ်ရင် အခုလောက်ဆို သေနေလောက်ပြီ။ တစ်စုံတစ်ခုကို ခံစားမိလား မခံစားမိလား ဆွေးနွေးနေဖို့ ဖြစ်နိုင်တော့မှာတောင် မဟုတ်ဘူး။

" ဟူး။ ငါ တကယ်ကူကယ်ရာမဲ့လိုက်တာ။ ကျုံးစီရင်စုကို သွားချိန်ကစပြီး ပိုဆိုးလာတယ်လို့ ခံစားမိတယ်။ အရင်တုန်းက ငါက ဟန်နိုင်ငံမှာ ဟန်နိုင်ငံတစ်ခုလုံးရဲ့အင်အားအကြီးဆုံး သိုင်းပညာရှင်ပဲ။ နတ်ဘုရားတစ်ပါးလိုမျိုး ကိုးကွယ်ခံရတာ။ ဒါပေမဲ့ အခု ဒီနေရာရောက်တော့ ပုရွက်ဆိတ်လေးတစ်ကောင်လိုပဲ ခံစားရတယ်။ လူတိုင်းက လာပြီး ငါ့ကို ဆိတ်သွားလို့ရတယ် "

" ဟန်နိုင်ငံလို နေရာလေးနဲ့ ကျုံးခရိုင်လို နေရာကို
မယှဉ်နဲ့လေ။ မသင့်တော်ဘူး။ နှစ်ခုက အဆင့်မှ
မတူတာ။ ဒါပေမဲ့ တခြားရှုထောင့်ကနေ
တွေးကြည့်ရင် ဒါလည်း ကောင်းတာပဲလေ။
အနည်းဆုံးတော့ ကို့ကိုယ်ကို
ဂုဏ်ယူဝင့်ကြွားလွန်းပြီး
မောက်မာထောင်လွှားတာမျိုး မဖြစ်တော့ဘူးပေါ့။
ဒီစိတ်ဓာတ်ခွန်အား အမြင်နဲ့ဆိုရင် သိုင်းပညာရပ်မှာ
ခင်ဗျားရဲ့နှလုံးသားက ပိုတည်ငြိမ်ပြီး
ပိုပြီးပြည့်စုံလာလိမ့်မယ်။ ဒါက ခင်ဗျားကို
ရှန်းထျန်း နဝမအဆင့် ရောက်အောင်
အဆင့်တက်ဖို့ ကူညီပေးနိုင်လိမ့်မယ် "

လှိုင်ချန်စွင်းသည် ခဏတာ
တိတ်ဆိတ်သွားပြီးနောက်
ခေါင်းညိတ်လိုက်လေ၏။

" မင်းပြောတာ မှန်တယ်။ ဒါပဲ။ သူတို့ရဲ့ဥပမာကို
လိုက်ပြီး ငါ့ရဲ့ကျင့်ကြံဆင့်ကို မြှင့်တင်နိုင်အောင်
ကြိုးစားရမယ်။ ဒီမှာ စောဒက တက်မနေသင့်ဘူး။
ကျေးဇူးပါပဲ

... ယွဲ့ရှောင် "

" ရပါတယ် "

လှိုင်ချန်စွင်းက တရားထိုင်ရန် ဘေးသို့ ပြေးသွားစဉ်
ယွဲ့ရှောင်က စာဆက်ဖတ်လိုက်၏။ သို့သော်

ယနေ့တွင် သူက စိတ်ဝင်စားစရာကောင်းသော စာအုပ်တစ်အုပ်ကို တွေ့လိုက်ရသည်။

အပိုင်း ၂၆၁ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၆၂ နဂါးစွမ်းအင်။ ကေရာဇ်၏ သွေးမျိုးဆက်။ နတ်ဘုရား သွေး။ လောကကြီးအကြောင်း မှန်းဆမှုများ။

ယင်းက ကျင့်စဉ်တစ်ခု မဟုတ်။ ကျင့်စဉ်ဆယ်ခု ဆင့်ကဲပြောင်းလဲမှု စာအုပ်တစ်အုပ်ပဲ ဖြစ်သည်။ စာအုပ်ကို ကြည့်ခြင်းအားဖြင့် ရှေးယခင်ကာလတည်းက ရေးခဲ့တာ ဖြစ်လောက်၏။

ယခင်စစ်သည်တော်များ ရေးထားတာ ဖြစ်လောက်သည်။ နဂါးစွမ်းအင်အကြောင်း အချက်အလက်များ ပါရှိပေ၏။ နဂါးစွမ်းအင်ဟု ခေါ်သည်က သူသည် နဂါးသွေးမျိုးဆက်ထဲတွင် သူရထားသော စွမ်းအား၏ အဆီအနှစ်ပဲ ဖြစ်သည်။

မနေ့ညက ယဲ့ရှောင်သည် သူ၏ လက်ရှိကျင့်ကြံမှုကို ၁၀ရာခိုင်နှုန်း

မြှင့်တင်ရန်အတွက် ထိုစွမ်းအားကို
အားကိုးခဲ့ရသည်။ ထို့ကြောင့် သူသည် ယခုအချိန်၌
ထိုစွမ်းအားကို အင်မတန်
စိတ်ဝင်စားနေတော့သည်။ ထိုစွမ်းအား ဘာဆိုတာ
သူ အမှန်တကယ် သိချင်၏။ စာအုပ်ကို
ဖွင့်လိုက်ပြီးနောက် ရိုးရှင်းသည့် တန်ဆာ
မဆင်ထားသော စကားလုံးများက သူ့ရှေ့၌
ပေါ်လာ၏။

" "

သေသင့်တဲ့ ဂန္ဓဝင် တရုတ်စာ။

ကံကောင်းသည်မှာ သူသည် ယခုအချိန်၌
ဘုရင်နယ်ပယ်သို့ ရောက်နေပြီ ဖြစ်သည်။ သူသည်

ခုနှစ်စင်ကြယ်၏ ခမ်းနားသော ဆန်းကြယ်မှုကို လှည့်ပတ်လိုက်စဉ် သူ၏ ဝိညာဉ်စွမ်းအင်က အင်မတန် မြန်ဆန်သော နှုန်းဖြင့် ပေါ်ထွက်လာတော့၏။ အလျင်အမြန်ပဲ သူသည် နားလည်သဘောပေါက်သွားကာ ၄င်းကို အဟန့်အတားမရှိ ဖတ်နိုင်သွား၏။

နဂါးစွမ်းအင်ဟူသည် လူသားမျိုးနွယ်ကံကြမ္မာရှိသည့် တောင်တန်းများ၊ မြစ်များ၊ သမုဒ္ဒရာတို့၏ ကံကြမ္မာ။ သူတို့သည် နဂါးသွေးကြောအတွင်း၌ မွေးဖွားလေ့ရှိသည်။

သာမန်လူတစ်ယောက်သည် ထိုကံကြမ္မာကို ရရှိခဲ့လျှင် သူတို့က ရုပ်ခန္ဓာ၏ အဟန့်အတားကို

ဖြတ်ကျော်လျက် ကေရာဇ်တစ်ပါး
ဖြစ်လာနိုင်သည်။

ကေရာဇ်တစ်ပါး၏ ကေရာဇ်ခန္ဓာကိုယ်ဟူသည်က
အချိန်နှင့် လေဟာနယ် နိယာမ၏
ပေါင်းစည်းထားသော ဖိအားကို ကျော်လွန်သော
တည်ရှိမှုပဲ ဖြစ်သည်။

ကေရာဇ်တစ်ပါး ဖြစ်မှသာလျှင် နိယာမ၏
ဖိနှိပ်မှုက လွတ်မြောက်နိုင်ပြီး
ရှေ့ဆက်ကျင့်ကြံနိုင်မှာပဲ ဖြစ်သည်။

လူတစ်ယောက်သည် ကေရာဇ်တစ်ပါး
မဖြစ်နိုင်လျှင် ကျင့်စဉ်က လူတစ်ယောက်၏
ကျင့်ကြံမှုသည် အသက်အရွယ်တစ်ခုထိ

ရောက်သည့်အချိန်၌ သူတို့သေမှာ သဘာဝပဲ ဖြစ်သည်။ သူတို့သည် အသက်ကို ထိန်းသိမ်းထားရန် ထူးခြားသော နည်းလမ်းအချို့ကို အသုံးပြုပေးလျှင် သူတို့အသက်ကို အနည်းငယ် ဆွဲဆန့်နိုင်ရုံသာ ရှိလိမ့်မည်။ အစစ်အမှန် သက်တမ်းနှင့် ယှဉ်လျှင် ယင်းက ယှဉ်ပြိုင်နိုင်ရန် ဝေးကွာလွန်းနေ၏။

သို့သော်ငြား ကေရာဇ်ခန္ဓာကိုယ် ဖွဲ့တည်ရန် မည်မျှ ခက်ခဲသနည်း။ ကေရာဇ်၏ ခန္ဓာကိုယ်သည်လေဟာနယ်နှင့် အချိန်၏ နိယာမဖြင့် အလွယ်တကူ ကန့်သတ်၍ ရသည်တောင် မဟုတ်ပေ။

၄င်းက မည်မျှ အစွမ်းထက်ကြောင်း မှန်းဆနိုင်ပေ၏။

သာမန်လူတစ်ယောက်အဖို့ ကေရာဇ်တစ်ပါး ဖြစ်လာခြင်းက အိမ်မက်တစ်ခုသာ ဖြစ်နေ၏။

လူဦးရေ ၁၀ဘီလီယံချီကို မဆိုထားနှင့် လူဦးရေ ဘီလီယံ ၁၀၀ထဲတွင် တစ်ယောက်က ကေရာဇ်တစ်ပါးဖြစ်လျှင်တောင် အလွန်ခက်ခဲနေပြီ ဖြစ်၏။ ယွဲ့ရှောင်က အနည်းငယ် ထိတ်လန့်သွားမိသည်။

စာအုပ်ထဲရှိ အချိုးအစားအရ တစ်လောကလုံး၌ ကေရာဇ်နယ်ပယ် သိုင်းပညာရှင်တစ်ယောက်တောင် ရှိမှာ

မဟုတ်ပေ။ ယင်းက ခက်ခဲလွန်း၏။

တစ်ချိန်တည်းတွင် သူ၏ သိချင်စိတ်ကလည်း ပေါ်လာကာဆက်လက် ဖတ်နေ၏။

ကေရာဇ်တစ်ပါး ဖြစ်လာရန် နည်းလမ်းတစ်ခု ရှိသည်။ ပထမနည်းလမ်းက ကေရာဇ်၏ သွေးမျိုးဆက်ကို နှိုးထစေရန် ဖြစ်သည်။ ယင်းက အင်မတန် ထူးခြားသော သွေးမျိုးဆက်တစ်ခု ဖြစ်၏။ အချိန်နှင့် လေဟာနယ်၏ နိယာမဖြင့် ဖိနှိပ်မခံထားရပေ။ ၎င်းကို အဆင့်ကျော်ဖျက်တက်လျှင် မိုးကြိုးကပ်ဘေးကို ကြုံရမှာ မဟုတ်ပေ။

ယင်းက မည်သို့ မွေးဖွားလာမှန်း မသိ။ မည်မျှ သန်မာမှန်းလည်း သူတို့ မသိကြပေ။

ကေရာဇ်သွေးမျိုးဆက် ဖြစ်နေသရွေ့ နောက်ဆုံး
ကျင့်ကြံမှုက နိမ့်မှာ မဟုတ်တာ သေချာ၏။

လူအများစု၌ ကေရာဇ်သွေးမျိုးဆက် မရှိပေ။
ယခုအချိန်၌ သိုင်းပညာရှင်အချို့က
နောက်ထပ်တစ်နည်းကို ရှာတွေ့သွားသည်။
ယင်းက နဂါးသွေးကြောမှ နဂါးစွမ်းအင်ကို
ထုတ်ပြီး လူတစ်ယောက်၏ ခန္ဓာကိုယ်ထဲ
ထူးခြားသော စွမ်းအင်ကို သွင်းပေးလိုက်တာပဲ
ဖြစ်သည်။ ကေရာဇ်သွေးမျိုးဆက်ရှိသူနှင့်
တူညီသွားစေကာ ရုပ်ခန္ဓာ၏ အဟန့်အတားများကို
ချိုးဖျက်ခွင့်ပေးလျက် စစ်မှန်သော

ကေရာဇ်သွေးမျိုးဆက်ဆီသို့ ရောက်အောင်

ပြုလုပ်ပေး၏။

သမိုင်းထဲတွင် ထိုအကြောင်းအရင်းကြောင့် သူ၏

လက်အောက်ငယ်သားများကို စီရင်စုဇုခုရှိ

နဂါးသွေးကြောအားလုံးကို ဖြတ်တောက်ရန်

အမိန့်ပေးခဲ့သော ကေရာဇ်တစ်ပါး ရှိခဲ့၏။ သူ၏

မျိုးဆက်များကို နောင်လာနောင်သားများ

ဖျက်ဆီးခြင်းမှ ကာကွယ်ရန်အတွက် ဖြစ်သည်။

နဂါးစွမ်းအင်သည် မိုးနှင့်မြေ ဖန်တီးမှု၏

အဆီအနှစ်ပဲ ဖြစ်သည်။ နိယာမ၏ စွမ်းအား

ပါဝင်နေသည်။ ယင်းက မိုးကြိုးကပ်ဘေးနှင့်

တူလောက်သည်။ ထို့ကြောင့် မိုးကြိုးကပ်ဘေးက အလွန်အကျွံ တုံ့ပြန်မှာ မဟုတ်ပေ။

နဂါးစွမ်းအင်ရှိသူများသာလျှင် အဆင့်တက်သွားချိန်၌ မိုးကြိုးကပ်ဘေး၏ စမ်းသပ်မှုကို ကျော်ဖျက်နိုင်၏။ သူတို့ခန္ဓာကိုယ်များက မိုးကြိုး အပစ်ခံရလျှင်ပင် သေမှာ မဟုတ်ပေ။

နဂါးစွမ်းအင်၏ ကာကွယ်ပေးမှု မရှိပဲ လူတစ်ယောက်၏ ကျင့်ကြံမှု အုတ်မြစ်က မည်မျှ သန်မာစေကာမူ ပါရမီ မည်မျှ ထူးစေကာမူ မိုးကြိုးကပ်ဘေး၏ အစွမ်းထက်သော ဖိနှိပ်မှုကို သူတို့ ဘယ်တော့မှ ခံနိုင်ရည် ရှိမှာ မဟုတ်ပေ။

ထိုအရာကလည်း သော့ချက်တစ်မျိုးအနေဖြင့် နားလည် သဘောပေါက်ထားနိုင်သည်။

ယင်းက ဘုရင်နယ်ပယ်ဆီ ဦးတည်သွားစေသည့် သော့ချက်ဖြစ်ပြီး ကေရာဇ်နယ်ပယ်ဆီသို့ တံခါးကို ဖွင့်လှစ်နိုင်သည့် သော့ပဲ ဖြစ်သည်။

ထို့ကြောင့် ကေရာဇ်နယ်ပယ် သိုင်းပညာရှင်တစ်ဦး ဖြစ်လာချင်လျှင် ကေရာဇ်သွေးမျိုးဆက် မရှိပါက နဂါးစွမ်းအင်ကို ရအောင်ယူရမည်။ ပိုများလေ ကောင်းလေဖြစ်သည်။

သို့သော်ငြား လူတစ်ယောက်၏ ကျင့်ကြံမှုက မည်မျှ နက်ရှိုင်းစေကာမူ အဆုံးတွင် သေရဦးမှာပဲ ဖြစ်သည်။

စာရေးသူ၏ ခန့်မှန်းချက်အရ နဂါးစွမ်းအင်သည် ဓာတ်ကူပစ္စည်းနှင့် ဆင်တူ၏။

လူသား၏ ခန္ဓာကိုယ်ကို ထောက်ကူပေးကာ လူသားခန္ဓာကိုယ်၏ အစိတ်အပိုင်းများကို ကေရာဇ်၏ သွေးမျိုးဆက်ကဲ့သို့ ပြုပြင်ပြောင်းလဲပေး၏။ ဤနည်းဖြင့် သာမန်လူတစ်ယောက်ကသာလျှင် ကေရာဇ်၏ သွေးမျိုးဆက်လောက် အစွမ်းထက်သည့် ခွန်အားနှင့် အထုံပါရမီကို ပိုင်ဆိုင်လာမည်ဖြစ်ကာ ကေရာဇ်နယ်ပယ်သို့ တက်လှမ်းနိုင်လိမ့်မည်။

ထိုစာအုပ်သည် အပိုင်းအစမျှသာ ရှိသည်။ ထိုအရာကို ဖတ်ပြီးနောက် မှတ်တမ်း မရှိတော့ပေ။

အချိန်ကာလ ကုန်လွန်မှုကြောင့် ပျက်စီးသွားတာ ဖြစ်ဟန်တူ၏။ ၄င်း၏ ပိုင်ရှင်က အားလုံး အဆုံးထိ မရေးခဲ့တာလည်း ဖြစ်နိုင်သည်။

မည်သို့ပင်ဆိုစေကာမူ အနည်းဆုံးတော့ ယွဲ့ရှောင်တစ်ခု သိသွားပြီ ဖြစ်သည်။ သူက ကေရာဇ်ခန္ဓာကိုယ်ကို ရရှိရန်အတွက် နဂါးစွမ်းအင်များ ပိုမို ရှာဖွေရမည်။

မဟုတ်လျှင် သူက ထိုနယ်ပယ်သို့ အဆင့်တက်နိုင်မှာ မဟုတ်ပေ။ သူသည် ကေရာဇ်နယ်ပယ် သိုင်းပညာရှင်တစ်ယောက်အဖြစ် ကြီးပြင်းလာမှာ မဟုတ်တာ သဘာဝကျ၏။

သူက ဧကရာဇ်နယ်ပယ်ကိုတောင် မရောက်နိုင်လျှင် ကျန်သည့်သူများက မည်သို့ဖြစ်မည်နည်း။ တစ်ဖန် သူက နဂါးစွမ်းအင်ကို ရရှိသည့်အချိန် သူ၏ ခန္ဓာကိုယ်က ဓာတ်ကူးမှု အချို့ကို တကယ်ရရှိခဲ့၏။

အထောက်အကူပြုသည်ဟု ပြောလျှင် အလွန် မတိကျပေ။ စကားတစ်ခွန်းနဲ့ သုံးရမည်ဆိုလျှင် ပုံသွင်းရန် ပိုသင့်တော်တာပဲ ဖြစ်သည်။

ခန္ဓာကိုယ်ထဲရှိ မသန့်စင်မှုများ အားလုံးကို ကန်ထုတ်ပြီး အစွမ်းထက်သည့် သွေးအဆီအနှစ်အချို့သာ ချန်ထားရစ်ခဲ့သည်။

စာရေးသူ၏ ခန့်မှန်းချက်အရ နဂါးစွမ်းအင်သည် လူသားခန္ဓာကိုယ်ကို ပုံသွင်းပေးကာ

လူသားခန္ဓာကိုယ်၏ သွေးကို
ကေရာဇ်သွေးမျိုးဆက် ကိုင်ဆောင်သူနှင့်
ဆင်တူအောင် ပြောင်းလဲပေး၏။ ယင်းက
ချင်ယွိယန်နှင့် တူသွားမည် မဟုတ်ပါလော။
သူသည်လည်း ကေရာဇ်သွေးမျိုးဆက်
ရှိလာနိုင်သည်မှာ မဟုတ်ပေ။ တစ်ခုခု
မှားနေပုံရ၏။

ကေရာဇ်သွေးမျိုးဆက်သည် အင်မတန်
ထူးကဲနေရသည့် အကြောင်းအရင်းမှာ ၄င်းသည်
သာမန်သွေးမျိုးဆက်နှင့်
ကွဲပြားခြားနားနေသောကြောင့် ဖြစ်သည်။

မဟုတ်လျှင် ကေရာဇ်သွေးမျိုးဆက်ကို မည်ကဲ့သို့ ခွဲခြားနိုင်မည်နည်း။

ထိုစဉ် ယဲ့ရှောင်သည် နတ်ဘုရား သွေး ဟူသော အသုံးအနှုန်းကို ရုတ်တရက် တွေးမိသွား၏။

နတ်ဘုရားသွေးဟူသည် သူ ယခင်က သင်ယူရရှိလိုက်သည့် အသုံးအနှုန်းတစ်ခု ဖြစ်သည်။ ယင်းက ကြယ်တာရာသားရဲများက လူသားများကို တိုက်ခိုက်ရသည့် အကြောင်းအရင်းလည်း ဖြစ်သည်။

ဒဏ္ဍာရီအဆိုအရ လူသားများသည် နတ်ဘုရားမျိုးနွယ်၏ မျိုးဆက်များဖြစ်ပြီး

နတ်ဘုရားမျိုးနွယ်သည် စကြာဝဠာထဲ၌
အားအကောင်းဆုံး မျိုးနွယ်ဖြစ်သည်။

ထို့ကြောင့် လူသားခန္ဓာကိုယ်ထဲ၌
သွေးအဆီအနစ်တွင် နတ်ဘုရားသွေး ပါဝင်နေ၏။
သို့သော် အလွန်ရှားပါးပြီး ဘီလီယံချီ သို့မဟုတ်
လူသား ၁၀ ဘီလီယံတွင် တစ်ယောက်သာ
ပေါ်ထွန်းလာနိုင်သည်။

၄င်းသည် အံ့ဖွယ်သားရဲများနှင့်
စူပါအံ့ဖွယ်သားရဲများကို တစ်ဆင့်တက်ခွင့် ပေးပြီး
လူသား ဘုရင်နယ်ပယ်၏ သိုင်းပညာရှင်များနှင့်
ဧကရာဇ်နယ်ပယ် သိုင်းပညာရှင်များကို
စစ်မှန်သော နတ်ဘုရားများပမာ ဖြစ်စေသည်။

ယွဲ့ရှောင်သည်  ရုတ်တရက် နှလုံးခုန်နှုန်း မြန်လာလေ၏။ သူသည် ဆက်နွယ်မှုတစ်ခုကို ဝေဝါးဝါး နားလည်သွားသည်။

သူ ခန့်မှန်းချက်တစ်ခု ပြုလိုက်၏။ ကေရာဇ်၏ သွေးမျိုးဆက်ဟူသည် အမှန်တကယ် နတ်ဘုရားသွေး ဖြစ်နေ၏။ တစ်နည်းဆိုရလျှင် ကေရာဇ်သွေးမျိုးဆက် နှိုးထလာသည့် သူများသည် နတ်ဘုရားသွေး နှိုးထလာတာပဲ ဖြစ်သည်။

နတ်ဘုရားသွေးဟူသည် အချိန်နှင့် လေဟာနယ် နိယာမကြောင့် ပစ်မှတ်ထား ခံရမှာ မဟုတ်ပေ။ ထို့ကြောင့် သူတို့ အဆင့်တက်သည့်အချိန်၌ မိုးကြိုးကပ်ဘေး ကြုံရမှာ မဟုတ်။ သူတို့သည်

ပုံမှန်အတိုင်း ဆက်လက်
အဆင့်ချိုးဖျက်တက်နိုင်၏။

သို့သော် သာမန်လူသားများက ၄င်းကို နှိုးထစေမှာ
မဟုတ်ပေ။ လူအများစု၏ သွေးများက
သာမန်လူသားများ၏ သွေးများဖြစ်သည်။

သူတို့၏ ကိုယ်ပိုင် လတ်ဆတ်သော သွေးများကို
သန့်စင်သည့် နတ်ဘုရားသွေး ဖန်တီးနိုင်သည့်
အဆင့်သို့ရောက်ရန်အတွက် နဂါးစွမ်းအင်
လိုအပ်သည်။

ဤနည်းဖြင့် သာမန်လူသားများသည်
ကေရာဇ်သွေးမျိုးဆက်ကဲ့သို့ တူညီသည့်
လတ်ဆတ်သော သွေးလည်း ရရှိလိမ့်မည်။

ယွဲ့ရှောင်သည် ထိုနည်းကို စဉ်းစားရာ၌
အခြေခံအချို့ ရှိလာတော့သည်။
နောက်ဆုံးအခေါက်က ကျားနတ်ဘုရား
လက်အောက်ရှိ စူဇန်နှင့် ကျန်သည့်သူများသည်
ချင်ယွိယန်ကို ဖမ်းရန် ရောက်လာကြ၏။ ယင်းက
ကေရာဇ်၏ သွေးမျိုးဆက်သည် အမှန်တကယ်
နတ်ဘုရားသွေး ဖြစ်နေသောကြောင့်
ဖြစ်လောက်၏။

မဟုတ်လျှင် ကြယ်တာရာသားရဲများသည်
ချင်ယွိယန်ကို အဘယ်ကြောင့် ဖမ်းမည်နည်း။

ချစ်ကြိုက်သွားလို့လား။ ဒါမှမဟုတ် သူ့အရိုးကို
စွပ်ပြုတ် လုပ်သောက်မလို့လား။

ကြယ်တာရာသားရဲများ ထိုမျှ
ပျင်းရိနေလိမ့်မည်ဆိုတာ ယဲ့ရှောင် မယုံပေ။
သူတို့၏ လုပ်ရပ်နောက်ကွယ်၌ ပြောမပြနိုင်သော
လျှို့ဝှက်ချက်အချို့ ရှိရပေမည်။ သူ
ကြိုးစားကြည့်ရမည်။ မည်သို့ပင် တွေးစေကာမူ
ကြိုးစားကြည့်တာက ပိုကောင်းမည်။

ယဲ့ရှောင်သည် ပတ်ဝန်းကျင်ကို
စစ်ဆေးရန်အတွက် ဝိညာဉ်စွမ်းအင်ကို
အသုံးပြုလိုက်၏။ ချင်ယွိယန်၏ တည်နေရာကို
အတည်ပြုပြီးနောက် သူသည်
နတ်ဘုရားအာရုံစူးစိုက်ခြင်း ကျင့်စဉ်ကို
ချက်ချင်းသုံးကာ ချင်ယွိယန်ဆီသို့ သွားလိုက်၏။

သူမရှေ့တွင် လဲ့ရှင်းလင်က ကျင့်ကြံခြင်း ဗဟုသုတများ ဖြန့်ကြန့်ပေးနေ၏။ သို့သော် ယွဲ့ရှောင်၏ အရှိန်က အလွန်မြန်ဆန်သည်။ ဘုရင်နယ်ပယ် သိုင်းပညာရှင်တစ်ဦး၏ အရှိန်က ကြောက်မက်ဖွယ် ကောင်းလွန်းလှသောကြောင့် နှစ်ယောက်လုံးက သူတို့ ပကတိ မျက်လုံးဖြင့်တောင် အာရုံခံနိုင်သည့်အရာ မဟုတ်ပေ။

ချက်ချင်းပင် ယွဲ့ရှောင်က ချင်ယွီယန်၏ သွေးတစ်စက်ကို ထုတ်လိုက်၏။ ပြီးနောက် သူ၏ ကျင့်စဉ်ကို သုံးကာ ထပ်ထွက်သွားတော့သည်။

ဖြစ်စဉ်တစ်ခုလုံးသည် ၀.၀၀၀၀၁ စက္ကန့်သာ ကြာသည်။ မည်သူကမှ ထိုအရှိန်ကို လိုက်မမှီပေ။

ချင်ယွိယန်က သူမ၏ ရင်ဘက်ကို ထိလိုက်၏။

" ထူးဆန်းလိုက်တာ။ ခုနတုန်းက ကျွန်မ ဆူးခနဲ ဖြစ်သွားတယ်လို့ ဘာကြောင့် ခံစားမိလိုက်တာပါလိမ့် "

လဲ့ရှင်းလင်က ခေါင်းခါလိုက်၏။

" သမီး မှားတာများလား။ ဒီနေမှာ ခြင်တွေ မရှိလောက်ပါဘူး။ တစ်ခုခုက ဆူးတယ်ဆိုရင် ငါ သတိပြုမိမှာ သေချာတယ် "

" ဒါ ဟုတ်တာပဲ။ ဆရာလဲ့က အံ့ဖွယ်ချီရှန်းအဆင့် သိုင်းပညာရှင်တစ်ယောက်ပဲ။ သူက ဆရာမရဲ့ မျက်စိရှေ့မှာ ဘယ်လိုလုပ် ပုန်းနေနိုင်မှာလဲ "

" အာရုံမလွှင့်နဲ့။ သင်ပေးတာကို ရိုးရိုးသားသား နားထောင် "

" ဟုတ်ကဲ့ "

အမျိုးသမီးနှစ်ယောက်လုံးက ဗဟုသုတများဆက်လက် ဖြန့်ကျက်ကာ လေ့လာ သင်ယူနေတော့သည်။

တစ်ဖက်တွင်မူ ယဲ့ရှောင်သည် ချင်ယွိယန်၏ သွေးကို ရရှိပြီးနောက် ချက်ချင်း ထွက်လာ၏။

သူက လူသူကင်းမဲ့သည့် ဧရိယာသို့ ရောက်လာကာ သူ၏ လက်ညိုးကနေ သွေးတစ်စက်ကို ထုတ်လိုက်၏။

သူသည် ခုနှစ်စင်ကြယ်၏ ခမ်းနားသော ဆန်းကြယ်မှုကို သုံးလျက် နှစ်ယောက်၏ သွေးစက်ကို စစ်ဆေးကြည့်ပြီး ယှဉ်ကြည့်လိုက်၏။ သူသည် တစ်စက္ကန့်လျှင် အကြိမ်ပေါင်းနှစ်ထောင်ကျော် စစ်ဆေးကြည့်ခဲ့တာ ဖြစ်၏။

အကြိမ်ပေါင်းများစွာ စစ်ဆေးပြီးနောက် နောက်ဆုံးတွင် သူ၏ ယူဆချက်ကို အတည်ပြုလိုက်နိုင်ပြီ ဖြစ်သည်။

သူတို့နှစ်ယောက်ကြား၏ သွေးကို
နှိုင်းယှဉ်ကြည့်ရာ နှစ်ယောက်လုံးက
လူသားသွေးဖြင့် မွေးဖွားလာသည့် အချက်အပြင်
အင်မတန် ထူးကဲသည့် ဆင်တူမှုမျိုး ရှိသည်။
နှစ်ယောက်လုံး၏ သွေးက
ရွှေရောင်အလင်းဖျော့ဖျော့ ထွက်နေပြီး
နဂါးစွမ်းအင်ဖြင့် ပုံသွင်းခံရပြီးနောက် သွေး၏
အခြေအနေပဲ ဖြစ်သည်။

သို့သော် ယဲ့ရှောင်၏ သွေးက
အလွန်အားနည်းနေစဉ် ချင်ယွိယန်၏ သွေးက
အလွန်တောက်ပပြီး အလွန်ကြည်လင်၏။

မှန်ပေ၏။

ယင်းက ဧကရာဇ်သွေးမျိုးဆက်ဟူသည့်
နတ်ဘုရားသွေးပဲ ဖြစ်သည်။

ထို့ကြောင့် ဧကရာဇ်၏ သွေးမျိုးဆက်
နိုးထလာပြီးနောက် သူသည် သာမန်လူများထက်
ကျင့်ကြံမှု အရှိန်က ပိုမြန်ဆန်တာပဲ ဖြစ်သည်။

ထို့အပြင် မိုးကြိုးကပ်ဘေးကို ခံစားရမှာလည်း
မဟုတ်ပေ။

နားလည်သွားပြီ။ ယခု သူ အားလုံးကို
နားလည်သဘောပေါက်သွားချေပြီ။

သူသည် နဂါးစွမ်းအင်ကို အဘယ်ကြောင့်
ရှာရမည်နည်း။ ယင်းက လူသားမျိုးနွယ်ကို

ကူညီပေးနိုင်သော သန့်စင်သည့် သဘာဝစွမ်းအား ရှိနေပြီး သူတို့၏ သွေးမျိုးဆက်ကို ပံ့သွင်းပေးနိုင်ကာ လူသားမျိုးနွယ်ကို နတ်ဘုရားမျိုးနွယ် ဖြစ်လာစေရန် နှိုးထစေနိုင်သောကြောင့် မဟုတ်ပါလော။

သို့သော် ထိုအချက်ကို စဉ်းစားပြီးနောက် ယွဲ့ရှောင်၏ ရင်ထဲ၌ လေးလံလာတော့သည်။

ကေရာဇ်၏ သွေးမျိုးဆက်က အလွန်ခမ်းနားသည့် တည်ရှိမှုဖြစ်သော်ငြား
ကေရာဇ်သွေးမျိုးဆက်ဟူသည် ကောင်းကင်ကို ဖိဆန်နိုင်တာ မဟုတ်ပေ။

ကောရာဇ်၏ သွေးမျိုးဆက်က

နတ်ဘုရားသွေးဖြစ်ခဲ့လျှင် ချင်ယွိယန်သည်

နတ်ဘုရားသွေး နိုးထလာသော

သာမန်လူတစ်ဦးအဖြစ်သာ သတ်မှတ်နိုင်၏။

ကြယ်ဆုံသော ကောင်းကင်တစ်ခုလုံး၌

ချင်ယွိယန်ကဲ့သို့ နတ်ဘုရားသွေး နိုးထသူ မည်မျှ

ရှိသနည်း။

ရှားပင်းနည်း ဟုတ်တယ်မလား။ သူ ဘယ်ကနေ

ရောက်လာတာလဲ။ သူရှိတဲ့နေရာမှာ

သိုင်းပညာရှင်တွေ အများကြီးလို့ ပြောခဲ့တယ်။

သူ့မှာ မျက်ဝန်းသွေးမျိုးဆက် ကျင့်စဉ်လည်း

ရှိနေတယ်။ အစွမ်းထက်တဲ့

မျက်ဝန်းသွေးမျိုးဆက်ကျင့်စဉ် အများစုက
သဘာဝအတိုင်း မွေးဖွားလာပြီး သူတို့ကိုယ်ပိုင်
အမွေဆက်ခံမှု ဒါမှမဟုတ် မျိုးနွယ်စု
အကြီးအကဲတွေက လက်ဆင့်ကမ်းပေးတာလေ။

ဒီတော့ ရှားပင်းနည်းရဲ့နောက်ခံက တွေးကြည့်ဖို့
ပိုတောင် ထိုက်တန်သေးတယ်။

ဖြစ်နိုင်တာက
ကြယ်ဆုံသောကောင်းကင်အောက်မှာ သူ
မှန်းဆနိုင်တာထက် ကျော်လွန်ပြီး
ပိုခမ်းနားတာတွေ ရှိနေဦးမလား။ လူသားကမ္ဘာက
သူ့ရဲ့ထောင့်တစ်ထောင့်လေးပဲလား။

အပိုင်း ၂၆၂ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၆၃ မွေးမြူရေးခြံက

ခရီးပေါက်လာသောအခါ။

ယဲ့ရှောင်၏ နှလုံးက ရုတ်တရက် ခုန်လာလေ၏။

သူ၏ အတွေးများက အတော်လေး ရှုးသွပ်နေပြီဟု

ခံစားမိသွားသည်။ သူ၏ အတွေးများသာ

မှန်မည်ဆိုလျှင် လူသားမျိုးနွယ်က နောင်ကြ

ရင်ဆိုင်ရမည့် အန္တရာယ်သည်
ကြယ်တာရာသားရဲမျှားထက် ပို၏။

ကြယ်တာရာသာရဲမျှားထက် ပိုကြီးမားသည့်
အန္တရာယ်ကို ကြုံတွေ့ရတာတောင် ဖြစ်နိုင်သည်။
နောင်ကြ သူသည် နဂါးစွမ်းအင်များ
ပိုပိုရှာဖွေရမည့်ပုံ ပေါ်၏။ သို့သော်ငြား
ကေရာဇ်တစ်ပါးသည် စီရင်စုဇုခုအတွင်းရှိ
နဂါးသွေးကြောများအားလုံးကို ဖယ်ရှားရန်
လက်အောက်ငယ်သားများကို အမိန့်ပေးခဲ့သည်က
မှန်လျှင် ယင်းက ဒုက္ခများသွားပေလိမ့်မည်။
ထိုသို့ဆိုလျှင် သူ့အဖို့ နဂါးသွေးကြောများကို ရှာဖို့

မဖြစ်နိုင်တော့ပေ။ ထို့ကြောင့် အတွင်းရှိ နဂါးစွမ်းအင်ကို သူ မည်ကဲ့သို့ သန့်စင်ရမည်နည်း။ ထိုကိစ္စက ယွဲ့ရှောင်ကို ခေါင်းကိုက်လာစေတော့၏။ ထားလိုက်တော့။ အခုအချိန်မှာ အဲ့ဒီအကြောင်း မတွေးရအောင်။ တစ်ကြိမ်ကို တစ်လှမ်းပဲ လှမ်းမယ်။

ဆိုရလျှင် သူသည် အားနည်းသော နဂါးစွမ်းအင်၏ အရိပ်အယောင်ကို ရခဲ့ပြီးဖြစ်ရာ သူ၏ ခန္ဓာကိုယ်ထဲ ဖြည်းဖြည်းချင်း သန့်စင်နေလေ၏။

ထိုအတိုင်း ဆက်လက် ရှိနေသရွေ့ အနေးနှင့်အမြန် သူ၏ ခန္ဓာကိုယ်ကိုလည်း သန့်စင်ပေးနိုင်လိမ့်မည်။

အချိန်အတိုင်းအတိုင်းအတာတစ်ခုမျှသာ ကြာလိမ့်မည်။

ယခုအချိန်တွင် သူ တွေးသင့်သည့် ပြဿနာက တော်ဝင်ကျင့်စဉ်ကို သန့်စင်ပြီး ၄င်းကို နတ်ဘုရားသတ်ကျင့်စဉ်အဖြစ် ပေါင်းစည်းကာ သူ၏ ကျင့်ကြံမှုကို မြှင့်တင်ရန်ပဲ ဖြစ်သည်။

ဆိုရလျှင် သူ၏ သွေးမျိုးဆက် မည်မျှ သန်မာစေကာမူ အရေးကြီးဆုံးအရာက သူ၏ ကျင့်ကြံမှုပဲ ဖြစ်သည်။ သူ၏ ကျင့်ကြံမှုက မလုံလောက်ခဲ့လျှင် ဘာမှဖြစ်လာမှာ မဟုတ်ပေ။ တစ်ရက်တာ စာဖတ်ပြီးနောက် ယွဲ့ရှောင်သည် နောက်ထပ် တော်ဝင်ကျင့်စဉ်ကို သန့်စင်လိုက်၏။

ယင်းက လက်သီးသိုင်း၊ ကေရာဇ် ခုံမင်လက်သီးပဲ ဖြစ်သည်။ ထိုလက်သီးသိုင်းက အတော်လေး စုတ်ချာပြီး လျှပ်စီးကွဲစိမ်းဆီကနေ ရသည့် မိုးကြိုးကေရာဇ်လက်သီးနှင့် ယှဉ်လျှင် စုတ်ချာသည်။ ယင်းက မဟာနိဗ္ဗာနလက်သီးကို မယှဉ်နိုင်ပေ။ ချုံပြောရလျှင် အတော်ကောင်းမွန်သည့် လက်သီးကျင့်စဉ် ဖြစ်နေ၏။

ယခုအချိန်၌ ယွဲ့ရှောင်တွင် လက်သီးသိုင်းများစွာ ရှိနေသောကြောင့် ၄င်းကို အလေးမထားရုံသာ ဖြစ်သည်။

ယင်းကို သာမန်လူတစ်ယောက်၏ လက်ထဲ
ထည့်လိုက်မည်ဆိုလျှင် သူတို့က
သွေးအန်လောက်သည်အထိ
ဖိအားပေးခံရလောက်သည်။ ထို့အပြင် ယွဲ့ရှောင်က
၄င်းကို အသုံးပြုရန် မလိုအပ်ချေ။
နတ်ဘုရားသတ်အစစ် ကျင့်စဉ်တစ်ခု
ပေါင်းစည်းရန်အတွက် ၄င်းကို သုံးရန်သာ
လိုအပ်သည်။

ကေရာ၏ ခုံမင် လက်သီးကို သန့်စင်ပြီးနောက်
အလုပ်ဆင်းရန် အချိန်ရောက်သွားပြီ ဖြစ်သည်။

လျို့ချန်စွင်းသည် ယွဲ့ရှောင်ကို အစက ညစာအတူ
စားချင်လားဟု မေးခဲ့၏။ ယွဲ့ရှောင်ကမူ

ငြင်းပယ်လိုက်တော့သည်။ သူသည် ဝမ်တာ့လုံနှင့် အချိန်းအချက် ပြုထားသောကြောင့် ဖြစ်သည်။ ဝမ်တာ့လုံက ညနေခင်း၌ သူ့ကို မီးတောင်ထွတ်ကျောက်များ ပို့ပေး

လိမ့်မည်။

သူ အိမ်ပြန်ရောက်ချိန်တွင် တံခါးဝ၌ ကားတန်းရှည်ကြီး ရောက်နေပြီ ဖြစ်၏။ ကုန်တင်ကားကြီးထဲ၌ မီးတောင်ထွတ်ကျောက်များ ပြည့်နေသည်။

ယဲ့ရှောင် မထင်ထားသည်က ကားမောင်းလာသည့်သူသည် တခြားသူမဟုတ် ရှီတာ့မောင်ပဲ ဖြစ်သည်။

" မင်း ဒီကို ဘာကြောင့် ရောက်နေတာလဲ"

" ဒီမေးခွန်းကို မေးသင့်တဲ့သူက ကျွန်မ မလား။ အစောတုန်းက အံ့ဩနေသေးတာ။ ဘယ်ထူးဆန်းတဲ့ ဝယ်သူကများ ဒီလို အသုံးမဝင်တဲ့ မီးတောင်ထွတ်ကျောက်တွေ အများကြီးလိုချင်ရတာလဲပေါ့ "

" ရှင် ဖြစ်နေလိမ့်မယ်လို့ မထင်ထားဘူး "

ယွဲ့ရှောင်က အတော်လေး ဆွံ့အသွားတော့သည်။

" ငါ ဝမ့်လုံကို မေးခဲ့တာ မဟုတ်ဘူးလား။ သူ ဘာကြောင့် လာမပို့တာလဲ။ အဲ့ဒီအစား မင်း လာပို့တာလား "

" ဝမ်တာ့လုံနဲ့ ကျွန်မအဖေရယ်
တခြားသူတွေရယ်က ပိုကြီးတဲ့ ကုမ္ပဏီကြီး
စတင်ဖို့ ပါတနာ ဖွဲ့လိုက်ကြပြီ။ နောင်ကြ
ကုန်ကြမ်းတွေ ရှင် ထပ်ဝယ်ချင်ရင် ကျွန်မတို့
ကုမ္ပဏီကို တန်းသွားလိုက်လို့ရတယ် "

ရှီတာ့မောင်က အလုပ်ကတ်ပြားတစ်ခု
ပေးလိုက်၏။

သူမ၏ အမည်၊ ကုမ္ပဏီအမည်နှင့် ဖုန်းနံပါတ်ကို
ရိုက်နှိပ်ထားလေသည်။

" ရှီဝမ် ယူနိုက်တက် ကုန်သွယ်ရေး ကုမ္ပဏီ
လီမိတက် လက်ထောက် အထွေထွေမန်နေဂျာ
ရှီတာ့မောင်"

ယွဲ့ရှောင်၏ နှုတ်ခမ်းထောင့်က ကွေးတက်သွားတော့၏။

" မင်းက လက်ထောက် အထွေထွေ မန်နေဂျာတွေထဲက တစ်ယောက်လား "

" ဒါပေါ့။ ကျွန်မ အဖေက ဒါရိုက်တာတွေထဲက တစ်ယောက်လေ။ ကျွန်မက လက်ထောက်မန်နေဂျာတစ်ယောက် ဖြစ်မှာ အသေအချာပဲလေ။ မဟုတ်ရင် ကျွန်မ အဖေရဲ့ မျက်နှာ ဘယ်သွားထားရမလဲ"

အမှန်တကယ်တွင် ယွဲ့ရှောင် ထိုအကြောင်းကို ဇဝေဇဝါ ဖြစ်သွားတာ မဟုတ်။ သို့သော် ရှီတာ့မောင်သည်

လက်ထောက်အထွေထွေမန်နေဂျာတစ်ယောက်

ဖြစ်နေပြီးသားပင်။ သူသည် အဘယ်ကြောင့်

ကားတစ်စီးကို မောင်းလာရသနည်း။

ယာဉ်မောင်းအနေဖြင့်လော။ " မင်းတို့ ကုမ္ပဏီမှာ

လူ ဘယ်နှစ်ယောက်ရှိလဲ"

ရှီတာ့မောင်က ခဏတဖြုတ် တွေးလိုက်လေ၏။

" ဒါရိုက်တာအချို့ကို ဖယ်လိုက်ရင်

ကျွန်မအပါအဝင် စုစုပေါင်း ဒုဥက္ကဋ္ဌ

( ၆ )ယောက်ရှိတယ်။ မိသားစုတစ်စုမှာ

တစ်ယောက်ပေါ့။ ဒုဥက္ကဋ္ဌတွေအားလုံးက

အလုပ်မှာ ဝင်ပါရမယ်။ ဝမ့်လုံက ဥက္ကဋ္ဌ။ ပြီးတော့

အထွေထွေမန်နေဂျာလည်း ဟုတ်တယ်။ ကျွန်မတို့

ကုမ္မဏီရဲ့ အရွယ်အစားက ကြီးတယ် ဟုတ်။ ရှင် ကြောက်သွားပြီမလား။ အရင်ကထက် အဆပေါင်းများစွာ ပိုကောင်းသွားပြီ "

ယွဲ့ရှောင်က ခေါင်းညိတ်လိုက်၏။

" အင်း။ ငါ လန့်သွားတာ။ မင်းမိသားစုရဲ့ ကုန်ကြမ်းဆိုင်ကရော။ ဘာကြောင့် ထပ်မလုပ်တော့တာလဲ "

" အရင်တုန်းက ကုန်ကြမ်းတွေ ဝယ်ရမလွယ်ဘူးလေ။ ဒါကြောင့် ကျွန်မတို့ မိသားစုက မတူညီတဲ့ ဈေးနှုန်းနဲ့ သေးငယ်တဲ့ ကုန်ကြမ်းဆိုင်လေးတွေကို သုံးနေနိုင်သေးတာ။ ဒါပေမဲ့ အခုမြို့က ချဲ့ထွင်လိုက်ပြီ။ တခြားမြို့က

ကုန်သည်တွေကလည်း တိုးဝင်လာပြီ။ အကျိုးအမြတ် ဝေစုတစ်ခု လိုချင်နေတာ။ ဆိုင်တွေ ပိုပိုများလာပြီး ဆိုင်ကြီးကြီးတွေ ဖြစ်လာမှာ။ စီးပွားရေးဆိုတာ အမြဲတမ်း ဒီလိုပဲ။ အကြီးကို စားလိုက်။ အသေးကို စားလိုက်ပေါ့ "

" ကျွန်မ အဖေက မိတ်ဆွေတချို့နဲ့ပဲ ပိုကြီးတဲ့ ကုမ္ပဏီတစ်ခု ဖွင့်နိုင်တာလေ။ ဒါပေမဲ့ အခုတော့ ကုန်ကြမ်းတွေ မဝယ်သေးတာ ပိုကောင်းဦးမယ်။ မြို့က လတ်တလောမှ ချဲ့ထွင်တာဆိုတော့ ကုန်သည်တွေ ရောက်လာခါစ ကုန်ကြမ်းတွေ အများစုက အပြည့်အဝ မရောက်သေးဘူး "

" ဒါပေမဲ့ လူဦးရေကလည်း တိုးလာတာပဲ။ သိုင်းပညာရပ်မျိုးစုံက အချိန်တိုအတွင်း ထောက်ပံ့ပေးနေတာ။ လတ်တလောမှာ ကုန်ကြမ်းအားလုံး ဈေးတက်လာတာ "

" မီးတောင်ထွတ်ကျောက်လို အရာမျိုးက လူတွေ သိပ်မလိုချင်တဲ့ ပစ္စည်းမျိုးပဲ။ ဒါကြောင့် ဈေးမတက်သွားတာလေ "

ယွဲ့ရှောင်က ခေါင်းညိတ်ပြီး ရှီတာ့မောင်က ထပ်ပြောလိုက်သည်။

" ဒါတွေကို ကျွန်မ ဘယ်နားထားရမလဲ။ အခု ရှင့်အတွက် ဖယ်ပေးမယ်။ ပြီးရင် တခြားပစ္စည်းတွေ ပို့စရာ ရှိသေးတယ် "

ယွဲ့ရှောင်သည် ခြံဝန်းထဲရှိ ရှင်းလင်းနေသော နေရာကို လက်ညှိုးထိုးပြလိုက်၏။

" အဲ့မှာ အရင်ထားလိုက်ဦး "

မီးတောင်ထွက်ကျောက်သည် ပစ္စည်းကောင်း မဟုတ်ပေ။ ထို့ကြောင့် ကျန်သည့်သူများ ခိုးယူမှာကိုကြောက်ရွံ့နေဖို့ မလိုပေ။

ခြံဝန်းထဲတွင် ထား၍ မရသောကြောင့် အပြင်ဘက်တွင် ထားလိုက်တာက အဆင်ပြေလိမ့်မည်။ မည်သည့်နည်းနှင့်မဆို ပြီးမှ သူသည် ၎င်းတို့ထဲမှ သိုလှောင်မှုစွမ်းအားကို ထုတ်မှာပဲ ဖြစ်သည်။

" ဟုတ်ပြီ။ အခု ရှင့်အတွက် ရွှေ့ပေးမယ်။ ဒါတွေ ရွှေ့ဖို့ ကူညီပေးစေချင်လား "

" မလိုဘူး။ ကျွန်မတို့ ကုမ္ပဏီက ကုန်ပစ္စည်းတွေကို တံခါးဝထိ ပို့ပေးပြီး ဝယ်သူတွေကို သူတို့ကိုယ်တိုင် အတင်အချ လုပ်ခွင့်ပေးမှာ မဟုတ်ဘူး။ ကျွန်မတို့ရဲ့ ဝယ်သူတွေကို လက်တစ်ချောင်းတောင် မြှောက်ခွင့်ပေးမှာ မဟုတ်တာ သေချာတယ်။ ကျေးဇူးပြုပြီး စစ်တမ်းဖောင်လေး ဖြည့်ပေးပါဦး။ ပြီးရင် မှတ်ချက်ကောင်းလေး ပေးဦးနော် "

သူမ ထိုသို့ပြောပြီးသည်နှင့် ရှီတာ့မောင်က အင်္ကျီလက်ကို လိပ်တင်ပြီး ယှဲ့ရှောင်၏

ခေါင်းထက် ပိုတုတ်သော လက်မောင်းကြီးများကို ထုတ်ပြလိုက်၏။

ဝက်ဝံကဲ့သို့ သူမ၏ ခန္ဓာကိုယ်ကြည့်ပြီး ယွဲ့ရှောင်က ထပ်မပြောတော့ပေ။ သူသည် သူမ၏ ကားထဲကနေ ဝယ်သူများ စိတ်ကျေနပ်မှု ရှိ မရှိ စစ်တမ်းကောက်ယူမှု ဖောင်ကို ယူလိုက်တော့၏။

" ဒါမလား "

" ဟုတ်တယ်။ အဲ့ဒီဟာ။ ကျွန်မပစ္စည်းတွေကို သယ်ပေးမယ်။ ရှင်က အဲ့ဒါကို ကျွန်မကို ကူဖြည့်ပေးပေး "

" ဟုတ်ပြီလေ "

ပြီးနောက် ယဲ့ရှောင်သည် စစ်တမ်းဖောင်ကို စဆင်ဖြည့်နေစဉ် ရှီတာ့မောင်က သူမ၏ စိတ်တက်ကြွသော အမူအယာဖြင့် မျက်လုံးပြူးကျယ်နေကာ ပစ္စည်းများကို လျင်မြန်စွာ ချပေးလိုက်၏။

ယဲ့ရှောင်သည် အချက်အလက်ဖောင်ကို ဖြည့်ပြီးသည့်အချိန်တွင် ရှီတာ့မောင်သည် တစ်ချိန်တည်းနီးပါး မီးတောင်ထွတ်ကျောက် အားလုံးနီးပါးကို ရွှေ့ပြီးသွားပြီ ဖြစ်၏။

ယင်းက ယဲ့ရှောင်ကို သိုင်းပညာရှင်တစ်ဦး၏ ခွန်အားအကြောင်း သက်ပြင်းချမိစေတော့၏။

မြေကမ္ဘာပေါ်တွင်ဆိုပါက

မီးတောင်ထွတ်ကျောက်အားလုံးကို ရှာဖွေရန် အနည်းဆုံး နှစ်ဝက်အချိန်ယူရပေလိမ့်မည်။

ရှီတာ့မောင်က မိနစ်အနည်းငယ်အတွင်း ရှာဖွေပြီးသွား၏။ ယင်းက တကယ် အံ့သြစရာကောင်းလှသည်။ သူက ဖြည့်ပြီးသွားသည့် ဖောင်ကို လှမ်းပေးလိုက်၏။

" ဒီမှာ ကြယ်၅ပွင့် ပေးလိုက်တယ်။ အထဲဝင်ပြီး လက်ဖက်ရည် သောက်ချင်လား "

" မလိုဘူး။ ကျွန်မရဲ့အဖေက အမျိုးသားစ်ယောက်အိမ်ထဲ လက်လွှတ်စပယ် ဝင်ခွင့်ပေးမှာ မဟုတ်ဘူး။ အထူးသဖြင့် ရှင့်ကို ကျွန်မတို့သတိထားရမယ်လို့ သူက ပြောတယ် "

" ... "

လောင်ရှိ၌ သူ ချန်ထားရစ်ခဲ့သော မှတ်ဉာဏ်များ ရှိနေဦးမည်ဟု သူ မထင်ထားပေ။

ထိုစဉ်က သူသည် အလွန်အားနည်းနေသေးပြီး ကျန်သည့်သူများက သူ၏ အထောက်အထားကို ရှာတွေ့သွားမှာကို သူ စိုးရိမ်ပူပန်ခဲ့၏။ ထို့ကြောင့် လောင်ရှိ၏ မှတ်ဉာဏ်များကို ပြုပြင်ကာ သူ့ကို ကုန်ပစ္စည်းများ ရောင်းချခြင်းကနေ ရထားသည့် ပိုက်ဆံကနေ သူနှင့် လောင်ရှိ လောင်းကစားပြုလုပ်ရင်းကနေ ရလာသည့် ပိုက်ဆံများဟူ၍ ပြောင်းခဲ့၏။ ထိုအချိန်မှစကာ လောင်ရှိသည် သူ့ကို သဘောကျခြင်း မရှိတော့ပေ။

သို့သော် ယင်းကလည်း ကောင်းပေ၏။ သူ့ကို နေ့စဉ်နေ့တိုင်း သမက်ဖြစ်အောင် ပြုလုပ်ရမည့်နည်းကို တွေးနေတာထက် ကောင်းသည်။

" ဒါဆိုရင် မင်းကို ထပ်မဆွဲထားတော့ဘူး။ ပြီးရင် ဝမ်တာ့လုံဆီကို ပိုက်ဆံလွှဲပေးလိုက်မယ် "

" ကောင်းပါပြီ နှုတ်ဆက်ပါတယ်"

ရှီတာ့မောင်က ကားပေါ်ခုန်တက်ပြီးနောက် ဂီယာကို လှည့်ကာ အရှိန်တင်လိုက်၏။ ကုန်တင်ကားကြီးသည် ယဲ့ရှောင်ဆီကနေ လျင်မြန်စွာ မောင်းထွက်သွားတော့၏။

သတ္တိရှိလိုက်တဲ့ အမျိုးသမီးပဲ။

ယွဲ့ရှောင်က ခေါင်းခါလိုက်မိ၏။ ပြီးနောက် သူ့ရှေ့ရှိ မီးတောင်ထွတ်ကျောက်ကို ကြည့်ပြီး

နှုတ်ခမ်းထောင့်က

အပြုံးတစ်ပွင့်အဖြစ်ကွေးတက်သွားတော့၏။

ငါ စတင် သန့်စင်လို့ရပြီ။

ခြံဝန်းထဲသို့ ပြန်ရောက်သည့်အချိန်တွင် နံရံကို ကြည့်မိရာ သူက မီးတောင်ထွတ်ကျောက်၏ လေဟာနယ်စွမ်းအင်များ အားလုံးကို ထုတ်ယူရန် နတ်ဘုရားလက်မှုပညာကို အသုံးပြုပြီး ထွင်းထုထားသော

နှစ်တစ်သောင်းသက်တမ်းရှိသည့် ဥက္ကာခဲသံရိုင်းထဲ ထည့်လိုက်လေ၏။

နှစ်တစ်သောင်းသက်တမ်းရှိ ဥက္ကာခဲကိုယ်တိုင်က လေဟာနယ်စွမ်းအင်ကို စုပ်ယူနိုင်သည့် လက္ခဏာ မရှိပေ။ သို့သော်ငြား ယွဲ့ရှောင်သည် ထိုအပေါ်၌ လေဟာနယ် နီလာခရမ်းတစ်ခု မြုပ်နှံထားလိုက်ရာ ထိုသို့သော စုပ်ယူနိုင်စွမ်း ရှိသွား၏။

သားရဲနတ်ဘုရား မဟာမိတ်ခေါင်းဆောင်၏ သိုလှောင်လက်စွပ်ထဲတွင် လေဟာနယ် နီလာခရမ်းအချို့ ရှိနေသေး၏။ သူတို့ကိုယ်တိုင်က လေဟာနယ်စွမ်းအင်ပမာဏများစွာ ပါဝင်သည်။

ယှဲ့ရှောင်သည် သူတို့နှစ်ခုကြား
လေဟာနယ်စွမ်းအင်ကို သိပ်သည်းလိုက်တော့၏။

မျက်တောင်တစ်ခတ်အတွင်း၌ အစွမ်းထက်သည့်
ကွင်းက လေဟာနယ် ချဲ့ထွင်နိုင်သည့် စွမ်းအင်ဖြင့်
စွမ်းအားကြီးသည့် ကွင်းသည်
ပြီးပြည့်စုံသွားတော့၏။

ယှဲ့ရှောင်၏ တွက်ချက်ထားမှုအရ အရွယ်အစားဖြင့်
ပေဖဝဝရာခန့် ရှိသည့် တောင်ကုန်းတစ်ခုထက်
မြင့်မားပေသည်။ ယင်းက သိပ်မကြီးသော်ငြား
လုံလောက်နေပြီ ဖြစ်သည်။

ရှေးဦးစွာ သူသည် ခုခံရန်အတွက် မြေကမ္ဘာခွင်း
ကောင်းကင်ခုနှစ်စင်ကြယ် အစီအရင်ကို

ထိန်းချုပ်လိုက်ပြီးနောက် ဝိညာဉ်စွမ်းအင် စုပ်ယူရန်အတွက် ကောင်းကင်ကွမ်းလျှန် ခမ်းနားခြင်းအစီအရင်ကို ရေးဆွဲလိုက်၏။

ပြီးနောက် အတွင်းသို့ မြေဆီလွှာများ ထည့်ပြီးနောက် တောင်အတုများကိုလည်း ထည့်လိုက်တော့သည်။

သဘာဝရတနာများအားလုံးသည် နေ့စဉ်နေ့တိုင်း နေရောက်အောက်တွင် နေထိုင်ရန် မလိုအပ်သောကြောင့် ဖြစ်သည်။ အရိပ်ထဲ၌ ပေါက်ရောက်ရန် လိုအပ်သည့် သဘာဝရတနာများလည်း ရှိ၏။ လရောင်ကို သူတို့က ပိုနှစ်ခြိုက်ကြသည်။

ထို့အပြင် မြေအောက်ထဲတွင် မြှုပ်နိုင်ရန် လိုအပ်သည့် အရာများတောင် ရှိသည်။

ယွဲ့ရှောင်က ပျားရည်ကိုသုံးပြီး ဝိုင်ချက်ချင်သည်ဆိုပါက ထူးခြားသည့် ပတ်ဝန်းကျင်လည်း လိုအပ်၏။ သူက ၄င်းကို တောင်တစ်ခုထဲတွင် မြှုပ်နှံပြီးနောက် ဝိညာဉ်စွမ်းအင်များ ပိုမိုစုစည်းရန် ဝိုင်ချက်ဖို့ အစီအရင်တစ်ခု ရေးဆွဲလိုက်သည်။

ယွဲ့ရှောင်သည် သုံးညလုံးလုံး အလုပ်လုပ်နေပြီးနောက် နောက်ဆုံးတွင် စိုက်ပျိုးတာ အပါအဝင် အားလုံး ပြီးစီးသွားတော့၏။

ထိုစဉ် တုချန်ဖုန်းဘက်တွင်လည်း စတင်
ခေါင်းကိုက်လာတော့သည်။ မြို့၏ ချဲ့ထွင်မှုသည်
မြို့ကို ချဲ့ထွင်ခြင်း ဖြစ်ရုံသာမက
အစီအရင်အချို့ကိုလည်း
တည်ဆောက်ရသောကြောင့် မရိုးရှင်းပေ။ ၄င်းက
မြို့သို့ သိုင်းပညာရှင်များကိုလည်း
ရောက်လာစေ၏။ လူများစွာက ရုတ်တရက်
ဝင်လာ၏။ ပြဿနာမျိုးစုံက တိုးလာသည်။

လူသားများ၏ အသက်ရှင်နေထိုင်မှု။

သိုင်းပညာအရင်းအမြစ်များ။

မည်သည်ကိုမှ လွှဲချော်ခံ၍ မရပေ။

ယင်းက ပြဿနာကြီးတစ်ရပ် ဖြစ်နေ၏။

မြို့၏ သိုင်းပညာ အရင်းအမြစ်က မလုံလောက်ပေ။

လက်နက်၊ ကုန်ကြမ်း၊ ဆေးလုံး၊ အဂ္ဂရိတ်ကိရိယာများ။ အားလုံးက ပြတ်လက်နေ၏။ ထိုပစ္စည်းများ၏ တန်ကြေးများကတောင် မြင့်တက်လာတော့သည်။

စီရင်စုဇုခုမဟာမိတ်သည် ထိုမျှ များပြားသည့် အရင်းအမြစ်များကို တစ်ခါမှလည်း မစစ်ဆေးနိုင်သောကြောင့် မကူညီနိုင်တာ ဖြစ်၏။ မြို့၏ စုစည်းမှုအတွက် နာကျင်ရသည့် ကာလဖြစ်သည်။

" မြို့တော်ဝန် ဒီနေ့ မြို့ရဲ့ မြောက်ဘက်မှာ သိုင်းပညာရှင်တွေ တိုက်ခိုက်ကြတယ်"

" ဘာဖြစ်လို့လဲ "

" အရင်းအမြစ် ပြဿနာကြောင့်ပါပဲ။ အတော်ကောင်းကောင်း လုပ်ထားတဲ့ သာမန်းတီးဓါးကို လုဖို့အတွက် သူတို့တွေက ရိုက်နှက်နေကြတာ။ သူတို့ထဲက တစ်ယောက်က ဒဏ်ရာပြင်းလို့ ဆေးရုံ ပို့လိုက်ရပါပြီ "

တုချန်ဖုန်းသည် ထိုစကားကို ကြားသည့်အချိန်၌ ခေါင်းပေါက်ကွဲတော့မည်ဟု ချက်ချင်း ခံစားလိုက်ရသည်။

အပိုင်း ၂၆၃ ပြီး၏။

စာကြည့်တိုက် တာအိုသခင်

အပိုင်း ၂၆၄ မျိုးကောင်းမျိုးသန့်။

" အရင်းအမြစ်တွေ။ ထပ်ပြီးတော့ အရင်းအမြစ် ဖြစ်ပြန်ပြီ။ ဒီလူတွေရဲ့အာသီသကို ကျေနပ်စေဖို့ ငါတို့တွေ အရင်းအမြစ် ဘယ်လောက်များများ လိုအပ်နေတာလဲ "

အတွင်းရေးမှူးက နှစ်သိမ့်လိုက်၏။

" ဆရာ စိတ်သိပ်ပူဖို့ မလိုပါဘူး။ မြို့ပေါင်းများစွာ ရုတ်တရက် ပေါင်းစည်းလိုက်တာက လူဦးရေ အများကြီးကို ဆောင်ယူလာမိတာပဲ။ ဒီတော့ အရင်းအမြစ် လိုအပ်ချက်က ပိုကြီးမားလာမှာ သေချာတယ်။ ဒီကာလလွန်သွားရင် အဆင်ပြေသွားမှာပါ။ ကုန်သည်တွေ အများကြီးကို ဆက်သွယ်ပြီး တတ်နိုင်သမျှ မြန်မြန် တခြားနေရာတွေဆီကနေ အရင်းအမြစ် အမြောက်အမြား ပို့ဆောင်ဖို့ သူတို့ကို ပြောပြီးပါပြီ "

" အရင်းအမြစ်ပြဿနာကို ဖြေရှင်းနိုင်ဖို့ အချိန် သိပ်မလိုတော့ပါဘူး "

" တတ်နိုင်သမျှ မြန်မြန် ဖြေရှင်းဖို့ ပြောလိုက်။ သူတို့အတွက် ငါ ပေါ်လစီကို ဖြေလျှော့ပေးမယ်လို့ ပြောလိုက် "

" နားလည်ပါပြီ "

အတွင်းရေးမှူးက ထွက်သွား၏။ တုချန်ဖုန်းကတောင် စိတ်ဓာတ်ကျသွားတော့သည်။

သူသည် အနည်းငယ် အင်အားကင်းမဲ့မှုကို ခံစားနေရပြီး ဖြစ်၏။ မြို့လေးတစ်မြို့ကို အုပ်ချုပ်ရခြင်းနှင့် မြို့ကြီးတစ်မြို့ကို အုပ်ချုပ်ရခြင်းကြား ကွာဟချက်က အသေးအမွှား မဟုတ်ပေ။

အစတည်းက ကောင်းကောင်းမွန်မွန်
မဆောင်ရွက်ထားလျှင် ဗရမ်းဗတာ ဖြစ်သွားနိုင်၏။
အထူးသဖြင့် လူသားများ၏ အသက်သွေးကြောနှင့်
သိုင်းပညာရပ် အရင်းအမြစ်များသည်
အရေးကြီးဆုံး ပြဿနာရပ်များ ဖြစ်သည်။

လူသားများ၏ အလုပ်အကိုင်က အဆင်ပြေ၏။
ကျန်သည့်မြို့များကနေ စားစရာများ ပို့ဆောင်ရတာ
လွယ်ကူသည်။ သို့သော်ငြား သိုင်းပညာ
အရင်းအမြစ်များကို  ပို့ဆောင်ဖို့က မလွယ်ကူချေ။

ယင်းက သူတို့၏ အမှား မဟုတ်ပေ။အကြောင်းမှာ
ယင်းသည် လောကကြီး၏ နည်းလမ်းပဲ ဖြစ်သည်။
အရင်းအမြစ်များက ကန့်သတ်ခံထားရ၏။

ဆေးလုံးများ၊ လက်နက်များဖြစ်စေ၊ ဆေးလုံးများ ဖော်စပ်ရန် အသုံးပြုသည့် ကုန်ကြမ်းများဖြစ်စေ၊ လက်နက်များ သွန်းလုပ်ရန် အသုံးပြုသည့် ပါဝင်ပစ္စည်းများဖြစ်စေ ၄င်းတို့က လူသားမျိုးနွယ်၏ လက်ရှိ လိုအပ်ချက်အတွက် ပြည့်မှီနိုင်ဖို့ ဝေးကွာလွန်းနေသည်။

ကျန်သည့် မြို့များကလည်း ယခုအချိန်တွင် အတော်လေး တည်ငြိမ်နေသေး၏။ သို့သော်ငြား သူတို့က အရေအတွက် မြောက်မြားစွာ ထုတ်ပြခဲ့လျှင် အရင်းအမြစ် ပြတ်လက်မှု ဖြစ်စေနိုင်၏။ ယင်းက စျေးနှုန်း အလွယ်တကူ

မြှင့်တက်သွားစေနိုင်ကာ ထိုအချိန်ရောက်လျှင် ဒုက္ခများစွာ ရနိုင်၏။

ထို့ကြောင့် သူတို့သည် ဤပစ္စည်းများကို ပြောင်ပြောင်တင်းတင်း ရွှေ့ပြောင်းမှာ မဟုတ်ပေ။

စီရင်စု ၉ခု မဟာမိတ်ကလည်း ကူကယ်ရာမဲ့နေ၏။ အလွန်ဆုံးမှ သူတို့သည် မဟာမိတ်ကနေ အရင်းအမြစ်အချို့ကိုသာ ရွှေ့ပြောင်းနိုင်လိမ့်မည်။ သို့သော် ကျန်သည်ကတော့ ဒေသခံကုန်သည်များကိုသာ မှီခိုအားထားရမည့် လူသားမျိုးနွယ်နှင့် သက်ဆိုင်သည့်အရာက ရှုပ်ထွေးလွန်းလှသည်။ အဆုံးတွင်မူ

နောက်ဆုံးတော့ အကြောင်းအရင်းက ကျင့်ကြံရန်
အရင်းအမြစ် မလုံလောက်ခြင်းပဲ ဖြစ်သည်။

တုချန်ဖုန်းက ယခုအချိန်တွင် ကောင်းကင်
နှင့် မြေကြီး၏ ရတနာမျိုးစုံကို စိုက်ပျိုးနိုင်သော
ရွှေတောင်ငွေတောင်ကြီးတစ်ခု ရှိချင်လာ၏။
နောင်ကြ ယင်းက တောင်ပေါ်၌ သန့်စင်ထားသော
ကုန်ကြမ်းမျိုးစုံ ရှိလိမ့်မည်။ မရေမတွက်နိုင်အောင်
ရှိနေပြီး သူမည်မျှ ပင်ပန်းနွမ်းနယ်စေကာမူ
သူတို့အားလုံးကို တူထုတ်နိုင်မှာ မဟုတ်ပေ။
ထိုသို့သာဆိုပါက သူသည် ဤကဲ့သို့
ခေါင်းကိုက်နေရမှာ မဟုတ်ပေ။

အမှန်တကယ်တွင် ရွှေတောင်ငွေတောင် တစ်ရာကို မဆိုထားနှင့်။ ပစ္စည်းများ ပြည့်နေသော တောင်တစ်တောင်ကတောင် သူ၏ ရေဆာမှုကို ဖြည့်ဆည်းပေးနိုင်သော ချိုမြိန်သော စွမ်းရည်ဖြစ်ပြီး သူ့အတွက် အသက်ကယ်ဆေးဖြစ်၏။

ယွဲ့ရှောင်ဘက်တွင်မူ ညအနည်းငယ် အလုပ်များနေပြီးနောက် စိုက်ပျိုးရေးခြံသည် နောက်ဆုံး၌ သင့်တင်သော အချိန်သို့ ရောက်ရှိလာ၏။

ပေ၆၀၀ခန့် မြင့်မားသော တောင်တစ်ခုလုံး၌ ပစ္စည်းများ ပြည့်နေလေ၏။

အစီအရင်ကြောင့် သဘာဝရတနာများသည် ဝိညာဉ်စွမ်းအင်များကို အလွန်လျင်မြန်စွာစုပ်ယူနေ၏။ အနောက်တောင် ပင်လယ်ကမ်းခြေ တောအုပ်ထဲတွင် ရှိစဉ်ကထက် ပိုမြန်ဆန်၏။ အကြောင်းမှာ ပင်လယ်ကမ်းခြေ တောအုပ်ထဲ၌ နဂါးသွေးကြောတစ်ခု ရှိသော်ငြား အနောက်ဆောင် ပင်လယ်ကမ်းခြေ တောအုပ်၏ ဧရိယာက ကြီးမားလွန်းနေသည်။

နဂါးသွေးကြောသည် ဝိညာဉ်စွမ်းအင် အကျယ်အဝန်းတစ်ခုကိုသာ စုပ်ယူနိုင်ပြီး ၎င်းကို အနောက်တောင် ပင်လယ်ကမ်းခြေ တောအုပ်ထဲ၌

စုဝေးလေ၏။ ကျန်သည်က

သဘာဝရတနာများသည် သူ့တို့ဘာ့သာ

ကျင့်ကြံရန် လိုအပ်သည်။

ထိုအရှိန်က အမှန်တကယ် မမြန်ဆန်ပေ။

အကြောင်းမှာ ကောင်းကင်နှင့် မြေကြီး၏

ရတနာများ စုပ်ယူသည့် ၄င်းနှင့် ဆက်နွှယ်သည့်

အရှိန်က မမြန်ဆန်သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဆိုရလျှင် သူတို့၏ ဝိညာဉ်အသိအာရုံ

မဖွင့်ခင် သူတို့သည် အစာကွင်းစက်၏

အနိမ့်ဆုံးအဆင့်တွင် ရှိနေပြီး သာမန်အပင်များသာ

ဖြစ်၏။

နေနှင့်လ၏ အဆီအနှစ်ကို စုပ်ယူပြီးနောက်
သူတို့သည် လူသားများနှင့်
ကြယ်တာရာသားရဲများ၏ ပြီးပြည့်စုံသော
အသိစိတ်ကို ပိုင်ဆိုင်လာတာပဲ ဖြစ်သည်။

ယင်းက ကျန်သည့်သူများ ဉာဏ်ရည် စရလာသည့်
အချိန်နှင့် ဆင်တူ၏။ သို့သော်ငြား အသိစိတ်
အနည်းအကျင်းသာ  ရရှိတာ ဖြစ်သည်။
စတင်သည့် မျဉ်းက ကျန်သည့်သူများထက်
နိမ့်နေပြီးသား ဖြစ်၏။

ယခုအချိန်တွင် ယဲ့ရှောင်က ဤနေရာ၌
အစီအရင်တစ်ခု တည်ဆောက်ထား၏။
အရာအားလုံးက မတူညီတော့ပေ။ ထိုရေိယာက

အလွန်သေးငယ်သည့် ဝိညာဉ်စုစည်းခြင်း
အစီအရင်က အလွန်အားကောင်း၏။

ထို့ကြောင့် ဝိညာဉ်စွမ်းအင်
သိပ်သည်းလွန်းသောကြောင့် ဝိညာဉ်စွမ်းအင်ကို
၄င်းစုပ်ယူသည့်အချိန်တွင် ကောင်းကင်နှင့်
မြေကြီး၏ ရတနာများသည် သူတို့ဘာသာ ၄င်းကို
မစုပ်ယူချင်လျှင်တောင် သူတို့ ခန္ဓာကိုယ်က ၄င်းကို
ရှူးသွပ်စွာ စုပ်ယူနေကြမှာပဲ ဖြစ်သည်။

ရလာဒ်က ဓာတ်မြေသြဇာ
ထည့်ပေးလိုက်သည့်ပမာ မြန်ဆန်သည့်အရှိန်ဖြင့်
ပေါက်ရောက်လာတော့၏။

မိုးနှင့်မြေရတနာများက စတင်မြင့်တက်လာ၏။

နှစ်နှစ်ရာသက်တမ်းရှိ ချင်စင်း၊ နှစ်လေးရာသက်တမ်းရှိ လင်ဇီး၊ နှစ်ငါးရာသက်တမ်းရှိ ဂျင်ဆင်း။ လိုချင်သမျှ အရာအားလုံးရှိပြီး အသုံးပြု၍ မရနိုင်ပေ။

ကောင်းကင်နှင့် မြေကြီး၏ ရတနာများက သူတို့ပေါက်ရောက်သည့် နှစ်ကို ပြောနေတာ မဟုတ်ပေ။ သဘာဝရတနာများကို နှစ်ဖြင့် ဆုံးဖြတ်တာ မဟုတ်ပဲ ကိုယ်ထည်၏ ကျင့်ကြံမှုအဆင့်ဖြင့် ဆုံးဖြတ်တာပဲ ဖြစ်သည်။ ဥပမာအနေဖြင့် ဂျင်ဆင်းသည် ညတွင်းချင်း ကျင့်ကြံနိုင်ပြီး သာမန် ဂျင်ဆင်းသည်

တစ်နှစ်တွင်သာ ကျင့်ကြံနိုင်၏။ ယင်းက တစ်နှစ်သက်တမ်းရှိသည့် ဂျင်ဆင်းဟု ခေါ်လိမ့်မည်။

၄င်းက တစ်ညအတွင်း နှစ်တစ်ရာ ကျင့်ကြံမှု ကျင့်ကြံနိုင်ခဲ့လျှင် ၄င်းက နှစ်တစ်ရာ ဂျင်ဆင်းနှင့် ညီမျှ၏။

ယွဲ့ရှောင်က တောင်ထွတ်ပေါ်တွင် မတ်တပ်ရပ်နေလျက် သူ စိုက်ပျိုးထားသော သဘာဝ ရတနာများစွာကို ကြည့်လိုက်၏။ သူ၏ စိတ်အခြေအနေက အတော်လေး သက်သောင့်သက်သာ ဖြစ်နေသည်။

ထို မွေးမြူရေးကွင်းဖြင့် သူသည် နောင်ကြ သဘာဝရတနာများကို စိုးရိမ်ပူပန်ရန်

မလိုအပ်တော့ချေ။ ဤနည်းဖြင့်
မွေးမြူရေးခြံဖြစ်စေ၊ လက်ရှိလယ်ကွင်းဖြစ်စေ
ယွဲ့ရှောင်သည့် အရာအားလုံးကို ပြီးပြည့်စုံအောင်
ချမှတ်ထားပြီးပြီ ဖြစ်၏။ သူသည် နောင်ကြ
အမျိုးအစား ဆက်လက် တိုးမြှင့်သရွေ့
အဆင်ပြေသွားလိမ့်မည်။

သို့သော် ထိုမွေးမြူရေးခြံကိုမူ
သေချာပေါက်အနည်းငယ် ချဲ့ထွင်ရပေမည်။

လယ်ကွင်းသည် လယ်ကွင်းတစ်ခု မဟုတ်ပေ။
လယ်စိုက်ရန်အတွက် လိုအပ်သည့် မြေသည်
ကြယ်တာရာသားရဲများ လိုအပ်တာထက် ပိုများ၏။

ကြယ်တာရာသားရဲမျှားကို အတန်းလိုက်
ဒေါင်လိုက် ထားနိုင်၏။ သူတို့ကို တစ်ကောင်ကို
အပေါ်တွင်ထား။ တစ်ကောင်ကို အောက်ကိုထား။
တစ်ကောင်ကို အလယ်တွင် ထားနိုင်၏။ သို့သော်
ယာစိုက်ခြင်းက မလုံလောက်ပေ။ ယာတစ်ကွက်၌
သဘာဝရတနာအများစုသည် နေရောင်ကို
စုပ်ယူရန်အတွက် နေရာ
လုံလုံလောက်လောက်တစ်ခု လိုအပ်သည်။

ယှဲ့ရှောင်သည် နေ့စဉ်နေ့တိုင်း သူ
ရရှိမည့်အရင်းအမြစ် ပမာဏများစွာကို
တွက်ချက်ထားပြီး ဖြစ်၏။ ထို့ကြောင့် သူသည်
ထိုအရင်းအမြစ်များထဲမှ အချို့ကို

ကြယ်တာရာသားရဲများနှင့် ဆေးလုံးသန့်စင်
ဖော်စပ်ရာ၌ ရင်းနှီးမြုပ်နှံသည့်
နည်းလမ်းတစ်ခုလုံးဖြင့် ချွင်းချက်မရှိ
အာနိသင်ရှိစေပြီး သူ၏ ရှင်သန်နိုင်စွမ်းကို
သေချာစေပြီး မှန်မှန်လေး မြင့်တက်စေလိမ့်မည်။

သူ ထိုအရာအားလုံးကို ပြုလုပ်ပြီးနောက်
ယွဲ့ရှောင်သည် အိပ်ယာထဲ ပြန်သွားလိုက်၏။
ဖုန်းထုတ်ကာ နောက်ဆုံးသတင်းများကို
ကြည့်လိုက်၏။ သတင်းများက
ပြဿနာတစ်ရပ်အကြောင်း ပြောနေသည်။
အရင်းအမြစ်များ။

လူအများစု ပြောနေသည်က
သိုင်းအရင်းအမြစ်များအကြောင်းပဲ ဖြစ်သည်။
သိုင်းအရင်းအမြစ် ချို့တဲ့ခြင်းဖြင့်
ပြဿနာရပ်များစွာ ပေါ်လာ၏။ ယှဲ့ရှောင်သည်
ထူးမခြားနားသာ ကြည့်နေလေ၏။

သူ၌ အရင်းအမြစ်များစွာ ရှိ၏။ သို့သော် ၎င်းတို့ကို
သူ ကိုယ်တိုင် အနောက်တောင် ပင်လယ်ကမ်းခြေ
တောအုပ်ကနေ ယူလာခဲ့တာပဲ ဖြစ်သည်။ သူသည်
လူကောင်းတစ်ယောက်လုပ်ပြီး အားလုံးကို
သူများကို မပေးနိုင်သည် မဟုတ်ပါလော။ ယင်းက
ရက်ရောတာ မဟုတ်ပဲ စက်ဆုတ်ဖွယ်
ကောင်းခြင်းသာ ဖြစ်သည်။

ကြယ်တာရာသားရဲမျှား ကျူးကျော်လာခဲ့လျှင်
လူများစွာ သေလိမ့်မည်။ သူ၌ ခွန်အား ရှိလျှင်
သူက မကူညီခဲ့ပါက ရပ်ကြည့်ခြင်းက
သွေးအေးပြီး နှလုံးသားမဲ့ရာ ရောက်လိမ့်မည်။
သူ၏ မျိုးနွယ်ကို ကြယ်တာရာသားရဲမျှားစွာ
သတ်နေတာ ကြည့်နေရလိမ့်မည်။

သို့သော်ငြား အရင်းအမြစ်
ပြဿနာကသေရေးရှင်ရေး မဟုတ်ပေ။
အလွန်ဆုံးမှ သူတို့ တစ်ရက်နှစ်ရက် ကြာပြီးမှ
ကျင့်ကြံနိုင်သည်။ သို့သော် ကျန်းဟိုင်မြို့၏
ဝိညာဉ်စွမ်းအင်က ကြွယ်ဝလာ၏။ သူတို့သည်
ကျန်းဟိုင်မြို့တွင် ကျင့်ကြံခြင်းက

ကျန်သည့်နေရာများတွင် ကျင့်ကြံခြင်းထက် ပိုမြန်ဆန်၏။ အရင်းအမြစ် လုံလောက်မှုဖြင့် သူတို့က ပိုတောင် မြန်မြန်ဆန်ဆန် ကျင့်ကြံနိုင်လိမ့်မည်။

နောက်ထပ် ပြဿနာတစ်ရပ် ရှိသည်။ သူ အနောက်တောင် ပင်လယ်ကမ်းခြေတောအုပ်ကနေ သယ်လာသော ပစ္စည်းများက ပစ္စည်းကောင်းများ ဖြစ်၏။

ထို့ကြောင့် သာမန်သိုင်းပညာရှင်များသည် ၎င်းတို့ကို အသုံးမပြုနိုင်ပေ။

သူတို့၏ လက်ရှိခွန်အားက နိမ့်ပါးလွန်းနေ၏။ သူတို့သည် ဆေးလုံးများ သန့်စင်ရန် အမှိုက်သာသာ

ပစ္စည်းများကိုသာ အသုံးပြုနိုင်၏။ သူတို့သည် ထိုကောင်းမွန်သည့် ကုန်ကြမ်းများကို အသုံးပြုပြီး ဆေးလုံးများသန့်စင်ခဲ့မည်ဆိုလျှင် သူတို့ ခန္ဓာကိုယ်က ခံနိုင်ရည်ရှိပြီး အကန့်အသတ်ကို ကျော်လွန်သွားမည်ဖြစ်ကာ သူတို့ခန္ဓာကိုယ်ကိုတောင် ပျက်စီးစေနိုင်၏။

အခြေအနေမဆိုးလျှင် သူတို့၏ ချီသွေးကြောများ ပျက်စီးပြီး ပြင်းထန်လျှင် သေတောင်သေနိုင်၏။

တစ်ခါတစ်ရံတွင် ကောင်းမွန်လွန်းသည့် ပစ္စည်းသည် အားနည်းသော သိုင်းပညာရှင်တစ်ယောက်အတွက် ပစ္စည်းကောင်း မဟုတ်ပေ။ ယင်းက အဆိပ်တောင် ဖြစ်သွားနိုင်၏။

ဆိုရိုးစကားရှိသည့်အတိုင်း အားနည်းသော ခန္ဓာကိုယ်သည် အားဆေးများကို ခံနိုင်ရည် မရှိပေ။ ယင်းက အကြောင်းအရင်းပဲ ဖြစ်၏။ ထိုသို့တိုင် ယွဲ့ရှောင်သည် သူတို့ကို မျက်နှာသာ ပေးချင်ပေ၏။

ယွဲ့ရှောင်သည် မွေးမြူရေးကွင်းထဲရှိ ကြယ်တာရာသားရဲများ၏ ခွန်အားကို တိုးမြှင့်ပေးရန် ထိုကုန်ကြမ်းများကို အသုံးပြုရမည်။ ကျန်းဟိုင်မြို့တွင်းရှိ ဝိညာဉ်စုစည်းခြင်း အစီအရင်သည် ပိုသန်မာလာပြီး ဝိညာဉ်စွမ်းအင် စုပ်ယူညှို့နှုန်း ပိုမြန်ဆန်လာတာ ထိုအကြောင်းအရင်းကြောင့်ပဲ ဖြစ်သည်။

ဤနည်းဖြင့် သူတို့ကဲ့သို့ သိုင်းပညာရှင်များက ယွဲ့ရှောင်၏ မျက်နှာသာပေးမှုကို ရရှိသေးသည်။

တစ်ချိန်တည်းတွင် အနောက်အရပ် တောအုပ်ထဲတွင် မှောင်မည်းနေသော ဘုရားကျောင်းထဲ၌ အရိပ်တစ်ရိပ် ပေါ်လာ၏။ ထိုအရိပ်က ပေါ်ပေါက်လာမှုသည် ရုတ်ချည်း ဆန်လွန်းသည်။ ရုတ်တရက် ဆန်လွန်းသောကြောင့် လူအများက သတိမပြုမိပေ။ မည်သည့်အချိန်က ရောက်လာမှန်းတောင် မသိကြပေ။

ထိုလူ ပေါ်ပေါက်လာပြီးတော့မှ မိနစ်အနည်းငယ်အကြာတွင် သူ၏ တည်ရှိမှုကို တခြားသူများ ရှာတွေ့သွားတာပဲ ဖြစ်သည်။

ချက်ချင်းပင် အမှောင်ထုထဲရှိ အရိပ်များစွာက ပြေးထွက်ပြီး သူ့နား ဝိုင်းလိုက်ကြ၏။

အင်မတန် သန်မာသော သတ်ဖြတ်ခြင်းဆန္ဒက ထွက်ပေါ်လာ၏။ အမှောင်ထုထဲရှိ အရိပ်များသည် လင်းနို့တောင်ပံနှင့် အစွယ်များရှိသည့် သားရဲလူသားများ ဖြစ်ကြ၏။

သူတို့၏ သူငယ်အိမ်များက အနီတောက်တောက်အဖြစ် ပြောင်းသွားပြီ ဖြစ်သည်။ သူတို့သည် ကြယ်တာရာသားရဲများအဖြစ် အပြည့်အဝ ပြောင်းခါနီးပြီဆိုတာ သိသာ၏။ ပိုတောင်

ကြောက်မက်ဖွယ် ကောင်းသည်က သူတို့
ဖြာထွက်နေသော အရှိန်အဝါပဲ ဖြစ်သည်။

ရောင်ဝါတိုင်းက လေးလံလွန်းသောကြောင့်
အသက်ရှူရ ခက်ခဲစေသည်။ လူတစ်ယောက်၏
ရင်ဘတ်ပေါ် ကြီးမားသည့်တောင်တစ်တောင်
ဖိချလာသည့်ပမာ ခံစားနေရ၏။

ဤနေရာရှိ ပုံရိပ်တိုင်းက ခွန်အား
အနိမ့်ဆုံးအဆင့်တွင် ရှိ၏။ သူတို့သည် ရှန်းထျန်း
တတိယအဆင့် ချီရှန်း အဆင့်တွင် ရှိကြ၏။
အသန်မာဆုံးသည် မဟာချီရှန်းအဆင့်တွင် ရှိ၏။

နှစ်ယောက်ကဆို ရှန်းထျန်းသတ္တမအဆင့်
အံ့ဖွယ်ချီရှန်းအဆင့်သို့ ရောက်နေပြီ ဖြစ်သည်။

တောအုပ်ထဲရှိ သေးငယ်ပြီး မှောင်မည်းသော ဘုရားကျောင်းလေးထဲ၌ ထိုမျှ များပြားသော သားရဲလူသားများ ပုန်းနေလိမ့်မည်ဟု မည်သူမှ မထင်ထားပေ။ သူတို့က သိပ်ကို အစွမ်းထက်လွန်း၏။

" မင်း ဘယ်သူလဲ။ သွေးမျိုးနွယ်ရဲ့မွန်မြတ်တဲ့ မြေထဲ ရာရာစစ ကျူးကျော်တယ်ပေါ့။ ဒီနေရာကို မသိဘူးလား။ သွေးမျိုးနွယ်ကလွဲရင် ဒီနေရာကို ဘယ်သူ့မှ ဝင်ခွင့် မရှိဘူး "

ထွားကြိုင်းသန်မာသည့် လူရိပ်က လက်နောက်ပစ်ထားလျက် သူတို့ကို ကြည့်တောင် မကြည့်ပေ။

" ငါ့ရဲ့ မိတ်ဆွေဟောင်းကို ရှာနေရုံပဲ။ မင်းတို့က
သူ့ရဲ့ လက်အောက်ငယ်သားတွေဆိုတော့ မင်းတို့
အသက်ကို ချမ်းသာပေးမယ်။ ထွက်သွား "

ထိုစကားလုံးများထဲ၌ စိတ်ခံစားချက် ဆိုးဆေးများ
မပါရှိပေ။ သူတို့က သိုင်းပညာရှင်များမဟုတ်ပဲ
ပုရွက်ဆိတ်များပမာ ဖြစ်နေပြီး သူ အလေးထား
ဆက်ဆံခံရရန် မထိုက်တန်သလိုပင်။

သွေးမျိုးနွယ်နှင့် သားရဲလူသားများ၏
မျက်လုံးများက အေးစက်ကုန်၏။

" မိတ်ဆွေ။ ခင်ဗျားရဲ့ စိတ်က နည်းနည်း
မကြည်လင်ဘူးနဲ့ တူတယ်။ ခင်ဗျားရဲ့

မောက်မာထောင်လွှားမှုက ခင်ဗျား

အသက်ဆုံးရှုံးခြင်းကို ဖြစ်စေမှာပဲ "

" မိတ်ဆွေလား "

လူထွားကြီး၏ နှုတ်ခမ်းထောင့် အနည်းငယ်

ကွေးတက်သွား၏။ ခဏအကြာတွင် သူ၏

မျက်လုံးက အနည်းငယ် လှုပ်ရှားသွားလျက်

ဒေါသတကြီး ဟိန်းဟောက်လိုက်တော့သည်။

ဝေါင်း။

မိုးနှင့်မြေကို လှုပ်ခါသွားစေသော

ကျားတစ်ကောင်၏ ဟိန်းဟောက်သံပဲ ဖြစ်သည်။

ထိုဟိန်းသံကို ကြသောအခါ နောက်တစ်စက္ကန့်၌
သားရဲလူသားများအားလုံး ဖျက်ဆီးခံလိုက်ရပြီး
နေရာမှာတင် သွေးမြူအဖြစ်
ပေါက်ကွဲသွားတော့၏။

ရှန်းထျန်း သတ္တမအဆင့်
အံ့ဖွယ်ချီရှန်းနှစ်ဦးကတောင် ခွင်းချက် မဟုတ်ပေ။
အသံတစ်သံ။ ဟိန်းသံတစ်ချက်မျှဖြင့်
သန်မာသူများစွာကို ချက်ချင်း သတ်ဖြတ်ပစ်ခဲ့၏။
ထိုကဲ့သို့ကြောက်မက်ဖွယ်ကောင်းသော
မြင်ကွင်းက တောင်တစ်တောင်လုံးကို
အကြောက်တရား အငွေ့အသက်များ
ဖြာထွက်နေစေ၏။

တောင်ကြားထဲကနေ မရေမတွက်နိုင်သော
အရိပ်များ ပြေးထွက်လာပြီး  ထိုအရိပ်များသည်
သွေးမျိုးနွယ်မှ သားရဲလူသားများပဲ ဖြစ်သည်။

အပိုင်း ၂၆၄ ပြီး၏။

BOOK . 14 // The End.